

www.burmeseclassic.com
အောင်မြင်
စာပေ
ပါးလ်ခင်ခင်
လုံးချင်းဝတ္ထုသစ်
ပါးလ်ခင်ခင်
ချစ်သူပေးတဲ့ဆုလက်ဆောင်
မြပုလဲခင်
ကလောင်ခွဲ
www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၃

ပါးလ်ခင်ခင်

ချစ်သူပေးတဲ့ ဆုလက်ဆောင် / ပါးလ်ခင်ခင်။ – ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၀၉။

၂၃၂ – စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။

(၁) ပါးလ်ခင်ခင်



**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ် ၅၀၀၅၃၈၀၄၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၆၂၃၀၅၀၉

**ထုတ်ဝေသူ**

ဦးအောင်မြင့်၊ အမှတ်(၇)၊
သီတာလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

**ဖြန့်ချိရေး**

အောင်မြင်စာပေ၊
အမှတ်(၃)၊
အောင်ဘာလေလမ်း၊
ကျောက်မြောင်း။

ပထမအကြိမ်၊ ၂၀၀၉ ခုနှစ်.
ဒီဇင်ဘာလ၊ အုပ်ရေ(၅၀၀)
တန်ဖိုး(၁၆၀၀)ကျပ်

**အတွင်းနှင့်**
**မျက်နှာဖုံးပုံနှိပ်**

ဦးအောင်မြင့်၊
အောင်မြင်ပုံနှိပ်တိုက်၊
အမှတ်(၁၆)၊ သစ်ရာပင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်မြို့။

# အာ
# မိုင်း
# (၁)



www.burmeseclassic.com

www.burmeseclassic.com

Love is an art which needs to be learned if it is to be practised well.


Su

ချစ်ခြင်း၏အနုပညာကို များများ လေ့ကျင့်..များများသင်ကြားရန်..လိုအပ်ပါသလား။

ဆု







## အခန်း(၁)

မိန်းကလေးလှလှလေးတစ်ယောက် အပျံစား အလန်းစားလေး ဝတ်ထားပြီး ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားရာ မောင့်မျက်လုံးတွေက ကပ်ငြိသွားသည်မို့. . .

“ကိုယ့်ရည်းစားတစ်ယောက်လုံး ရှိတာတောင် ရှင်က အာရုံတွေ အစာကျွေးနေတယ်ပေါ့၊ ဟုတ်လား မောင်”

ဆုသီရိစံသည် ပြောရင်းနှင့် မောင့်ရဲ့ဗိုက်ခေါက်ဆီသို့



www.burmeseclassic.com

www.burmeseclassic.com



ဆော်တာ ဆောက်သွားသည်။

"အား. . . ဆုကလည်းကွာ၊ ဖြည်းဖြည်းလုပ်ပါ၊ မောင်က ယောကျ်ားလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့၊ ချောတာလေး မြင်လို့ ကြည့်တာပဲ၊ ပါသွားတာမှ မဟုတ်တာ"

"အို. . . မရဘူး မောင်၊ ဆုက ဒါမျိုးတွေ မလိုချင်ဘူး၊ သမီးရည်စားပဲဖြစ်ဖြစ် မောင်ဟာ ဆုရဲ့မူပိုင်ပဲ၊ ဆုကလွဲရင် တခြားသူတစ်ယောက်ကို မျက်လုံးလေး စောင်းကြည့်တာတောင် မလိုချင်ဘူး၊ ဆုက သစ္စာမရှိတဲ့လူဆို သိပ်မုန်းတာပဲ"

"ဆုကလည်း. . . ဒီခေတ်ကြီးထဲမှာ ချောတာလေး မြင်လို့ ကြည့်တာပါကွာ. . . မပိန်းစမ်းပါနဲ့၊ ဟဲ. . ဟဲ. . မောင့်ရဲ့ အသည်းနှလုံးကို ဟောဒီက ဆုလေးက အပိုင်စား ရပြီးသားပါကွ"

"ဟွန်း. . . အပြောကတော့ ချိုအီနေတာပဲ"

ဆုသည် စိတ်ထဲမှာ မကျေနပ်သေးပေမယ့် မောင့်ရဲ့ အပြောမှာ မျောသွားတာကြောင့် ဘာမှထပ်မပြောဘဲ ငြိမ်နေလိုက်သည်။

မောင်ကတော့ ခပ်အေးအေးပင် လက်ဖက်ရည် တစ်ခွက်ကို ဇိမ်ခံသောက်နေသည်။

အင်း. . . ဆုပဲ ပြောရမည် ထင်ပါရဲ့။ မောင်ကတော့ ဘာမှ သတိရပုံမရ၊ ဆုနှင့် တွေ့နေကျအတိုင်း ခပ်အေးအေးပင်





လုပ်နေသည်။

"မောင်. . . ဒီနေ့ ဘာနေ့လဲ သိလား"

"ဒီနေ့ ဗုဒ္ဓဟူးလေကွာ. . . ဘာဖြစ်လို့လဲ"

ဆု ထင်သည့်အတိုင်းပင် မောင်က မေ့လျော့နေဟန်တူသည်။ အင်းလေ. . . ယောကျ်ားလေးပဲ။ ဒီလောက်တော့ ရှိမှာပေါ့။ ဆု ဒီလောက်တော့ သဘောထား ကြီးပေးရမှာပေါ့ဟု တွေး၍ နားလည်ပေးမိသည်။

"မောင်ကတော့ လုပ်ပြီ၊ ဆုတို့နှစ်ယောက်ရဲ့ ဒီလောက် အရေးကြီးတဲ့နေ့ကို မေ့ထားပြန်ပြီ၊ ကဲပါ. . . ဆုပဲ ပြောပြပါ့မယ် ကိုမိုးမာန်ရယ်၊ ဒီနေ့ ဆုတို့ ချစ်သူဖြစ်တာ တစ်နှစ်ပြည့်တဲ့နေ့ရှင့်၊ သိပြီလား"

"ဩော်. . . ဟုတ်သားပဲ၊ ဆောရီးကွာ. . . မောင် မေ့နေတယ် အချစ်ရယ်၊ မောင်တောင်းပန်ပါတယ်ကွာ"

မောင်က ဆုကို စိုက်ကြည့်ပြီး ပြောရင်း ဆုရဲ့လက်ကလေးတွေကို ခပ်ဖွဖွ ဆုပ်ကိုင်သည်။ ထိုအခါ မာနတွေ ဒေါသတွေ အရည်ပျော်သွားရတာပင်ဖြစ်သည်။

မောင့်ရဲ့ချစ်ရည်စွန်းလဲ့သောအကြည့်က ဆုရဲ့အသည်းနှလုံးကို အမြဲတမ်း သိမ်းပိုက်ထားနိုင်တာပါပဲ၊ တကယ်ဆို ဆုနှင့်မောင် ယှဉ်လျှင် ဆုက ရုပ်ချောသူ၊ မိဘအသိုင်းအဝိုင်းက ပြည့်စုံသူပါ၊ ဆုပတ်ဝန်းကျင်မှာ မောင့်ထက် သာတာတွေ ရှိပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဆုကတော့ ကျောင်းတုန်းကတည်းက မောင်မှမောင် ဖြစ်ခဲ့တာပင်။

"မောင်ရယ်"

ဆု မောင့်ကို ချစ်မြတ်နိုးစွာ ငေးကြည့်မိတော့သည်။ ပြီးနောက် မောင့်နားကပ်၍. . .

"မောင့်ကို သိပ်ချစ်တာပဲ သိလား၊ မောင်သာ ဆုကို သစ္စာမဖောက်နဲ့နော်"

"စိတ်ချပါ ဆုရာ၊ မောင်က ဘာလို့ သစ္စာဖောက်ရမှာလဲ၊ မျက်စိအရသာလေးပဲ ခံတာ. . ဟဲ. . ဟဲ"

ဤသို့ဖြင့် ဆုသီရိစံဆိုသော မိန်းကလေးတစ်ယောက်သည် မောင်ရဲ့အပြောများကြားတွင် ထပ်မံကျဆုံးသွားခဲ့ပြန်သည်။

မိုးမာန်ဆိုသောလူငယ်လေးမှာလည်း ဤကဲ့သို့ အပြောအဆို ညက်ညောပြီး မိန်းမကျမ်းကျေသူတစ်ယောက်၊ ရည်းစားများကို ထည်လဲတွဲတတ်သူတစ်ယောက်ဆိုတာ မောင်နှင့် ချစ်သူမဖြစ်ခင် မောင့်ကို စတွေ့ကတည်းက သိခဲ့ရပါသည်။ သို့သော် ဆုရဲ့နှလုံးသားက ဘယ်လိုမှ ထိန်းချုပ်၍မရအောင် မောင့်ထံတွင် ကျဆုံးသွားခဲ့တာကတော့ ဆုရဲ့မဟာအမှားကြီးပါ၊ ဒါကြောင့် မောင့်ကို ချစ်မိပြီး ဖြစ်လာသမျှ ပြဿနာတွေကို ဆုပဲ ခါးစည်းခံရတော့မည်လေ။





ဒါဟာ ဆုရဲ့ချစ်ခြင်းပါ။

မောင်နဲ့ စတွေ့တုန်းကပေါ့. . ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ဆု . . စားလေ၊ ဘာတွေငေးနေတာလဲ"

လဲ့လဲ့က ဆုကို သတိပေးရလောက်အောင်ပင် ထမင်းလုတ်ကို ဇွန်းနှင့် ခပ်ထားပြီး မစားနိုင်တော့ဘဲ ငေးမောနေမိသည်။ ထိုမြင်ကွင်းလေးက သိပ်တော့ မထူးဆန်းလှပါ။

ကောင်လေးတစ်ယောက်က ကောင်မလေး တစ်ယောက်ကို ရည်းစားစကား လိုက်ပြောခြင်းပါ၊ အဖြစ်နိုင်ဆုံးကတော့ ရည်းစားစကား လိုက်ပြောခြင်းပေါ့၊ မိုးက ခပ်ဖွဲဖွဲ ရွာနေသည်။ ကောင်မလေးက ထီးဆောင်းထားပြီး ကောင်လေးကတော့ ထီးမပါ,ပါ။ မိုးစက်တို့က ကောင်လေးဆံပင်ရှည် ဂုတ်ထောက်တွင် ခိုတွယ်စိုစွတ်နေပုံက ချစ်စရာပါ။

ကောင်မလေးက ဘာပြောလိုက်လဲ မသိပါ။ ကောင်





လေးက ချက်ချင်းပင် ဆုတို့ ထိုင်နေသော ကန်တင်းထဲသို့ ပြေးဝင်လာသည်၊ ပြီးနောက် ကောင်လေးက သူ့ဆံပင်တွင် ခိုတွယ်နေသော မိုးရေစက်တို့ကို ခပ်ဖွဖွ ခါယမ်း၍ ထိုင်စရာနေရာ ကန်တင်းထဲတွင် ရှာနေသည်။

မိုးကလည်း ရွာနေသည်။ ထမင်းစားချိန်မို့ ကန်တင်းမှာ နေရာလွတ် မရှိအောင် ကျောင်းသားတွေနှင့် ပြည့်နှက်နေသည်။ ကောင်လေးရဲ့ ထိုင်စရာနေရာ ရှာသော မျက်ဝန်းများက ဆုတို့စားပွဲဝိုင်းသို့ ရောက်လာသည်။ ပြီးနောက် ဆုရဲ့မျက်ဝန်းများနှင့် ခဏလောက် ဆုံစည်းမိကြသည်။

ထိုခဏလေးအတွင်း ဆုသည် ကောင်လေးကို ပြုံးပြလိုက်မိသလား မသိပါ။ ထိုကောင်လေးက အပြုံးချိုချိုဖြင့် ဆုတို့ခုံဆီသို့ပင် လျှောက်လာလေပြီ။

"အစ်မ . . ကျွန်တော်ထိုင်စရာနေရာ မရှိလို့ ထိုင်မယ်နော်"

"ဩော် . . . အင်း . . အင်း"

ဆုကို ကြည့်ပြီး ပြောတာကြောင့် ရုတ်တရက် ဘာပြောရမှန်း မသိဘဲ ခေါင်းဆတ်ပြလိုက်သည်။ ထိုကောင်လေးကလည်း သွက်လက်စွာ ဆုရှေ့ရှိ ခုံတွင် ဝင်ထိုင်ပြီးနေပြီဖြစ်သည်။

လဲ့လဲ့က ဆုကို အကဲခတ်သလို ကြည့်သည်။ ကောင်လေးကတော့ ခပ်အေးအေးပင် ကော်ဖီတစ်ခွက်ကို မှာသောက်



www.burmeseclassic.com

www.burmeseclassic.com



ရင်း. . .

"အား. . . ဒီနေ့မှ မိုးကလည်း ကောင်းလိုက်တာ၊ အစ်မတို့ကို မြင်ဖူးသလိုပဲ၊ ဘယ်မေဂျာကလဲ၊ ကျွန်တော်က သချ်ာကပါ. . . မိုးမာန်တဲ့"

"အပွန်း. . . ဒဲ့ကြီးကို လာရောနေပါလား၊ ကျောင်းမှာ ဒီအထာတွေ ရှိုးနေပြီ ကောင်လေးရဲ့၊ စောစောက ကောင်မလေးကိုပဲ အာရုံထားစမ်းပါ"

ဆုက ကောင်လေးကို ခပ်မာမာ ပြောလိုက်တော့ ကောင့်လေးက အပြုံးမပျက်ဘဲ ဆုကို မော့ကြည့်ပြီး. . .

"အစ်မကလည်းဗျာ. . . ကျွန်တော်က ရိုးရိုးပါ၊ အစ်မကို ကြည့်ရတာ ခင်စရာကောင်းလို့ မေးမိတာပါ၊ မပြောချင်လည်း ရပါတယ်"

ကောင်လေးက ခပ်အေးအေး ပြောလိုက်တော့ ဆု ပြန်ပြီးအားနာသွားမိသည်။ အေးလေ. . . သူက ရိုးရိုးသားသား ပြောတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။ ငါက အသားလွတ်ကြီး ပြောမိတာကိုး။ ထို့ကြောင့် ဆုက. . .

"ဆောရီး. . . ခင်မယ်ဆိုရင်တော့ ရပါတယ်၊ ကျောင်းသားချင်းချင်းပဲလေ၊ တို့က နောက်ဆုံးနှစ် သချ်ာကပါ. . . မင်းကရော"

"ကျွန်တော်က Second Year ကပါ"





ထိုစဉ်မှာပင် တစ်ချိန်လုံး ငြိမ်သက်နေသောလွဲလွဲက ဝင်၍ပြောသည်။

"အမလေး. . . သိပ်ါ၊ တို့ကျောင်းရဲ့နာမည်ကြီးပဲလေ၊ မိုးမာန်တဲ့ ဆုရေ. . . မသိရင် မှတ်ထား၊ ကျောင်းရောက်တာ တစ်နှစ်ပဲ ရှိသေးတယ်၊ တို့ရှေ့က မင်းသားက နာမည်ကြီးကွ၊ ကောင်မလေးတွေကဆို သည်းသည်းလှုပ်"

လွဲလွဲရဲ့ ခပ်ရွဲ့ရွဲ့စကားကြောင့် ဆုမှာ ဘာမှလည်း ဆိုင်ဘဲ ကြားမှ အားနာမိသွားသည်။ မိုးမာန်ဆိုသော ကောင်လေးကတော့ လွဲလွဲရဲ့စကားကို ဂရုစိုက်ပုံမပေါ်ဘဲ ဆုကို ခပ်ရီရီ ကြည့်ပြီး ပြုံးလိုက်သည်။

ကောင်လေးရယ်. . . လွဲလွဲပြောသလို မင်းဟာ ငပွေလေးလားကွယ်၊ ဆုသည် အတွေးဖြင့် ကောင်လေးကို ကြည့်မိလိုက်သည်။

"ကဲ. . . ဆုရေ အတန်းရှိတယ် မဟုတ်လား၊ သွားစို့လေ"

ဆုသည် ဘာကြောင့်မှန်းမသိဘဲ ကောင်လေးရှေ့မှ ထသွားချင်အောင် ခံစားမိရသည်။ ကောင်လေးကလည်း အပြုံးချိုချိုဖြင့်. . .

"အစ်မတို့ သွားလေ၊ ကျွန်တော် ဒီဝိုင်းအတွက် ရှင်းလိုက်ပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အမလေး. . . ဒါမျိုးတွေက ရိုးနေပါပြီ မင်းသားရယ်၊ ကိုယ့်အတွက်ကိုယ် ရှင်းပါ့မယ်"

"လဲ့ကလည်းကွာ. . အားနာစရာကြီး"

လဲ့လဲ့စကားကြောင့် ဆုအားနာမိပေမယ့် ဘာမှမတတ်နိုင်ပါ။ လဲ့လဲ့က ခပ်တည်တည်ပင် ပိုက်ဆံရှင်းပြီး ဆုလက်ကို ဆွဲကာ ထိုင်နေရာမှ ထလိုက်သည်။

ဆုသည် ကောင်လေးကို တစ်ချက်လှည့်ကြည့်၍. . .

"သွားမယ်နော်"

"ဟုတ်ကဲ့ အစ်မ၊ ကျွန်တော် အစ်မတို့အတန်းဘက်ကို လည်း အားရင် လာလည်ပါဦးမယ်"

ဆု ဘာမှပြန်မပြောနိုင်မီ ဆုလက်ကို လဲ့လဲ့က အတင်းဆွဲခေါ်၍ ကန်တင်းထဲမှ ထွက်ခဲ့သည်။

"အမလေး. . . ဆုရယ်၊ သွားနွယ်ဖို့တော့ စိတ်မကူးလိုက်နဲ့၊ အဲဒီကောင်လေးက သိပ်ပွေတာ၊ အပြုံးချိုချိုနဲ့ ကောင်မလေးတွေကို ချွဲနေတာ၊ သူတွဲသမျှလည်း အလန်းလေးတွေချည်းပဲ၊ ကောင်မလေးတွေကြားမှာ မင်းသားတစ်ပါးဖြစ်နေတာ၊ နင်လည်း အဲဒီထဲ ပါသွားဦးမယ်နော်"

"မပါ,ပါဘူးဟယ်. . . သူ့ကြည့်ရတာ ငါတို့ကို ရိုးရိုးသားသား ခင်နေတဲ့ပုံပါ၊ ငါ့စိတ်ထဲမှာ ခံစားလို့ရတယ် သူရိုးသားတာကို"





"အမလေး. . အမလေး. . အဲဒီက စတာပဲ၊ ဒီလို ကောင်လေးမျိုးနဲ့ ခပ်တန်းတန်း နေတာပဲ ကောင်းပါတယ် ဆုရယ်၊ ကဲ. . ကဲ. . သွားစို့"

လဲ့လဲ့က စေတနာနှင့် ပြောမှန်း သိပေမယ့် ဆုမျက်စိထဲမှာတော့ မိုးမာန်ရဲ့အပြုံးချိုချိုလေးကိုသာ ပြန်မြင်ယောင်မိသည်။

ခက်လည်း ခက်ပါလား ကောင်လေးရယ်။ မင်းရဲ့အပြုံးတွေကို ဘာလို့ မြင်ယောင်နေပါလိမ့်။

လဲ့လဲ့ပြောလို့သာ ယုံရပေမယ့် ဒီကောင်လေးမျက်နှာက ရိုးရိုးသားသားပါဟုသာ ထင်နေမိတာ ဆုအမှားလား။

"ဟဲ့. . . ဆုရယ် ဒီနေ့တစ်နေ့လုံး စာသင်တာ စိတ်မပါသလို ငူငူငေါင်ငေါင်နဲ့ ဘာဖြစ်နေတာလဲ"

ဟုတောင် လဲ့လဲ့က မေးယူရသည်။ ဒီတော့မှ ဆုလည်း အတွေးထဲမှ မိုးမာန်ဆိုသည့်ကောင်လေးကို ဖျောက်ဖျက်ရင်း စာထဲ စိတ်ဝင်စားရန် ကြိုးစားလိုက်သည်။ ဤသို့ဖြင့် မိုးမာန်ဆိုသောကောင်လေး၏အပြုံးများသည် ဆုကို တစ်ရက်တော့ စိုးမိုးထားနိုင်ခဲ့တာ အမှန်ပင်။

ထိုနောက်ပိုင်းရက်များမှာတော့ မိုးမာန်နှင့်ဆု မဆုံစည်းတော့ပါ။ တစ်ကျောင်းတည်းပေမယ့် ဒဂုံတက္ကသိုလ်ကြီးက အကျယ်ကြီး မဟုတ်ပါလား၊ သို့သော် တစ်ခါတစ်ရံမှာတော့ ကောင်လေးရဲ့သတင်းတွေကို ကြားရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြားရသည့်သတင်းတွေက အကောင်းသတင်းတွေတော့ မဟုတ်ခဲ့၊ ထိုသတင်းတွေကို သယ်လာသူက လဲ့လဲ့သာ ဖြစ်သည်။

“ဟဲ့. . . ငါတို့နဲ့ တစ်ခါဆုံဖူးတဲ့ကောင်လေးလေ၊ နင့်ကိုတောင် ငါပြောဖူးတယ်. . . ဆရာကြီးဆိုတာလေ၊ နင်မှတ်မိလား”

လဲ့လဲ့စကားကြောင့် ဆုသည် ကောင်လေးရဲ့အပြုံးကို မြင်ယောင်ပြီး ဖျတ်ကနဲ ရင်ခုန်သွားသည်။ သို့သော် ဆုငြိမ်သက်နေမိသည်။

“အဲဒီကောင်လေးပေါ့. . . တပြိုင်တည်း ရည်းစားနှစ်ယောက် ထားလို့တဲ့လေ၊ အဲဒါ ကောင်မလေးတစ်ယောက်က သိသွားပြီး မနေ့က လူတွေအများကြီး ရှိနေတဲ့ ကန်တင်းမှာ ပါးရိုက်သွားတယ်လေ”

“ဪ. . .”

“ဟဲ့. . . ဒါတောင် ကောင်လေးက အပြုံးမပျက်ဘူးတဲ့တော်”

ဆု ဘာမှပြန်မပြောဘဲ ငြိမ်နေပေမယ့် မဆီမဆိုင် ကောင်လေးကို သနားမိသည်။ လဲ့လဲ့ကတော့ ဘာကြောင့်မှန်း မသိဘဲ အဲဒီမိုးမာန်ဆိုတဲ့ကောင်လေးကို မျက်မုန်းကျိုးနေသည်မို့ ဘာမှမပြောရဲချေ။





ဒီကောင်လေးဟာ ဘာကြောင့်များ ရည်းစားတွေ အများကြီး ထားရတာကို ဝါသနာပါတယ်ဆိုတာ စဉ်းစား၍မရချေ။

အေးလေ. . . ကောင်လေးမှာ တကယ်ချစ်ရမယ့်သူ မရှိသေးလို့လား၊ အချစ်ကို အလေးမထားတတ်လို့လားမှ မသိဘာ။ သူ တကယ်ချစ်ရမယ့်သူလေးတစ်ယောက်နဲ့ တွေ့ရင်တော့ ခြေငြိမ်သွားမှာပေါ့ဟု မိုးမာန်အတွက် တွေးပူပေးမိသေးသည်။

“ဆု. . . ဘာတွေ တွေးနေတာလဲ၊ အဲဒီကောင်လေးကို လမ်းမှာ တွေ့ရင်တောင် နှုတ်မဆက်မိစေနဲ့နော်”


“အင်းပါ လဲ့ရယ်”

ဆုသည် လဲ့လဲ့ကို ကတိလွယ်လွယ်ပေးလိုက်မိသည်။ မိုးမာန်နှင့် ထပ်မံဆုံစည်းရမည်ဟု မထင်ထားခဲ့ပါ။

တကယ်တမ်း ဆုံစည်းလာသည့်အခါမှာတော့. . .။



www.burmeseclassic.com



# အခန်း(၂)

နောက်ထပ်တစ်ပတ်ခန့်အကြာ. . .

ထိုနေ့က လဲ့လဲ့ နေသိပ်မကောင်း၍ ကျောင်းမတက်တာကြောင့် ဆုတစ်ယောက်တည်းဖြစ်နေသည်။

အတန်းပြီး၍ အိမ်ပြန်ရန် အဆောင်ထဲမှ ထွက်ခဲ့သည်။ အိမ်ကိုလည်း လာကြိုရန် မမှာထားသဖြင့် ဘတ်စ်ကားစီးပြီး ပြန်ရန် ဖြစ်သည်။





ဆုသည် သင်ခန်းစာ စာအုပ်လေးများ ပိုက်၍ ကိုယ့်အတွေးနှင့်ကိုယ် လျှောက်လာခဲ့သည်။ လုံချည်နှင့် အင်္ကျီအသားဖြူဖြူအိအိဝမ်းဆက်ကလေးနှင့် ဆံနွယ်ရှည်များကို ပိုင်ဆိုင်ထားသောဆုသည် သင်္ချာမေဂျာရဲ့အလှတစ်ပါးလည်းဖြစ်ခဲ့သည်။ သို့သော် ဆုဟာ အေးအေးနေတတ်သူဖြစ်ပြီး သူများတွေလို အလှမာန်တက်သူလည်း မဟုတ်ပေ၊ ထို့ကြောင့် ခေါင်းလေးငုံ့၍ ခပ်မှန်မှန်ပင် လျှောက်လာခဲ့သည်။

ဆုသီရိဆိုသော ဆုဟာ မာနမကြီးတတ်ပေမယ့် လာချဉ်းကပ်လာသောသူများကိုတော့ ယဉ်ယဉ်ကျေးကျေးနှင့် ငြင်းဆန်တတ်သဖြင့် ကြာတော့ ဆုကို အပင်ပန်းခံပြီး မလိုက်ကြတော့ဘဲ သူတို့အတွက် နားခိုရာ ရင်ခွင်ကိုယ်စီ ရသွားကြတာမို့ ဆုကတော့ တစ်ယောက်ထဲပင်။

“ဟော့တော်. . . မိုးရွာပြီ”

ရုတ်တရက် မိုးရွာချလိုက်သဖြင့် ဘတ်စ်ကားဂိတ်သို့ ခပ်သွက်သွက်ကလေး လျှောက်လာခဲ့သည်။ ဒီနေ့မှာ ထီးကလည်း ကားထဲမှာ မေ့ထားခဲ့မိသည်။ စာအုပ်တွေ ရေစိုမှာစိုး၍ ဆု စာအုပ်များကို တင်းတင်းဆုပ်၍အပြေးတပိုင်း ကားဂိတ်ဆီသို့ သွားမိသည်။

ထိုစဉ်မှာပင် ဆုရဲ့ခေါင်းပေါ်သို့ မိုးရေစက်တွေ ကျရောက်မလာတော့ဘဲ ရပ်တန့်သွားတာကြောင့် ဆု မော့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မိသည်။ ထိုအရာကား အပြာရောင် ထီးတစ်ချောင်းပင်ဖြစ်သည်။ ဆုသည် နောက်သို့ လှည့်၍ ထီးမိုးပေးသူကို ကြည့်လိုက်မိသည်။

ထီးမိုးပေးသူကို ဆုလှည့်ကြည့်လိုက်မိတော့ သူက ဆု လုံးဝ မထင်ထားသူပါ။

"အစ်မ မိုးရေထဲမှာ လမ်းလျှောက်လာတာ တွေ့တာနဲ့ ကားပေါ်က ဆင်းပြီး ထီးလာမိုးပေးတာ"

"အို့ . . . ရပါတယ်၊ မင်းပါ စိုကုန်ဦးမယ်၊ ကားပေါ် ပြန်တက်လိုက်ပါ"

"အဟဲ့ . . . ကားဆိုလို့ အထင်မကြီးနဲ့ အစ်မရေ၊ ကျွန်တော့်[illegible] မဟုတ်ဘူး၊ သူငယ်ချင်းကား ကပ်စီးလာတာ ပြီးတော့ ကောင်မလေးတစ်ယောက်လည်း ပါလို့ ကျွန်တော့်သူငယ်ချင်းကိုပဲ လမ်းကြုံဝင်ပို့ခိုင်းလိုက်ပြီ"

မိုးမာန်က ဝန်ခံသလို ပြောပြီး ပြုံးနေလေသည်။

"ကျွန်တော်နဲ့ရော ထီးတစ်ချောင်းတည်း အတူဆောင်းရတာ အဆင်ပြေရဲ့လား၊ တော်ကြာ ကျွန်တော့်အတွဲတွေထဲက တစ်ယောက်ဆိုပြီး အထင်သေးကုန်ဦးမယ်"

မိုးမာန်က သူတွဲနေကျ ကောင်မလေးတွေထဲမှ ဆုကို အထင်မခံစေချင်သောစိတ်ကလေးကို ဆု ကြံဖန်ချီးကျူးမိသည်။

ဆုက ဘာမှမပြောဘဲ တိတ်ဆိတ်စွာ လမ်းလျှောက်မိ





သည်။ ဘတ်စ်ကားဂိတ် ရောက်တော့ အမိုးရှိတာကြောင့် မိုးမာန်နဲ့ထီးအောက်မှ ထွက်ပြီး ကားဂိတ်ထဲ ဝင်ရပ်လိုက်သည်။ မိုးမာန်သည် ထီးပိတ်ပြီး မပြန်သေးဘဲ ဆုနံဘေး ဝင်ရပ်လိုက်သည်။

ဆုကို တစ်ခုခုပြောချင်သလိုနှင့် ကွက်ကြည့်ကွက်ကြည့်လုပ်နေတာကြောင့် . . .

"ကဲ့ . . . မိုးမာန် မင်းကြည့်ရတာ တို့ကို တစ်ခုခု ပြောချင်နေတဲ့ပုံပဲ"

"ဟုတ်ပါတယ် အစ်မ၊ ကျွန်တော် အစ်မနဲ့ စကားပြောချင်တယ်၊ ဒါပေမယ့် မပြောရဲလို့၊ အစ်မကရော ကျွန်တော်နဲ့ စကားပြောချင်ရဲ့လား"

ကောင်လေးက ဆုကို အားနာသလို မဝံ့မရဲဖြစ်သလိုနှင့် ပြောတော့ ဆုဘယ်မှာ ငြင်းရက်နိုင်ပါမည်နည်း။ ဆုသည် ခေါင်းကို ခပ်လေးလေး ဆတ်ပြလိုက်သည်။

"အစ်မကိုလေ . . . ကျွန်တော်မြင်မြင်ချင်း ကိုယ့်အစ်မတစ်ယောက်လို ခင်သွားမိတယ်ဗျာ၊ ဒါပေမယ့် ကျွန်တော်က ပွေလို့ သတင်းထွက်နေတဲ့ကောင်ဆိုတော့ အစ်မကို ကျွန်တော့်ဇာတ်လမ်းတွေထဲက တစ်ပုဒ်ဆိုပြီး လူတွေ ထင်ပြီး သိက္ခာကျမှာစိုးလို့ အစ်မကို လှမ်းတွေ့ရင်တောင် မခေါ်ရဲဘူး . . . အဟား"

မိုးမာန်က သူ့အဖြစ်ကို သဘောကျသလိုလို မကျေနပ်သလိုလိုနှင့် ရယ်ပါသည်။ ယောကျ်ားလေးဖြစ်ပြီး ရယ်လိုက်လျှင်



www.burmeseclassic.com

www.burmeseclassic.com



ပါးချိုင့်လေး ပေါ်လာသောမိုးမာန်ကို ဆု ငေးကြည့်မိပါတော့သည်။

အင်း. . . တကယ့်ကို ချစ်စရာကောင်းတဲ့ မျက်နှာလေးပါလား ကောင်လေးရယ်။

"မိုးမာန်. . . မင်းပြန်ချင်ပြန်လေ၊ မင်းစီးရမယ့်ကားလာရင် လိုက်သွားလေ"

"အင်းပါ အစ်မရဲ့၊ အစ်မစီးမယ့် ဘတ်စ်ကား လာအောင် စောင့်နေတာ၊ အစ်မတစ်ယောက်တည်း ထားခဲ့ရမှာစိုးလို့၊ ဒါနဲ့ အစ်မနာမည် ဆုလို့ ခေါ်သံကြားတယ်၊ နာမည်အရှည်က ဘာလဲဟင်၊ ကျွန်တော် သိခွင့်ရမလား"

မိုးမာန်သည် ဆုရဲ့နာမည်ကို စမေးတော့ ဆုစိတ်ထဲမှာ ထင့်ကနဲဖြစ်သွားသည်။

အင်း. . . ငါ့ကိုလည်း သူနဲ့ တွဲဖူးတဲ့ကောင်မလေးတွေလို ထင်ပြီး မေးတာထင်ပါရဲ့။ ငါကိုက မှားတာ၊ ဒီလိုကောင်လေးမျိုးကို ရောမိတာကိုး။

ဆုရဲ့အတွေးကို မိုးမာန်က ရိပ်မိဟန်ဖြင့်. . .

"ဟာ. . . အစ်မ ငြိမ်သွားလိုက်တာ၊ ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့၊ ကျွန်တော်က အစ်မကို ကိုယ့်အစ်မလို ခင်မိလို့ပါ။ မပြောချင်ရင်လည်း မပြောနဲ့နော်. . . ရတယ်"

မိုးမာန်က မျက်နှာလေး ငယ်ပြီး ပြောတော့ ဆု အားနာ





သွားမိပြန်သည်။

အေးလေ. . . နာမည်လေး ပြောတာ ပွဲပါသွားတာမှ မဟုတ်တာ။

"ကဲပါ. . . တို့က နောက်တာပါ၊ တို့နာမည်က ဆုသီရိစံတဲ့၊ ကဲ. . . ဘာသိချင်သေးလဲ"

"မသိချင်တော့ပါဘူးဗျာ. . . ကျွန်တော်က ရိုးရိုးခင်တာကို တစ်မျိုးထင်နေဦးမယ်"

"မင်းက တော်တော်ကလေးဆန်တာပဲ"

ဆုက မှတ်ချက်ချသလို ပြောလိုက်တော့ မိုးမာန်က ဘာမှမပြောဘဲ အပြုံးလေးတစ်ခုနှင့် ငြိမ်သက်နေသည်။

"ကဲပါ မိုးမာန်ရယ်၊ မင်းသွားစရာရှိတဲ့လမ်းကိုပဲ တည့်တည့်သွားပါ၊ နောက်ဆိုရင် ဒီလို တကူးတက ထီးတွေဘာတွေ လာဆောင်းပေးမနေနဲ့နော်၊ တော်ကြာ လူတွေ တစ်မျိုးထင်ကုန်မယ်"

"ထင်လည်း ထင်ပါစေ၊ ကျွန်တော်က ကိုယ့်အစ်မတစ်ယောက်လို ခင်မိလို့ပဲဟာ၊ မမ မိုးရေထဲမှာ သွားနေတာ ကျွန်တော် မကြည့်ရက်ပါဘူး"

"အို. . . ဒါပေမယ့် တို့သိက္ခာက ရှိသေးတယ်"

"ဟုတ်သားပဲ"

ဆုစကားကြောင့် မိုးမာန် ငြိမ်သက်သွားပြီး တွေတွေ



www.burmeseclassic.com

www.burmeseclassic.com



လေးဖြစ်သွားသည်။

ခက်နေပြီ ကောင်လေးရယ်။ တို့က မင်းလို ဆရာကြီးနဲ့ မပတ်သက်ရဲဘူးကွာ၊ မင်းဘက်က ဘယ်လောက်ရိုးသားတယ် ပြောပြော၊ ဆုသီရိစံဟာ မိုးမာန်ရဲ့အတွဲတွေထဲက တစ်ယောက်လို့တော့ အပြောမခံနိုင်ပါဘူး။

“ပြီးတော့ ဒီနေ့ တို့သူငယ်ချင်းက ကျောင်းမတက်ဘူးလေ၊ ခါတိုင်း သူနဲ့ ပြန်နေကျလေ၊ သူကလည်း မင်းကို. . .”

“အမြင်မကြည်ဘူး မဟုတ်လား”

ဆုစကားမဆုံးခင်မှာပင် ကောင်လေးက စူပုတ်ပုတ် မျက်နှာနှင့် စကားဖြတ်ပြောသည်။

“ဒါ ခက်တာပေါ့ အစ်မရဲ့၊ ကျွန်တော်က အစ်မကို ရိုးရိုးသားသား ခင်ချင်တာကို လူတွေက တစ်မျိုးထင်ကြတယ်၊ အစ်မကို ကျွန်တော်က ကိုယ့်အစ်မအရင်းတစ်ယောက်လိုပါပဲဗျာ၊ အစ်မတို့ မယုံတာကတော့ မတတ်နိုင်ဘူး”

ကောင်လေးက ပခုံးတွန့်ပြီး ပြောသည်။

“တော်ပြီ. . . မင်းနဲ့ စကားပြောရတာ ခေါင်းတွေနောက်လာပြီ၊ ဟိုမှာ ကားလာနေပြီ၊ တို့ သွားတော့မယ်”

ဆုသည် စကားအတင်းဖြတ်၍ ဘတ်စ်ကားပေါ် တက်ခဲ့သည်။ မိုးမာန်က လက်တပြပြဖြင့် ကျန်ခဲ့သည်။ ဆုမှာ ဘာကြောင့်မှန်းမသိ၊ စိတ်မောလူမောနှင့်ဖြစ်နေမိသည်။





ဘယ်လိုလဲ ကောင်လေးရယ်။ ရိုးရိုးသားသား ခင်တယ်တဲ့လား။

ဆုသည် အိမ်ပြန်ရောက်တော့ ဧရချိုးထမင်းစားလိုက်သည်။

ထမင်းဝိုင်းမှာ ဆုနှင့်ကြီးကြီးနှစ်ယောက်တည်းပါ၊ ဆုက ငွေကြေးဥစ္စာ ပြည့်စုံပေမယ့် တိတ်ဆိတ်ငြိမ်သက်ပြီး အထီးကျန်ဆန်သောအိမ်ကြီးမှာ ကြီးကြီးနှင့်ဆု နေ့စဉ်ဖြတ်သန်းရသည်။

ဆုဖေဖေက သင်္ဘောသားဖြစ်ပြီး ကမ္ဘာပတ်နေကာ တစ်နှစ်,နှစ်နှစ်လောက် နေမှ တစ်ခါပြန်လာသည်။ မေမေကတော့ နောက်အိမ်ထောင်နှင့်ပါ။ မေမေနှင့်ဖေဖေက ဆု ဆယ်နှစ်သမီးကတည်းက ကွာရှင်းခဲ့ကြသည်။ ထိုအချိန်မှစ၍ ဆုလည်း ဖေဖေ့အစ်မ ကြီးကြီးလက်ပေါ်မှာ ကြီးခဲ့ရတာပင်။

“စားလေ သမီး. . . စားမကောင်းဘူးလား”

“ဒီလိုပါပဲ ကြီးကြီးရယ်၊ ဆုလည်း ကျောင်းပြီးတော့မယ်ဆိုတော့ စီးပွားရေးလေးဘာလေး လုပ်ဖို့ တွေးနေမိတာပါ”

“သမီးကလည်းကွယ်. . . သမီးအဖေလုပ်စာနဲ့ သမီးတစ်ယောက်ကို ကောင်းကောင်းထားနိုင်ပါတယ်”

“မဟုတ်ဘူးလေ ကြီးကြီးရဲ့၊ လူရယ်လို့ ဖြစ်လာရတော့ အလုပ်တော့ လုပ်ရမှာပေါ့”

ကြီးကြီးနှင့် စကားပြောရင်း ထမင်းစားတာ မျက်စ



www.burmeseclassic.com

www.burmeseclassic.com



သတ်၍ ဆု အိမ်ပေါ်သို့ တက်လာခဲ့သည်။

အိပ်ခန်းထဲမှာ စာကြည့်ရန် ကြိုးစားပေမယ့် ဆု တစ်ယောက်ယောက်နှင့် စကားပြောချင်သည်။ ထိုတစ်ယောက်ယောက်က လဲ့လဲ့ပင်ဖြစ်သည်။ အဓိက,ကတော့ နေ့ခင်းက မိုးမာန်နှင့် တွေ့ခဲ့သည့်အကြောင်းပေါ့။

သို့သော် လဲ့လဲ့က မိုးမာန်ကို သဘောမကျမို့ ပြောလျှင် ကောင်းမလား မကောင်းဘူးလား စဉ်းစားနေမိသည်။

နောက်ဆုံးတော့ ဆုမှာ တိုင်ပင်စရာဆို၍ လဲ့လဲ့တစ်ယောက်တည်းသာရှိသည်မို့ ဖုန်းနံပါတ်များကို နှိပ်လိုက်မိသည်။

ပထမနှစ်ကတည်းက မေဂျာအတူတူ နှစ်ယောက်တွဲလာကြသည်မို့ ငယ်ပေါင်းမဟုတ်ပေမယ့် သိပ်ခင်ကြပါသည်။ လဲ့လဲ့က ဖုန်းလာကိုင်တော့ နေ့ခင်းက ကိစ္စတွေအားလုံး ရင်ဖွင့်မိသည်။

"လဲ့ရေ. . . ပြောပြစရာရှိတယ်၊ စိတ်မဆိုးနဲ့နော်၊ နေ့ခင်းတုန်းက မိုးမာန်ဆိုတဲ့ကောင်လေးနဲ့ တွေ့တယ်"

"အဟမ်း. . . ဇာတ်လမ်းကတော့ အဲဒီမှာ စတာပဲ၊ ဒါပဲနော်. . . ကျုပ်သတိပေးထားရဲ့သားနဲ့ တစ်ခုခုဖြစ်လာရင် ကိုယ်ဖြစ်ကိုယ်ခံပဲ"

"လဲ့ကလည်းဟယ်"

"ဒါနဲ့ ဆုက အဲဒီကောင်လေးနဲ့ စကားပြောရတာကို





စိတ်ချမ်းသာတယ် မဟုတ်လား"

"အဲဒီလိုလည်း မဟုတ်ပါဘူး၊ သူက စကားစပြီးပြောတော့ ဆုက ပြန်မပြောရင် ရိုင်းသွားမှာစိုးလို့ပါ"

ဆုက အကြောင်းပြချက် ပေးလိုက်ပေမယ့် မခိုင်လုံမှန်း သိသည်။ လဲ့ကတော့ ငြိမ်သွားသည်။

"လဲ့. . . ဆုကို စကားပြန်မပြောတော့ဘူးလားဟင်"

"မဟုတ်ပါဘူး ဆုရာ၊ လဲ့စဉ်းစားနေတာ၊ သူ့မှာ ဒီလောက် ကောင်မလေးတွေအများကြီး ရှိနေရဲ့သားနဲ့ ဘာလို့ ဆုကို လာပတ်သက်တာလဲဆိုတာကိုပေါ့"

"ဩော်. . . လဲ့ကလည်း၊ သူက အစ်မလို ခင်လို့ပါလို့ ပြောတယ်လေ"

"လုပ်မနေနဲ့ ဆုရေ၊ ဒီလိုနဲ့ပဲ ဇာတ်လမ်းတွေ စကြတာ၊ ရိုးနေပြီ"

လဲ့က ခပ်မာမာလေး ပြောလိုက်တာကြောင့် လဲ့ စိတ်ဆိုးသွားပြီဆိုတာ သိလိုက်သည်။ ဒါလေးပြောမိရုံဖြင့် စိတ်ဆိုးသွားသော လဲ့ကို အံ့ဩမိသည်။

လဲ့ တိုတ်ဆိတ်သွားတာကြောင့် ထပ်ခေါ်ကြည့်ပေမယ့် လဲ့က အိပ်ချင်ပြီ ဖုန်းချတော့မယ်ဟု ပြောပြီး ဖုန်းချလိုက်မိသည်။

လဲ့မကြိုက်လျှင်လည်း ထိုမိုးမာန်ဆိုသောကောင်လေးနှင့် ကင်းကင်းနေမည်ဟု ဆုံးဖြတ်လိုက်မိသည်။



www.burmeseclassic.com


www.burmeseclassic.com



သို့သော် ဆုရဲ့အတွေးထဲကိုတော့ မိုးမာန်ရဲ့အပြုံးချိုချို က မကြာခဏ နှိပ်စက်တာတော့ ဆိုးလှပါသည်။







## အခန်း(၃)

"ကျောင်းပြီးရင် ဘာလုပ်ကြမလဲ"

လဲ့လဲ့နှင့်ဆုသည် ကျောင်းပြီးလျှင် ဘာလုပ်ကြမလဲဟု ဆွေးနွေးနေကြမိသည်။

ငါတော့ ပလာဇာဖြစ်ဖြစ်၊ ရှော့ပင်းစင်တာတစ်ခုခုမှာ ဖြစ်ဖြစ် Fashion Shop (အဝတ်အထည်ရောင်းဆိုင်)တစ်ဆိုင် လောက် ဖွင့်ရင် ကောင်းမလားလို့ တွေးမိတယ်၊ တခြားအလုပ်



www.burmeseclassic.com

www.burmeseclassic.com



တွေကလည်း တာဝန်ကြီးတယ်လေ။

ဆုက ကိုယ့်စိတ်ကူးလေးကို ပြောပြမိသည်။ လဲ့က လည်း ထောက်ခံသည်။

"အေး . . နင်ပြောတာ မဆိုးဘူး ဆုရဲ့၊ ငါလည်း စိတ်ဝင်စားတယ်၊ ငါ့အစ်မဝမ်းကွဲတစ်ယောက်လည်း FMI မှာ ဆိုင်ဖွင့်ထားတယ်"

"ဟယ် . . ဟုတ်လား၊ ဒါဖြင့် ငါတို့ တစ်ရက်လောက် သွားစုံစမ်းရအောင်"

"ပြောနေတာ ကြာပါတယ်၊ မနက်ဖြန် အရေးကြီးတဲ့ အတန်းမှ မရှိတာ၊ သွားရအောင်"

လဲ့လဲ့ကလည်း စိတ်မြန်လူမြန်သမားမို့ နှစ်ယောက်သား မနက်ဖြန်ပင် သွားရန် ဆုံးဖြတ်လိုက်ကြသည်။ ဆုတို့နှစ်ယောက် စကားတပြောပြောနှင့် ကန်တင်းမှာ ထိုင်နေစဉ် . . .

"မမ . ."

"ဟယ် . . မီးမီး"

ဆုကို လာခေါ်သူကို မော့ကြည့်လိုက်တော့ ဆုညီမဝမ်းကွဲလေး မီးမီးကို တွေ့လိုက်ရသည်။

"မီးမီးက အီကိုရတယ်လေ၊ ခုမှ စတက်တာ၊ ဒဂုံနဲ့ အဝေးကြီးဆိုပေမယ့် သူငယ်ချင်းတွေအားလုံးက ဒီမှာမို့ ဒီကို ခဏခဏ ရောက်တယ်၊ မမဆုရော ကျောင်းပြီးတော့မလား"





"အေး . . ဒီနှစ်ဝက်ဆို ပြီးပြီ၊ အိမ်ကို လာလည်ဦးလေ"

"လာတော့ လည်ချင်ပါရဲ့၊ မမဆုကြီးကြီး အဖျိုကြီးကို ကြောက်လို့"

မီးမီးက လျှာလေး ထုတ်ပြီး ပြောသည်။ နောက်မှ မီးမီး သူငယ်ချင်းတွေက လှမ်းခေါ်နေသည်မို့ . .

"မီးမီးသူငယ်ချင်းတွေ ခေါ်နေကြပြီထင်တယ် . . သွားတော့နော်"

"ဟုတ်ကဲ့ မမဆု၊ ဒါဖြင့် မီးမီးသွားပြီ . . တာတာ"

"ဟဲ့ . . သူကလေးက ဘူလေးလဲ၊ ရုပ်ကလေးကတော့ သိပ်အလှကြီး မဟုတ်ပါဘူး၊ ပြင်တတ်ဆင်တတ်နဲ့ အလန်းလေးဆိုတော့ ကိုကိုပုရှိသတွေမျက်လုံးတွေက သူ့ဆီမှာချည်းပဲ"

လဲ့က မီးမီးထွက်သွားတော့ မေးသည်။ ဆုက ပြုံးရင်း

"ညီမဝမ်းကွဲလေးပါဟယ် . . သူက ဒီလိုပဲ နေတတ်တာ၊ ဒီက ပြန်ရင် ငါ့အမေဆီ သွားရဦးမယ်ဟယ်"

ဆုက လဲ့လဲ့ကို တိုင်တည်သလို ပြောလိုက်သည်။ လဲ့လဲ့က ဆုအကြောင်း အတွင်းသိအပြင်သိမို့ ပြောခြင်းဖြစ်သည်။ လဲ့လဲ့က ခေါင်းညိတ်၍ . . .

"ငါလိုက်ပေးရဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ပါနဲ့ဟယ်. . . ငါပဲ သွားပါ့မယ်၊ ငါ့အမေတော့ နောက်အိမ်ထောင်နဲ့ ကလေးတွေအများကြီး၊ စီးပွားရေးတွေ လည်း အဆင်မပြေတော့ နင်စိတ်ညစ်မှာစိုးလို့ပါ"

"ရပါတယ်ဟာ. . . ငါနားလည်ပါတယ်၊ နင် အခုလို နင့်အမေကို ထောက်ပံ့နေတာ နင့်အဖေ မသိလို့နော်၊ သိရင် မလွယ်ဘူး"

ဆုက ခေါင်းဆတ်ပြပြီး သက်ပြင်းရှိုက်လိုက်သည်။

"အေး. . . ဟုတ်တယ်၊ ဖေဖေက မေမေ့ကို သိပ် စိတ်နာသွားတာလေ၊ သူ ဒီလောက် မေမေ့ကို ပြည့်ပြည့်စုံစုံ ထားတာတောင် မေမေက ကွာရှင်းပြီး နောက်အိမ်ထောင်ပြု သွားရမယ်ဆိုပြီးတော့ပေါ့၊ ဒါကြောင့် ဆုကို အမြဲမှာတယ်၊ အိမ် ထောင်ပြုရင် ချမ်းသာတာ ဆင်းရဲတာ အရေးမကြီးဘူး၊ သစ္စာ ရှိဖို့နဲ့ မျိုးရိုးကောင်းဖို့ဆိုပြီးတော့လေ"

ဆုက မိခင်ဖြစ်သူကိုလည်း အပြစ်မတင်လိုဘဲ စိတ်မော သလိုနှင့် ပြောလိုက်သည်။

"ကဲ. . ကဲ. . ငါ ဒီနေ့ နောက်ဆုံးအတန်း မတက်တော့ ဘူး လဲ့လဲ့ရာ. . . သွားပြီ"

လဲ့လဲ့ကို နှုတ်ဆက်ပြီး ဆု ကားတစ်စီး ငှား၍ မိခင် နေထိုင်ရာ တောင်ဥက္ကလာသို့ ထွက်ခဲ့သည်။

ဆုသည် အိမ်ရှေ့ရောက်တော့ မဝံ့မရဲနှင့် တံခါးခေါက်





လိုက်သည်။

"မေမေ. . . လကုန်လို့ ဆုပိုက်ဆံ လာကန်တော့တာ ပါ"

"အေးကွယ်. . . မေမေ့မှာလည်း ဒီလကုန်ရက်ပဲ မျှော် နေရတာ. . . လာ"

ဆုသည် အိမ်ခန်းကျဉ်းလေးထဲသို့ မဝံ့မရဲ ဝင်ခဲ့သည်။ ဒီအိမ်ခန်းကျဉ်းလေးထဲ ဝင်ရတာ သိပ်မွန်းကြပ်တာပဲဟု ထင်မိ သည်။ ခဏလောက် မိခင်ဖြစ်သူရဲ့ဩဝါဒတွေ ညည်းညူသံတွေ ကို နားထောင်ရသည်။ ဆုသည် ခဏကြာအောင် နေပြီးနောက်

"ကဲ. . . မေမေ၊ ကြီးကြီးက နောက်ကျနေရင် စိတ်ပူနေ မှာစိုးလို့ ပြန်တော့မယ်နော်"

"အေး. . . မိဆုရေ့ နင်လည်း တစ်လကုန်တော့မှ တစ် ခေါက်ရောက်လာတော့တယ်နော်၊ တစ်ခါတစ်လေများ အမေ နေကောင်းရဲ့လားလို့ လာကြည့်ပါဦးလား"

"ဟုတ်ကဲ့ပါ မေမေ၊ ဆု အားရင် လာကြည့်ပါ့မယ်"

ဆုသည် မိခင်ဖြစ်သူကို နှုတ်ဆက်ကာ အိမ်ပေါ်မှ ခပ် သွက်သွက် ဆင်းလာမိသည်။ တော်ကြာ ဆု မတွေ့ချင် မမြင်ချင် သောသူနှင့် တွေ့ရမှာစိုးသည်လေ။

အိမ်ပြန်ရောက်တော့ နည်းနည်းနောက်ကျနေသဖြင့် ကြီးကြီး ပွစိပွစိလုပ်တာ ခံရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤသို့ဖြင့် ဆုသည် တစ်ရက်ပြီးတစ်ရက် သမားရိုးကျ နေ့များကို ဖြတ်သန်းပြီး မိုးမာန်ဆိုသောကောင်လေးကို မေ့လျော့သွားခဲ့ပြန်သည်။

ဆ ဆ ဆ ဆ





ဒီနေ့ ဆုနှင့်လဲ့လဲ့ အတန်းအားနေသဖြင့် FMI Center မှ ဆိုင်ခန်းကြည့်ရန် ထွက်လာခဲ့သည်။ လဲ့လဲ့ကတော့ အပြန် ဗိုလ်ချုပ်ဈေးပါ ဝင်ပြီး ပိတ်စကြည့်မည်ဟု ပြောသည်။

"ဟဲ့. . . ဆိုင်ခန်းကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ဈေးက နည်းနည်းကြီးနေသလားလို့"

"အေးလေ. . . ငါတို့ တကယ်လုပ်ဖြစ်ပြီဆိုမှ ဈေးဆစ်ကြည့်ကြတာပေါ့"

ဆုနှင့်လဲ့လဲ့သည် ရှယ်ယာတစ်ယောက်တဝက်ထည့်၍ ဆိုင်စတင်လုပ်ရန် စဉ်းစားနေပြီဖြစ်သည်။

"လာဟယ်. . . ဗိုလ်ချုပ်ဈေးထဲမှာ ပိတ်စ ပတ်ရှာရအောင်"


www.burmeseclassic.com

www.burmeseclassic.com



"အပြန်ကျရင် ရွှေဘုံသာလမ်းထဲက တိုကျိုကြက်ကြော် ဝင်စားရအောင်"

"အေး. . . ကောင်းသားပဲ၊ မစားရတာ ကြာပြီ"

နှစ်ယောက်သား အတိုင်အဖောက်ညီညီနှင့် ဗိုလ်ချုပ်ဈေးတစ်ဈေးလုံး ပတ်လို့ဝမှ ရွှေဘုံသာလမ်းဆီသို့ ထွက်ခဲ့သည်။

သူတို့နှစ်ယောက် ကြက်ကြော်နှင့် အအေးမှာပြီး လူရှင်းသော ခုံလွတ်တစ်ခုံတွင် ဝင်ထိုင်လိုက်သည်။ လဲ့လဲ့ကတော့ ကြက်ကြော်စောင့်ယူနေသည်။ ဆု ဘာရယ်မဟုတ် မှန်ချပ်အကြည်များ၏အပြင်ဘက်သို့ ငေးနေမိသည်။ ထိုစဉ် ဆု၏ မြင်ကွင်းထဲသို့ စုံတွဲလေးတစ်တွဲက ရွှင်မြူးစွာ ဝင်ရောက်လာသည်။

ကောင်လေးကလည်း ရယ်လို့မောလို့၊ ကောင်မလေးကလည်း ကောင်လေးရဲ့လက်မောင်းကို ချိတ်တွယ်ထားပြီး သဘောကျစွာ ရယ်မောလို့နေသည်။

"ဟင်. . . အဲဒါ ဟို မိုးမာန်ဆိုတဲ့ကောင်လေး မဟုတ်လား"

လဲ့လဲ့က ဆုရဲ့နောက်နားဆီမှ ပြောရင်း ဝင်ထိုင်သည်။ ကြက်ကြော်ဗန်းကို ဆုရဲ့ရှေ့မှာ ချပေးရင်း မိုးမာန်နှင့်သူ့ကောင်မလေးကို ကြည့်ပြီး. . .

"ဟယ်. . . ကြည့်စမ်း၊ ဒါ ဟိုကောင်မလေးမှတ်လား၊





ဒီကောင်မလေးက ပထမဆုံး တို့တွေ စတွေ့တဲ့နေ့က သူလိုက်တဲ့ ကောင်မလေးလေ၊ အခုကျတော့ ပြုံးလို့ရွှင်လို့၊ သူတို့ကြည့်ရတာ အတွဲဖြစ်သွားကြပြီထင်တယ်၊ အမလေး. . . တတ်လည်းတတ်နိုင်တယ်၊ ဒါကြောင့်မို့ ရှင့်ကို ပြောတာပေါ့ ဆုရဲ့၊ ဒီကောင်လေးကို သိပ်မရောနဲ့လို့၊ ရှင့်ကို သူ့ရဲ့နံပါတ်စဉ်တွေထဲက တစ်ယောက်လို့ လူတွေ ထင်ကုန်ဦးမယ်"

"အဟင်း. . . ဆုကလည်း သူ့လို သစ္စာမရှိတဲ့ကောင်လေးကို မစဉ်းစားပါဘူး လဲ့ရယ်၊ ပြီးတော့လည်း ဆုနဲ့က မတော်တဆ တွေ့တာပါ"

ဆုက ပြောပြီး ကြက်ကြော်ငုံ့စားနေပေမယ့် စိတ်ထဲကတော့ ဘာကိုမှန်းမသိ မကျေမနပ်ဖြစ်နေမိသည်။

မိုးမာန်နှင့် သူ့ကောင်မလေးကတော့ ဆိုင်ထဲ ဝင်လာပြီး ခပ်လှမ်းလှမ်းမှာ စားသောက်နေကြသည်။ ဆုတို့ကို မြင်တွေ့ဟန်မတူချေ။

ဆု မကြည့်မိအောင် ထိန်းချုပ်ထားသည့်ကြားမှပင် ကောင်လေးကို လှမ်းကြည့်မိသည်။

သူ့ပုံစံကြည့်ရတာ ပေါ့ပေါ့ပါးပါး ဘာကိုမှ အလေးအနက် မထားမှန်း သိသာလေသည်။

အေးလေ. . . အခုကောင်လေးတွေက ဒီလိုပါပဲလေ။ ပျော်မယ်ပါးမယ်၊ ရည်းစားတွေ ထည်လဲတွဲမယ်၊ အချိန်စေ့ရင်



www.burmeseclassic.com

www.burmeseclassic.com



မိဘဆီက လက်ဖြန့်မယ်။ ဒါကလွဲပြီး ဘာရှိဦးမှာလဲ။

ဆုသည် တွေးရင်း သက်ပြင်းရှိုက်လိုက်မိသည်။

"ကဲ့ . . ဆုရေ သိပ်ငေးမနေနဲ့ဦး၊ ယုဇနပလာဇာ ထပ်သွားရင် ကောင်းမယ်၊ လဲ့ကြိုက်တဲ့အစက မတွေ့လို့၊ ကဲ့ . . ကဲ့ . . သွားစို့"

လဲ့ သတိပေးလိုက်မှ ဆု ထိုင်နေရာမှ ထလိုက်သည်။ ဆုသည် ဆိုင်ထဲမှ စားပွဲတချို့ကို ကျော်ဖြတ်ပြီးမှ အပေါက်ဝသို့ ရောက်မည်ဖြစ်သည်။ ဆုသည် ဘာကြောင့်မှန်းမသိ၊ မိုးမာန်ရဲ့ နံဘေးမှ ဖြတ်သွားရမှာကို စိုးထိတ်မိသည်။

အို့ . . ဆုနဲ့ ဘာမှဆိုင်တာမှ မဟုတ်တာ၊ ဆုသည် ကိုယ့်စိတ်ကိုယ်တင်း၍ မိုးမာန်တို့အတွဲနားမှ ဖြတ်လျှောက်ခဲ့သည်။

"ဟာ . . . အစ်မပါလား၊ အစ်မ နေပါဦး"

မိုးမာန်ရဲ့ခေါ်သံကြောင့် ဆုရင်ထဲ ထိတ်ကနဲဖြစ်သွားပြီး ဆုရဲ့ခြေလှမ်းတွေ ရပ်တန့်သွားသည်။ ထို့ကြောင့် လဲ့လဲ့က နားမလည်သလို ကြည့်ရင်း . . .

"ဟဲ့ . . . သွားမယ်လေ ဆု"

"ခဏလေးပါ၊ ဟိုမှာ သူလာနေပြီ . . အားနာစရာ"

လဲ့လဲ့က ဘာမှပြန်မပြောပေမယ့် မကြိုက်မှန်းတော့ သိသာလှသည်။





"အစ်မရေ . . ခဏစောင့်နေနော်"

မိုးမာန်ထိုင်နေသောနေရာနှင့် ဆိုင်အပေါက်ဝက တော်တော်ဝေးသောကြောင့် ဆုထွက်ခွာသွားမှာစိုးပြီး ဆက်အော်နေသည်။ ခပ်သွက်သွက်လေး အပြေးတပိုင်း လျှောက်လာသော ကောင်လေးကို ကြည့်ပြီး ဆုရင်ထဲမှာ တစိမ့်စိမ့်နှင့် ကြေနပ်မိသည်။ ကောင်လေးက အမောတကော ရောက်လာပြီး . .

"အစ်မ ကျွန်တော့်ကို တွေ့ရဲ့သားနဲ့ ဘာလို့ မခေါ်တာလဲဗျာ"

"မင်း အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ၊ အခုတောင် မင်း အော်ခေါ်လို့ စောင့်နေတာ"

လဲ့လဲ့က ခပ်တင်းတင်း ဝင်ပြောသည်။ ဆုကတော့ ဘာမှ မပြောဘဲ မိုးမာန်ကိုသာ ငေးကြည့်မိသည်။ ကောင်လေးက လဲ့လဲ့ စကားကြောင့် စိတ်ကသိကအောက်ဖြစ်သွားပုံနှင့် ဆုကို နှုတ်ခေါင်းရှုံ့ပြသည်။

"အစ်မဆုက ဘယ်သွားဦးမှာလဲ၊ ကျွန်တော်လိုက်ပို့ပေးမယ်လေ၊ ဟိုမှာ ကျွန်တော့်ဘော်ဒါ သွားခေါ်လိုက်ဦးမယ်"

"နေပါစေကွယ် . . . တို့ဘာသာပဲ သွားပါ့မယ်၊ အခုလို သတိတရနဲ့ လာနှုတ်ဆက်တာကိုပဲ ဝမ်းသာပါတယ်၊ ကဲ . . ကဲ . . ဟိုမှာ မင်းကောင်မလေး လှမ်းကြည့်နေပြီ၊ စောင့်ရတဲ့သူလည်း အားနာစရာကြီးပါ၊ ကဲ . . . သွားတော့နော်"



www.burmeseclassic.com

www.burmeseclassic.com



ဆုက ကောင်လေးကို ချော့ချော့မော့မော့ ပြောလိုက်သည်။ ကောင်လေးက ဆုကို ဖြေရှင်းသလိုနှင့်. . .

"သူငယ်ချင်းတွေပါဗျာ"


"ဟုတ်ပါပြီ. . . သွားတော့မယ်နော်"

မိုးမာန်က ခပ်ပါးပါးလေး ပြုံးပြသည်။ ပြီးနောက် လက်ကလေးပိုက် ခေါင်းဆတ်ပြကာ ဆုရှေ့မှ ထွက်သွားလေတော့သည်။

ဆုကတော့ ကောင်လေးရဲ့နောက်ကျောကို ကြည့်၍ သက်ပြင်းခပ်ဖွဖွ ရှိုက်လိုက်မိတော့သည်။







# အခန်း(၄)

ထိုနောက်ပိုင်းရက်များမှာတော့ ဆုရဲ့အတွေးထဲသို့ မိုးမာန်ဆိုသော အပြုံးချိုချိုနှင့် ကောင်လေးက စိုးမိုးထားလေသည်။ ဆု ကောင်လေးအကြောင်းကို တွေးမိတိုင်း စိတ်ထဲမှာ လေးပင်စွာ ခံစားရသည်။ ပြီးတော့ မျက်နှာများလှသော ကောင်လေးကိုလည်း စိတ်တိုသလိုလိုနှင့်ပါ။

အို. . . ဒါတွေ ဆုနဲ့ ဘာဆိုင်လဲနော်။



www.burmeseclassic.com

www.burmeseclassic.com



ဆုသီရိစံဆိုသောမိန်းမဟာ သစ္စာမရှိတဲ့သူကို သိပ်မုန်းတယ် မဟုတ်လား၊ အထူးသဖြင့် သူ့လိုကောင်လေးမျိုးပါ၊ မုန်းလိုက်စမ်းပါ ဆုရယ်၊ အဲဒီမိုးမာန်ဆိုတဲ့ မျက်နှာများတဲ့ ကောင်လေးကို မုန်းလိုက်ပါ။

ဆု အတွေးထဲမှာ နစ်မျောနေတာကို လဲ့လဲ့ကပါ ရိပ်မိပုံဖြင့်. . .

"အခုတလော ဆုကို ကြည့်ရတာ တစ်မျိုးပဲ၊ တစ်ခုခုကြောင့် စိတ်ညစ်နေတဲ့ပုံပဲ၊ ဘာတွေ စိတ်ညစ်နေတာလဲ၊ လဲ့လဲ့ကို ထိုင်ပင်လေကွာ"

"ဘာမှမဟုတ်ပါဘူးဟာ. . . ဒီလိုပဲ ဟိုတွေးဒီတွေးနဲ့ အတွေးများနေတာပါ"

ဆု မလုံမလဲ ပြောပြီး စာအုပ်တစ်အုပ်ကို ကောက်ကိုင်လိုက်သည်။ လဲ့လဲ့က ဆုနဖူးကို လက်ဖြင့် လာစမ်း၍. . .

"ကိုယ်လည်း မနွေးပါဘူး၊ ဘာလဲ. . . အဖေကို လွမ်းတာလား၊ အမေ့ကို လွမ်းတာလား၊ ဒါမှမဟုတ် ချစ်ချစ်ကို လွမ်းတာလား"

"ဆုမှာ လွမ်းစရာချစ်သူမှ မရှိတာ လဲ့လဲ သိရဲ့သားနဲ့ စ,နေပြန်ပါပြီ"

"တကယ်မရှိတာနော်"

"တကယ်ပါကွာ"





ဆုသည် ရယ်မော၍ပြောလိုက်ပေမယ့် ဆုမျက်ဝန်းမှာ တစ်စုံတစ်ယောက်ကို မြင်ယောင်မိတာတော့ ဆိုးလှပါသည်။

ထို့နောက်ပိုင်းရက်များမှာတော့ ဆုထံသို့ မိုးမာန်၏ ချဉ်းကပ်မှုများကို ရင်ဆိုင်ရသည်။

"အစ်မရေ. . . အတန်းပြီးပြီလား၊ ကန်တင်းသွားမလို့ ထင်တယ်၊ ကျွန်တော်လည်း လိုက်မယ်နော်"

"ဪ. . . ရှတ်ပဲ"

မိုးမာန်က ဘာကိုမှ ဂရုမစိုက်ဟန်ဖြင့် ဆုအတန်းထဲမှ ထွက်ထွက်ချင်း ပြောသည်။ ဆုငြင်းလည်း အတင်းလိုက်မည့်ပုံမို့ ငြင်းနေလည်း ထူးမည့်ပုံ မပေါ်ပါ၊ ဆုသည် လဲ့လဲ့ကို အားနာသလို လှမ်းကြည့်မိသည်။

လဲ့လဲ့ကတော့ ဘာမှမပြောချင်ဘူး ဆုသဘောပါ ဆိုသည့်မျက်ဝန်းနှင့် ပြန်ကြည့်သည်။ ဆုလည်း မငြင်းဆန်တော့ဘဲ ကန်တင်းဆီသို့ လျှောက်ခဲ့သည်။ ကောင်လေးကတော့ ဆုနံဘေးမှ စကားတွေ တတွတ်တွတ် ပြောလိုက်လာသည်။

မိုးမာန်သည် ကျောင်းမှာ နာမည်ကြီးမို့ ဆုနှင့် တွဲတွေ့သည့်အခါ လူတွေက စူးစမ်းသလို ကြည့်ကြသည်။ လဲ့လဲ့ကတော့ ဆုဘေးမှ တိတ်ဆိတ်စွာ လိုက်လာသည်။

"ကဲ. . . ဘာသောက်မလဲ မှာလေ"

အရင်ကဆို သူများနောက်မှ လိုက်တတ်သော ဆုသည်



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါတော့ မိုးမာန်ကို စမေးလိုက်သည်။ ကော်ဖီပူပူတစ်ခွက် ဆုရှေ့ရောက်လာပြီးနောက်မှာတော့. . .

"ကဲ. . . ပြောပါဦး၊ တို့ကို ဘာများ ပြောစရာရှိလို့လဲ"

"အဟား. . . အစ်မကလည်း၊ ပြောစရာရှိမှ လာရမှာလား၊ အစ်မနဲ့ကျွန်တော်က ခင်နေပြီလေ၊ ဒါကြောင့် လာလည်တာ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမယ့် တို့ဆီ ခဏခဏ လာနေတော့ လူတွေက တစ်မျိုးထင်ကုန်မယ်လေ၊ တို့ကို မင်းတွဲနေကျ ကောင်မလေးတွေထဲက တစ်ယောက်လို့ အထင်မခံနိုင်ဘူး. . . သဘောပေါက်ပါတယ်နော်"

ဆုက ခပ်ပြတ်ပြတ် ပြောလိုက်ပေမယ့် မိုးမာန်က အပြုံးတစ်ချက်မှ မပျက်ပေ။ ဆုကို ခပ်ပြုံးပြုံးကြည့်၍. . .

"ဟုတ်ပါတယ်. . . အစ်မပြောတာ ကျွန်တော်လက်ခံပါတယ်၊ ဒါပေမယ့် ကျွန်တော်က ခင်ချင်တာလေ၊ အစ်မမျက်နှာကို မြင်ချင်တာလေ၊ အစ်မမျက်နှာလေးကို မြင်လိုက်ရရင်ကို ကျွန်တော် ကျေနပ်ပါပြီ"

မိုးမာန်စကားကြောင့် ဆုသည် ကိုယ့်ကိုယ်ကို သတိပေးနေသည့်ကြားမှ နှလုံးခုန်နှုန်းတွေ ပူနွေးမြန်ဆန်သွားသည်။

မိုးမာန် ဘယ်လိုအဓိပ္ပါယ်မျိုးနှင့် ပြောနေသလဲဟု ခန့်မှန်းကြည့်နေမိသည်။ ငြိမ်သက်တိတ်ဆိတ်မှုကို လှဲ့လှဲ့က





စတင်၍ဖြိုခွင်းလိုက်သည်။

"ဒီမှာ မိုးမာန်၊ တို့တွေက မင်းတွဲနေကျ မိန်းကလေးတွေလို မဟုတ်ဘူး၊ အဲဒီတော့ ဖြစ်နိုင်ရင် မင်း တို့တတွေနဲ့ မပတ်သက်မိအောင် နေပေးပါ၊ တို့တတွေကလည်း မင်းနဲ့ ပတ်သက်နေတယ်လို့ အထင်မခံနိုင်ဘူး. . . သိက္ခာကျတယ်"

"မပတ်သက်မိအောင် မနေနိုင်ဘူးဆိုရင်ရောဗျာ"

မိုးမာန်ရဲ့လေသံက မာဆတ်ဆတ်ပါ။

"လဲသေလိုက်ပေါ့"

"ဟယ်. . . လှဲ့ကလည်းကွယ် အားနာစရာ၊ ကိုယ့်ကို ခင်လို့ လာတာပဲဟာ၊ သူက ရိုးရိုးသားသား အစ်မလိုလို့ ပြောတာပဲလေ"

ဆုက အားနာစွာ ကြားဝင်ပြောတော့မှ လှဲ့လှဲ့က ထိုကောင်လေးကို မကျေနပ်သလို ကြည့်ပြီး ငြိမ်သက်သွားလေသည်။

မိုးမာန်က ဘာမှမဖြစ်သလို ပြုံးစိစိမျက်နှာနှင့် ကြည့်ရင်း

"အစ်မသူငယ်ချင်းက စွာတယ်နော်၊ ဒါတောင် သူ့ဆီလာတာမဟုတ်ဘူး၊ အစ်မဆီ လာတာ၊ သူ့ဆီသာ လာရင်တော့ ကျွန်တော်အသက်တောင် ပြန်ပါပါ့မလား မသိဘူး. . ဟဲ. . ဟဲ"

မိုးမာန်က ပြောင်စပ်စပ်မျက်နှာနှင့် ပြောပြီး အခုကောင်လေးတွေပုံစံ ပခုံးတွန့်ပြသည်။ ဆုကတော့ အားရယ်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ် ထိုအမူအယာကိုပင် ငေးမောကြည့်မိသွားသည်။

"ကဲ. . . အစ်မဆုရေ၊ ကျွန်တော်သွားမယ်နော်၊ လာလည်မိတာ ဆောရီးဗျာ၊ နောက်ဆို ခဏခဏ လာမလည်တော့ဘူးနော်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ အမြဲရှိနေမယ် သိလား။ ကျွန်တော့်ကို မကြည်ဖြူသူက ရှိနေတော့ ကျွန်တော်ကြောက်တယ်ဗျ၊ ကဲ. . ကဲ. . ဒေါ်စိတ်တိုကြီး၊ သွားလိုက်ပါဦးမယ်နော်"

လဲ့လဲ့ကို နောက်သလို ပြောပြီး လဲ့လဲ့ ဘာမှပြန်မပြောနိုင်ခင်မှာပင် ကန့်တင်းထဲမှ ပြေးထွက်သွားလေတော့သည်။ လဲ့လဲ့မှာတော့ စိတ်တွေ တိုပြီး ကျန်ရစ်သည်။

"ဟွန်း. . . ဘယ်လိုအချိုးမှန်းကို မသိဘူး ဆုရယ်၊ အစ်မ[illegible]စ်မနဲ့ တုကယ့်ကို ငပွေလေး၊ လဲ့တော့ဖြင့် တစ်စက်မှ ကြည့်မရဘူး"

"ဪ. . . လဲ့ရယ်၊ သူက ခင်လို့ စသွားတာနေမှာပေါ့၊ စိတ်မဆိုးပါနဲ့"

ဆုက မိုးမာန်ဘက်မှ ကာကွယ်ပေးပြီး ပြောပေးမိသည်။ လဲ့လဲ့ကတော့ မကျေနပ်သလိုပုံစံမျိုးနှင့်. . .

"ဆုရာ. . . နောက် ဒီလိုကောင်လေးမျိုးနဲ့ အရောမဝင်စမ်းပါနဲ့"

"အင်းပါ လဲ့ရယ်၊ သူက လာခေါ်တော့ အားနာလို့ပါ"

"အဲဒီလို ကြပ်ကြပ်အားနာ သိလား၊ စိတ်ဓါတ်က ပျော့





ပျော့နဲ့ ဒီလိုကောင်လေးမျိုးက တစ်ချက်လှည့်ပဲရှိတယ်၊ သူက ဆရာကြီးဆိုတာ သိရဲ့သားနဲ့များ"

"ကန့်တင်းတစ်ခါလေး ထိုင်တာနဲ့ ဘာမှမဖြစ်ပါဘူး လဲ့ရယ်"

ဆုက ခပ်ဖွဖွ ပြောလိုက်မိသည်။ ထို့နောက်ပိုင်းများမှာတော့ မိုးမာန်က သူ့ကတိတည်တာပဲလား၊ ဒါမှမဟုတ် အခြားလမ်းကြောင်းများနေ၍ပဲလား မသိပါ။ လုံးဝပေါ်မလာတော့ချေ။

ထိုအခါ လဲ့လဲ့နှင့်ဆုကြားတွင်လည်း ကောင်လေးနှင့်ပတ်သက်၍ အချင်းများစရာ မလိုအပ်တော့ပေ၊ ဆုတို့ကြားမှာလည်း မိုးမာန်ဆိုသောနာမည်က တဖြည်းဖြည်း လွင့်ပါးပျောက်ကွယ်သွားတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနှစ် စာမေးပွဲကြီးလည်း ပြီးဆုံးသွားပြီမို့ ဆုတို့ [illegible] စီစဉ်ထားသည့်အတိုင်း ဖက်ရှင်ဆိုင်လေး ဖွင့်နိုင်ရန် ကြိုးပမ်းကြသည်။ ဆုနှင့် လဲ့လဲ့ ရှယ်ယာတစ်ယောက်တဝက် ထည့်ပြီး ရှော့ပင်းစင်တာကြီးတစ်ခုတွင် ဖက်ရှင်ဆိုင်တစ်ဆိုင် ဖွင့်ဖြစ်သွားလေသည်။

ဒီနေ့တော့ ဆုသည် ဖက်ရှင်ဆိုင် ဖွင့်ထားရာ ရှော့ပင်းစင်တာကြီးသို့ နည်းနည်းစော၍ထွက်ခဲ့သည်။ ဆု လမ်းထိပ်အရောက် ကားကို ကွေ့လိုက်ရာ လမ်းထောင့်တွင် လူတစ်ယောက် လက်ပြပြီး ကားကို တားနေတာ တွေ့လိုက်သည်။

ပထမတော့ ကားမရပ်ဘဲ ဆက်သွားရန် စဉ်းစားမိပေမယ့် ဆုမြင်ဖူးသောသူတစ်ယောက်ဟု ထင်မိ၍ ကားကို ဘရိတ်





အုပ်လိုက်မိသည်။

"အစ်မ"

ဆုကားနားရောက်လာခဲ့သူက ဆု ရက်အတန်ကြာ မေ့ပျောက်နေမိသော မျက်နှာတစ်ခုကို တွေ့လိုက်ရသည်။

မိုးမာန်က သူ့ရဲ့မူပိုင်အပြုံးချိုချိုလေးနှင့် . . .

"အစ်မ ဘယ်လဲ၊ အစ်မကားနဲ့ ကျွန်တော်လိုက်လို့ရမလား"

"ဩော် . . . အင်း"

"အချိန်ရသေးတယ်မှတ်လား၊ ကျွန်တော်လိုက်ခဲ့ချင်တယ်၊ ကျွန်တော့်ကို အချိန်နည်းနည်းပေးပါလား"

ဆုသည် ပထမတော့ ငြင်းဆန်လိုက်ဖို့ စဉ်းစားမိပေမယ့် ရက်ပေါင်းများစွာ လွမ်းဆွတ်နေခဲ့မိသော ဆုရဲ့နှလုံးသားက ဒီတစ်ခါတော့ မနာခံချင်တော့ပေ၊ ခပ်တွေတွေလေး ရပ်နေသော ဆုကို မိုးမာန်က ဒုတိယအကြိမ် ထပ်ခေါ်လိုက်သည်။

"လုပ်ပါ အစ်မဆုရဲ့၊ ဒေါ်စိတ်တိုကြီးလည်း မပါဘူးမဟုတ်လား"

ဆု ဆက်လက်၍မတွေဝေနေတော့ဘဲ ကားတံခါးကို ဖွင့်ပေးလိုက်သည်။

"ဘယ်သွားရင် ကောင်းမလဲ အစ်မ"

"တို့ မသိဘူးလေ . . . သင့်တော်မယ့်နေရာ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



သွားပေါ့"

"အစ်မကတော့ လုပ်ပြီ"

မိုးမာန်က စဉ်းစားသလို မျက်ခုံးလှုပ်နေပြီးမှ. . .

"အဟဲ. . . ရွှေတိဂုံဘုရား သွားရင် ကောင်းမလား အစ်မ၊ ဒီနေ့က ကျွန်တော့်မွေးနေ့အစစ် မဟုတ်ပေမယ့် မွေးရက် ကြာသပတေးဆိုတော့လေ၊ ပြောသာ ပြောရတာပါ၊ မွေးနေ့ အစစ်ဆိုလည်း သွားတာမှ မဟုတ်တာ၊ အဟဲဟဲ. . . အခုမှ အစ်မနဲ့ သွားချင်လို့"

ဆု ဘာမှပြန်မပြောဘဲ ကားစက်နှိုးလိုက်သည်။ ဒီနေ့တော့ ဆိုင်ကို နောက်ကျမှ ရောက်တော့မည်ဟု တွေးလိုက်မိသည်။

အို. . . နောက်ကျလည်း ကျပါစေပေါ့၊ တစ်ခါတစ်လေပဲ။ လဲ့လဲ့ ဖွင့်ထားမှာပေါ့။

ဆုသည် ရွှေတိဂုံဘုရားသို့ပဲ ဦးတည်မောင်းလိုက်သည်။

"ဟာ. . . အစ်မ တကယ်ပဲ ရွှေတိဂုံဘုရားကို မောင်းတာပေါ့၊ ရပဟူး. . . ကျွန်တော်ပျော်သွားပြီ၊ အစ်မနဲ့ အတူတူ ဘုရားသွားရတော့မှာပေါ့၊ ဟဲ. . ဟဲ. . ဘုရားသွားကျောင်းတက် အတူတူပေါ့လေ"

ကောင်လေးရဲ့ ရိုးသဲ့သဲ့စကားတွေကို ဆု ဒေါသဖြစ်ရမည့်အစား သာယာကြည်နူးကာ ရင်တခုန်ခုန် ဖြစ်နေတော့





သည်။

"မင်းက စကားသိပ်တတ်တာပဲနော်"

"မတတ်ပါဘူး အစ်မရဲ့၊ ကျွန်တော်က အစ်မနဲ့ တွေ့မှ ပြောတာပါ၊ တခြားကောင်မလေးတွေကို တွဲသာတွဲတယ်. . . သူစိမ်းတွေလိုပဲ၊ အစ်မနဲ့ကျမှ ကိုယ့်အစ်မလို ခံစားရတယ်၊ ပြီးတော့ အစ်မရဲ့မျက်နှာအေးအေးလေး မြင်ရင် စိတ်ချမ်းသာတယ်လေ"

"နေပါဦး. . . တို့ကို အစ်မ အစ်မနဲ့ မင်းနဲ့တို့ အသက် ဘယ်လောက်ကွာလို့လဲ"

"ကျွန်တော်က နှစ်ဆယ်. . . အစ်မကရော"

"တို့က နှစ်ဆယ့်နှစ်"

"ဟာ. . . ဒါဆိုရင်တော့ ကျွန်တော်လွန်ပြီပေါ့၊ အစ်မ မျက်နှာက အရမ်းတည်ငြိမ်လို့ အစိတ်လောက်တော့ ထင်မိတယ်. . . ဆောရီးပဲ၊ ဒီနေ့ကစပြီး သူများတွေ ခေါ်သလို ဆုလို့ ခေါ်တော့မယ်၊ ဒါပေမယ့် သူများတွေ ခေါ်တဲ့ အမိပ္ပါယ်နဲ့တော့ မတူဘူးဗျ"

ဆုက မိုးမာန်ကို စူးစမ်းသလို လှမ်းကြည့်လိုက်သည်။ ကောင်လေးက ပြန်ပြုံးပြရင်း. . .

"အခုတော့ မရှင်းပြသေးဘူး၊ နောက်မှ ကျွန်တော် ဆုလို့ ခေါ်တဲ့အကြောင်း ရှင်းပြမယ်ဗျာ၊ ဆု. . ဆု. . သိပ်ခေါ်လို့



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာပဲဗျာ"

"အို. . ."

မိုးမာန်က ပြောရင်းမှ ကားမောင်းနေသော ဆုရဲ့လက်ကို ဆုပ်ကိုင်လိုက်တာကြောင့် ဆု ရှက်လန့်တကြား ရုန်းလိုက်မိသည်။

ကောင်လေးက ဘာမှမဖြစ်သလိုမျက်နှာနှင့် ငြိမ်နေသည်။

"ဆု. . . ဘုရားရောက်နေပြီ၊ ကားပါကင် တွေ့လား၊ ဟိုနေရာမှာ ဝင်ရပ်လိုက်"

"အင်း. . . အင်း"

ဆုသည် ကားပါကင် ထိုးလိုက်ပြီး ကားသော့ပိတ်ကာ ဆင်းလိုက်သည်။ မိုးမာန်က ကားတံခါးကို ပိတ်၍ ခပ်ရီရီ ငေးကြည့်နေသည်။

"ဆုက သိပ်လှတာပဲဗျာ"

"မြှောက်နေပြန်ပြီ. . . မုန့်ဝယ်ကျွေးပါ့မယ်ကွယ်"

"မုန့်မစားရလည်း တကယ်ပြောတာပါ၊ ကဲ. . ကဲ. . ခြေထောက်နဲ့ပဲ တက်မယ်နော် ဆု၊ ဒါမှ ပန်းတွေဘာတွေ ဝယ်သွားလို့ရမှာ"

ဘုရားပေါ်သို့ တက်မည့် လှေကားထစ်များရဲ့အစ ရောက်တော့ ဆုက ဖိနပ်ချွတ်သည်။ ဆု ဖိနပ်ကို ကိုင်မည်လုပ်





တော့ မိုးမာန်က ဆုဆီမှ ဖိနပ်ကို အတင်းလုယူသည်။

"ပေး. . . ဆု၊ ကျွန်တော် ဖိနပ်ကိုင်ပေးမယ်"

"အို. . . မကိုင်ပါနဲ့၊ တို့ဖိနပ် တို့ကိုင်ပါ့မယ်"

"ပေးပါဗျာ. . . ခဏနေကျ ဖိနပ်အပ်တဲ့ဆီ ရောက်တော့မှာပဲ၊ ဘာမှအပန်းမကြီးပါဘူး"

မိုးမာန်က အတင်းလုကိုင်တာကြောင့် ဆုလည်း ဆက်မလုပ်နိုင်တော့ဘဲ ပေးလိုက်ရသည်။ ဘာကြောင့်မှန်းမသိ ဆုရင်ထဲမှာ ပီတိလှိုင်းတွေ ထသွားမိသည်။

"ဆုပဲ ပန်းတွေ ကြည့်ဝယ်နော်၊ ကျွန်တော်က မဝယ်တတ်ဘူး"

"ဘယ်လိုဝယ်မှာလဲ"

"ကောင်းသလိုပေါ့. . . သက်စေ့ဆို ကောင်းမလား ဆု"

"အများကြီး ဖြစ်နေမှာပေါ့"

"ဒါ့ကြောင့် ဆုကောင်းသလိုလုပ်လို့ ပြောတာပေါ့ဗျ"

ဆုက ပြုံး၍ခေါင်းညိတ်ပြီး ပန်းတွေ ဝယ်လိုက်သည်။

"ကျွန်တော်လေ. . . ဘယ်မိန်းကလေး သူငယ်ချင်းနဲ့မှ ဘုရားပေါ် မတက်ဖူးဘူး၊ အခု ဆုနဲ့ တက်တာ ပထမဆုံးပဲ"

"တကယ်လား. . . ဘုရားပေါ်မှာ မညာရဘူးနော်"

"မညာပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ပြောတာပဲ"

ဆုသည် ကောင်လေးနှင့် စကားပြောနေချိန်တွင် အရာအားလုံးကို မေ့လျော့ပြီး ကြည်နူးနေမိသည်။ ထိုစဉ်မှာပင် ဆုဟန်းဖုန်းမြည်လာတာကြောင့် ဖွင့်နားထောင်လိုက်သည်။

"ဟဲ့. . . ဆု ဆိုင်မလာဘူးလား၊ နောက်ကျနေပြီ"

လဲ့လဲ့အသံမို့ ထိတ်ခနဲဖြစ်သွားသည်။

"လာမှာပေါ့ဟယ်. . . ကိစ္စလေး ရှိလို့ နင်ပဲ အရင်ကြည့်လုပ်ထားလိုက်နော်"

"အေးပါ. . အေးပါ. . မြန်မြန်လာနော်"

ဆု ဖုန်းပိတ်၍ မိုးမာန်ကို ကြည့်လိုက်သည်။

"ဘယ်သူလဲ. . . ဆုသူငယ်ချင်းလား"

"အင်း. ."

"သူက ကျွန်တော့်ကို ကြည့်မရဘူး ထင်တယ်နော်"

ကောင်လေးက လူပါးမို့ လဲ့လဲ့အကြောင်း ပြောလိုက်သည်။

"အေးကွ. . . သူက မင်းကို ရည်းစားများလို့ဆိုပြီး ကြည့်မရဘူး၊ နေပါဦး. . . မင်းရည်းစားတွေက သက်စေ့တောင် မကတော့ဘူး ထင်ပါရဲ့"

ဆုပါးစပ်မှ မရည်ရွယ်ပါပဲ ခပ်တင်းတင်းလေး ထွက်သွားမိသည်။ ဆုပုံစံက ကောင်လေးကို ရည်းစားများ၍ စိတ်ဆိုး





မိသည့်ပုံစံမျိုး ဖြစ်နေပြီလား။

မိုးမာန်ကတော့ အပြုံးမပျက်ဘဲ. . .

"ဆုကလည်းဗျာ. . . ရည်းစားဆိုတာ အပျင်းပြေ သွားစရာ အဖော်ပါ။ ဘယ်နှစ်ယောက် ထားမိမှန်းတောင် မသိတော့ဘူး"

"အင်းလေ. . . ကောင်းပါတယ်၊ တစ်နေ့နေ့မှာတော့ အပျင်းပြေ မဟုတ်ဘဲ မင်းတကယ်ချစ်နိုင်မယ့် တန်ဖိုးထားနိုင်တဲ့ သူလေးတစ်ယောက်နဲ့ ဆုံစည်းပါစေလို့ တို့ ဆုတောင်းတယ်"

ဆုက အလေးအနက် ပြောလိုက်သည်။ မိုးမာန်က တစ်စုံတစ်ရာကို တွေးနေပုံဖြင့် တွေတွေလေးဖြစ်သွားသည်။ ပြီးနောက်မှာတော့ ချက်ချင်းပြုံးပြုံးရွှင်ရွှင်ဖြစ်သွားပြီး ဘုရားရှိခိုးပြီး ရွှေတိဂုံစေတီတော်ကြီးကို တစ်ပတ်,ပတ်ပြီး ဘုရားပေါ်မှ ပြန်ဆင်းခဲ့သည်။

"ကျွန်တော် ဘာတွေဆုတောင်းခဲ့လဲလို့ ဆု မမေးတော့ဘူးလား"

"မမေးတော့ပါဘူးကွယ်. . . မင်းတောင်းတဲ့ဆု ပြည့်ပါစေ"

"ကျွန်တော်ချစ်တဲ့သူရဲ့အချစ်ကို အမြန်ဆုံး ရပါစေလို့လေ"

ဆု ဘာမှပြန်မပြောဘဲ ကားစက်နှိုးလိုက်သည်။ စိတ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီကောင်လေးဟာ ငါ့အပေါ် မရိုးသားတော့ဘူးဟု ထင်မိသည်။

"ဆုရေ. . . ဆိုင်တစ်ဆိုင် မောင်းနော်၊ ကျွန်တော် ကျွေးပါ့မယ်၊ ဆု ကျောင်းပြီးသွားတော့ မတွေ့ရတာ ကြာပြီလေ၊ တွေ့ချင်ပေမယ့် ဆုသူငယ်ချင်းကို ကြောက်လို့လေ"

"ဟုတ်တယ်. . . တို့နှစ်ယောက်ပေါင်းပြီး Fashion Shop ဖွင့်ထားတာ. . . လာအားပေးပေါ့၊ ဒီမှာ ဆိုင်ကဒ်"

"လာချင်ပေမယ့် ဆုသူငယ်ချင်းကို ကြောက်ပါတယ်ဗျာ၊ ဒါနဲ့ ဆုဘာကြိုက်လဲ"

"တို့က ယိုးဒယားအစားစာ ကြိုက်တယ်၊ ချဉ်ချဉ်စပ်စပ်ပေါ့"

"ဒါဖြင့် သွားစားရအောင်လေ"

ဆုက စားနေကျ ယိုးဒယားစာ ရောင်းသည့်ဆိုင်သို့ ခေါ်သွားသည်။

"ထည့်စား. . . မင်းကတော့ ယောကျ်ားလေးဆိုတော့ ချဉ်ချဉ်စပ်စပ်တွေ ကြိုက်လား မကြိုက်ဘူးလား မသိဘူး၊ တို့က တော့ ကြိုက်တယ်၊ တုန်ယန်းဟင်းချိုတို့ဘာတို့ပေါ့"

"ဆု ကြိုက်ရင် ကျွန်တော်လည်း ကြိုက်မှာပေါ့၊ ဒါနဲ့ ကျွန်တော်နဲ့ ဆု အခုလို သွားနေရတာ ပျော်ရဲ့လားဟင်၊ စိတ်ရော မပျက်ဘူးလား"





"မပျက်ပါဘူးကွာ. . . မင်းကို တို့က တို့ရဲ့မောင်ဆိုးလေးတစ်ယောက်လိုပဲ သဘောထားပါတယ်"

"ဟာ. . . တကယ်လား၊ ကျွန်တော်ပျော်သွားပြီ၊ ကျွန်တော်ကလည်း ဆုလို နားလည်ပေးနိုင်တဲ့သူမျိုး လိုချင်နေတာ၊ ကျွန်တော့်ကို နားလည်ပေးနော် ဆု၊ မောင်ဆိုးလေးတစ်ယောက်လိုပဲ သဘောထားပေါ့"

ဆု ဘာမှမပြောဘဲ တိတ်ဆိတ်နေလိုက်တော့သည်။ ဆု စိတ်ထဲမှာလည်း ကြည်နူးသလိုလေး ခံစားနေရတာကိုတော့ ဝန်ခံပါသည်။

"သွားပြီ ဆုရေ. . . တာ့တာ"


ရွှင်မြူးသွက်လက်စွာ ထွက်သွားသော ကောင်လေးကို ဆု မျက်စိတဆုံး ငေးကြည့်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

ထိုနောက်ပိုင်းရက်များတွင် မိုးမာန်နှင့်ဆု မကြာခဏ တွဲသွားတွဲလာ လုပ်မိသည်။ ဒါကို မကြာခင်မှာပင် လဲ့လဲ့က ရိပ်မိသွားလေတော့သည်။

ဆုသည် လဲ့လဲ့ကို ရင်မဆိုင်ရဲသလိုလို မလုံမလဲ ဖြစ်သလိုလိုနှင့် ရှောင်နေမိသည်။ လဲ့လဲ့ကလည်း သူ့ဖာသာ အလုပ်ရှုပ်သလိုလိုနှင့် ဆုကို မခေါ်ဘဲ နေသည်မို့ လူနှစ်ယောက်တည်း





ရှိသောဆိုင်မှာ အေးတိအေးစက်နေသည်။

နောက်ဆုံးမှာတော့ ဆု ဘယ်လိုမှ မနေနိုင်တော့ကာ အရင်စခေါ်လိုက်သည်။

“လဲ့. . လဲ့. . ခေါ်နေတယ်လေကွာ”

“ဘာလဲ ဆု. . . ပြောလေ”

“လဲ့ ဘာဖြစ်နေတာလဲဟင်”

“ဘာမှမဖြစ်ပါဘူး. . . ဒီလိုပါပဲ”

ဆုက ကျောခိုင်း၍ စာရင်းရေးနေသော လဲ့ကို ဆွဲလှည့်လိုက်သည်။

“ဆုကို မကျေနပ်ရင် မကျေနပ်ဘူးလို့ ပြောလိုက်ပါလဲ့ရယ်”

လဲ့က ပြုံးလိုက်သည်။

“ဆုရယ်. . . နင်လည်း လွတ်လပ်တဲ့သူတစ်ယောက်ပဲ၊ နင် ကြိုက်တာ နင်ဆုံးဖြတ်ပြီး ကြိုက်တဲ့သူနဲ့ တွဲနိုင်ပါတယ်၊ ငါနဲ့ ဘာမှ မဆိုင်ပါဘူး၊ ငါ အရင်က နင့်ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဝင်ပါမိတာ ဆောရီးပဲဟာ”

လဲ့ရဲ့ ခပ်စိမ်းစိမ်းစကားကြောင့် ဆု ရုတ်တရက် ဘာမှ ပြန်မပြောနိုင်ဘဲ ငြိမ်သက်သွားသည်။

“လဲ့ရယ်”

ဆု စိတ်မကောင်းလည်း သူငယ်ချင်းနှစ်ယောက်ရှိတာ



www.burmeseclassic.com

www.burmeseclassic.com



မခေါ်မပြော နေလျှင်လည်း မကောင်းသဖြင့် ရှင်းပြရန် ကြိုးစား လိုက်သည်။ လှဲ့ ဘာကြောင့် မိုးမာန်ကို မုန်းတီးနေရသည်ဆိုတာ စဉ်းစားလို့မရချေ။

"လှဲ့မကြိုက်တာ ဆု နောက်ထပ် ဘာမှမလုပ်တော့ပါ ဘူးလို့ ကတိပေးတယ်ကွာ၊ ဆုကိုတော့ ဒီလိုကြီး မဆက်ဆံပါနဲ့ မခံစားနိုင်ဘူး"

ဆုသည် အချစ်ဆုံးသူငယ်ချင်းကို စိတ်ပြေရန် ချော့ လိုက်သည်။ လှဲ့ကတော့ နားလည်ရခက်သောအပြုံးဖြင့်. . .

"ဒီမှာ. . . ဆု၊ ဘယ်လောက်ပဲ ချစ်တဲ့သူငယ်ချင်းပဲဖြစ် ဖြစ် ချစ်သူနဲ့ ယှဉ်လာရင်တော့ ချစ်သူဘက် အလေးသာတာ ချည်းပဲ မဟုတ်လား"

"မဟုတ်ပါဘူး လှဲ့ရယ်၊ ဆုတို့က ချစ်သူတွေ မဟုတ်ပါ ဘူး၊ မောင်နှမလို ရိုးရိုးသားသား ခင်ကြတာပါ"

"မောင်နှမလို ဟုတ်ရဲ့လား ဆု. . . အဟား၊ ကဲပါကွာ ဆုဖာသာ စိတ်ချမ်းသာအောင်ပဲ နေပါ၊ တို့တွေ အရင်ကလိုပဲ ပြန်နေကြတာပေ့ါ၊ လှဲ့လည်း ဆုကို ခင်ပါတယ်၊ ဒါပေမယ့် ကတိ တစ်ခုတော့ ပေးရမယ်၊ တို့တွေ စကားပြောတဲ့အခါ အဲဒီကောင် လေးအကြောင်း လုံးဝထည့်မပြောပါဘူးလို့"

လှဲ့က ခပ်တည်တည်ဖြင့် ကတိတောင်းတော့ သူငယ် ချင်းကို အရမ်းချစ်သောဆုသည် ခေါင်းဆတ်ပြလိုက်မိတော့ သည်။

"စိတ်ချပါ လှဲ့ရယ်၊ လှဲ့မကြိုက်ရင် ဆုမပြောပါဘူး၊ သူ့နဲ့ တင်းနိုင်အောင် ကြိုးစားပါ့မယ်၊ လှဲ့သာ ဆုကို အရင်ကလို ပြန် ခေါ်နော်၊ ဆုလေ. . . သူ့ကို ပြတ်နိုင်အောင် ကြိုးစားပါ့မယ်၊ ရိုးရိုးပဲ ခင်တာပါ၊ သူကသာ. . ."

ဆု စကားကို ဆက်မပြောဘဲ ရပ်တန့်လိုက်သည်။ လှဲ့က ဆုလက်ကို ခပ်ဖွဖွ ဆုပ်ကိုင်၍. . .

"အေးပါ သူငယ်ချင်းရယ်၊ ငါတို့ကြားမှာ ကြားလူမရှိစေ ရဘူး၊ နောက်လည်း မရှိစေရဘူး၊ ငါတို့ ဒီအကြောင်းကို မေ့ထား ကြစို့၊ နင်လည်း ထပ်မပတ်သက်နဲ့တော့ဟာ"

ဆုသည် ယောင်ယမ်းပြီး ခေါင်းဆတ်ပြလိုက်မိသည်။ ဘာပဲဖြစ်ဖြစ် လှဲ့ကျေနပ်လျှင် တော်ပါပြီ၊ ဆုသည် သူငယ်ချင်းကို ချစ်ခင်သူ စိတ်ပျော့သူတစ်ယောက်လည်းဖြစ်ပါသည်။

အဲဒီနောက်ပိုင်းမှာတော့ ဆုသည် မိုးမာန် ဖုန်းလာလျှင် ခကိုင်ဘဲ နေသလို လာစောင့်လျှင်လည်း မမြင်ချင်ယောင် ဆောင်ပြီး နေမိသည်။

ဆုတို့ သူငယ်ချင်းနှစ်ယောက်လည်း ပြန်ပြေလည်သွား ပါသည်။ သို့သော် ဆု တွေးမရတာက လှဲ့လှဲ့သည် ဘာကြောင့် မိုးမာန်ကို မုန်းသလဲဆိုတာပင်ဖြစ်သည်။

အို. . . တော်ပါပြီ၊ ဒါတွေ တွေးမနေတော့ပါဘူး၊ အာရုံ





www.burmeseclassic.com

နောက်ပါတယ်၊ လဲ့လဲ့နဲ့ ပြေလည်လျှင် တော်ပြီဟု တွေးလိုက်မိသည်။





"ဆု. . ဆု. . နေပါဦး. . . ခဏစောင့်ပါဦး၊ ကျွန်တော့်ကို ခဏလေးပါ"

အော်ခေါ်သံ ကြားပေမယ့် ဆုသည် ခြေလှမ်းကို ရပ်တန့်မသွားဘဲ ပို၍မြန်အောင် ကားဆီသို့ သွားလိုက်သည်။

"ဆု. . . ကျွန်တော်ခေါ်နေတယ်လေဗျာ"

ယောကျ်ားခြေလှမ်းနှင့် မိန်းမခြေလှမ်းမို့ မကြာခင်မှာ ဝင် ဆုကို မီလာပြီး ပြောသည်။ ဆု ဘာမှ ဂရုမစိုက်ဘဲ ဆက်လျှောက်သွားသည်မို့ မိုးမာန်က ဆုလက်တစ်ဖက်ကို လှမ်းဆွဲလိုက်သည်။

"ဆု ဘာဖြစ်နေတာလဲ၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ကျွန်တော့်ကို ဒီလိုဆက်ဆံရတာလဲ"

www.burmeseclassic.com

"တို့လက်ကို အခုလွှတ်လိုက်ပါ"

ဆုက မိုးမာန်ကို စိုက်ကြည့်ပြီး ပြောလိုက်သည်။

"မလွှတ်ဘူးဗျာ. . . ဆု သိပ်ရက်စက်တယ်၊ ကျွန်တော့်မှာ ဘာအပြစ်မှ မရှိဘဲနဲ့ ကျွန်တော့်ကို ဒီလို ရက်ရက်စက်စက် ဆက်ဆံတဲ့အကြောင်းအရင်းက ဘာလဲ ဆု"

"အကြောင်းအရင်း ဟုတ်လား၊ မင်းနဲ့တို့ကြားမှာ အဲဒီအကြောင်းအရင်းကို ပြောရလောက်အောင် မရင်းနှီးဘူး ထင်တယ်"

"ဘယ်လိုပြောလိုက်တာလဲ ဆုရယ်. . . ရက်စက်လိုက်တာဗျာ"

ဆုက လက်ကို အတင်းရုန်းပြီး လွှတ်ခိုင်းပေမယ့် မရချေ။

"လာပါဗျာ. . . ဆုနဲ့ကျွန်တော် တစ်နေရာ သွားပြီး စကားပြောကြမယ်. . . နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ်ပေါ့"

မိုးမာန်က ပြောပြောဆိုဆိုနှင့် ဆုလက်ထဲမှ ကားသော့ကို ယူပြီး ကားပေါ် တက်ထိုင်သည်။ ဆုလည်း ဘာမှမတတ်နိုင်တော့ဘဲ ကားပေါ် တက်ထိုင်လိုက်ရသည်။ လူရှင်းသည့်နေရာ ရောက်တော့ ကားကို ထိုးရပ်လိုက်သည်။

"ချစ်သူဆိုတာ ဘယ်လိုအဓိပ္ပါယ်ဖွင့်မလဲ"

"မင်းက ပိုသိမှာပေါ့၊ မင်းက ဆရာကြီးပဲ"





ကောင်လေးက ခေါင်းခါသည်။ ဆုကတော့ စိမ်းစိုနေသော မြက်ခင်းစိမ်းများကို ငေးကြည့်ရင်း လွဲကို ပေးထားသည့်ကတိကို ပျက်မိပြီထင်တယ်ဟု တွေးမိသည်။

လွဲသာ သိလျှင်ဟူသောအတွေး တွေးမိပေမယ့် စိတ်ထဲမှာတော့ နောင်တမရမိချေ။

"ဆုရဲ့သူငယ်ချင်းကြောင့် ကျွန်တော့်ကို စကားမပြောတာလား၊ သူ ဘာကြောင့် ကျွန်တော့်ကို ခါးခါးသီးသီး ဖြစ်နေသလဲဆိုတာ စဉ်းစားမရဘူး"

"သူက တို့ကို သိပ်ချစ်လို့ပါကွာ"

"ဟုတ်လို့လား ဆုရဲ့၊ ဆုနဲ့ကျွန်တော့်အပေါ် ဘာရန်ငြိုးတွေ ရှိနေလဲမှ မသိတာ"

"မရှိပါဘူးကွာ. . . တို့ကို သိပ်ချစ်တော့ မင်းနဲ့ တွဲရင် သူ့ကို ဂရုမစိုက်မှာစိုးလို့ ထင်ပါတယ်ကွာ"

ဆုရဲ့စကားဆုံးတော့ ကောင်လေးက ခေတ္တငြိမ်သက်သွားပြီးနောက်. . .

"သူ့မှာ ရည်းစားတွေဘာတွေ မရှိဘူးလား"

"မသိဘူးလေ. . . မင်းသိချင်ရင် စုံစမ်းကြည့်ပေါ့"

ဆုက ဘာကြောင့်မှန်းမသိ စိတ်တိုသလို ပြောလိုက်သည်။ ဆုက အဲဒီလိုပါပဲ။ တစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုတောင် နားမလည်နိုင်သော အပြုအမူများကို လုပ်တတ်သူတည်း။


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တွဲတဲ့သူတွေသာ များတာ၊ ကျွန်တော့်ကို နားလည်ပေးနိုင်တဲ့သူ၊ တကယ်ချစ်တဲ့သူက မရှိပါဘူး၊ ကျွန်တော့်ကို ရှုပ်တဲ့ပွေတဲ့သူဆိုပြီး မုန်းတဲ့သူပဲ များတာ"

"တို့ ရှိတယ်လေ၊ တို့ မင်းကို နားလည်ပေးနိုင်ပါတယ်"

ဆုက လှိုက်လှဲစွာ ပြောလိုက်သည်။

"နားလည်ပေးရုံပဲလား. . . ချစ်တော့ မချစ်ဘူးလား ဟင်"

"အို. . ."

ကောင်လေးရဲ့စကားကြောင့် ဆုရင်မှာ လှုပ်ခတ်မှု ပေါင်းများစွာ။

ဒါ ရည်းစားစကားလား။

ဆု ငြင်းဆန်လိုက်ဖို့ သင့်ပါသည်။ စိတ်ကြည်နူး ပျော်ဝင်နေမိတာ ဆု ကိုယ့်ကိုယ်ကို ထိန်းချုပ်၍မရပါ။ ထိုစဉ်. . .

"တူ. . တူ. . တူ"

မိုးမာန်ရဲ့ဟမ်းဖုန်းက မြည်လာသည်။

"ဆု. . . ခဏနော်"

ဆု ခေါင်းဆတ်ပြလိုက်သည်။

"ဗျာ. . . ဟုတ်ကဲ့. . . မေမေနဲ့ဖေဖေ အခု လာခဲ့ပါ့မယ်"

ကောင်လေးရဲ့မျက်နှာနှင့် စကားသံက ကြောက်လန့်





တကြား ဖြစ်သွားဟန်တူသည်။

"ဘာဖြစ်တာလဲ"

"ကျွန်တော့်ဖေဖေနဲ့မေမေ အက်စီးဒင့်ဖြစ်လို့တဲ့၊ ကျွန်တော် လိုက်သွားမယ်"

"ဘုရားရေ. . . နေပါဦး၊ တို့ လိုက်ပို့မယ်၊ ကူညီနိုင်တာရှိရင်လည်း ကူညီရတာပေါ့"

ဆုသည် သူ့မိဘနှစ်ပါးအတွက် စိုးရိမ်စိတ်ဖြင့် လိုက်ခဲ့သည်။ ဆေးရုံကြီး ရောက်တော့ နှစ်ယောက်စလုံး အရေးပေါ်ခွဲစိတ်မှု လုပ်နေသည်တဲ့။

ပျော်ပျော်နေတတ်သော ကောင်လေးသည် အော်ပရေးရှင်းခန်းရှေ့တွင် ခေါင်းငိုက်စိုက်နှင့် ထိုင်နေသည်။ ဆု ဘယ်လိုနှစ်သိမ့်ရမှန်း မသိသလို ဆုကိုယ်တိုင်ပါ ကောင်လေးနှင့်အတူကြေကွဲခံစားနေရတာတော့ ဆန်းလှသည်။

မိုးမာန်ကို အဲဒီလို မခံစားစေချင်တာ အမှန်ပင်ဖြစ်သည်။ ဆံပင်တွေကြားထဲ ထိုးထည့်ထားသော ကောင်လေးရဲ့လက်များကို ဆု ညင်သာစွာ ဆွဲယူလိုက်သည်။

"စိတ်အေးအေးထားနော် မိုးမာန်၊ ဆရာဝန်တွေ အကောင်းဆုံး ကုသပေးနေပါတယ်. . . စိတ်ဖြေနော်"

"ဆု. . . မေမေတို့ ဖေဖေတို့ ဘာမှမဖြစ်လောက်ပါဘူးနော်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ဆုကို အားကိုးတကြီး မေးရှာသည်။ ဒီအချိန်မှာ ဆုရဲ့နှစ်သိမ့်မှုက ကောင်လေးအတွက် အားဆေး တစ်ခွက်ဖြစ်လိမ့်မည်။

"မဖြစ်ပါဘူး. . . မဖြစ်ပါဘူးကွယ်၊ စိတ်အေးအေးထား ပါ"

"ကျွန်တော်လေ. . . ဘဝမှာ ဒီလိုအဖြစ်အပျက်မျိုး ဖြစ်လာမယ်လို့ တစ်ခါမှ မထင်ခဲ့ဘူး ဆုရာ. . . တကယ်ပါ"

မိုးမာန်သည် ပြောရင်းမှ မျက်ရည်တွေ စီးကျလာပြန် သည်။

"အို. . . မငိုပါနဲ့ကွယ်၊ ဒါ. . ဒါ. . ကံတရားကြောင့်ပါ စိတ်ကို လျှော့ထားနော်"

ဆုသည် မိုးမာန်ကို စိတ်မကောင်းစွာ အားပေးမိသည်။ ခဏကြာတော့ အရေးပေါ်အခန်းတံခါး ပွင့်လာပြီး ဆရာဝန်ကြီး ထွက်လာသည်။ မိုးမာန်က ဆရာဝန်ကြီးထံ အပြေးသွားပြီး အား ကိုးတကြီး မေးလိုက်သည်။

"ဆရာ. . . ကျွန်တော့်မိဘတွေ"

ဆရာဝန်ကြီးက မပြောချင်ဟန်ဖြင့် သက်ပြင်းရှိုက်ပြီး

"နှစ်ယောက်စလုံး စိုးရိမ်ရတဲ့ အနေအထားမှာ ရှိပါ သေးတယ်၊ အထူးသဖြင့် ဦးလွင်မောင်ပဲ၊ သွေးထွက်လွန်နေ တယ်၊ နှလုံးရောဂါလည်း ရှိတော့ နှလုံးခုန်စက်နဲ့ ပြန်ခုန်အောင်





ဆုပ်ထားရတယ်"

"ဗျာ. . ."

မိုးမာန်ရဲ့မျက်နှာက ရုတ်တရက် ဖျက်ယွင်းသွားသည်။ ထိုစဉ်မှာပင် အရေးပေါ်ခန်းမှ ထပ်မံခေါ်သံကြား၍ ဆရာဝန် ကြီး ပြန်ဝင်သွားသည်။ ခဏကြာမှာတော့ ဆရာဝန်ကြီး ပြန် ထွက်လာ၍. . .

"ဦးလွင်မောင် ဆုံးသွားပါပြီ"

"ဖေဖေ. . . ဖေဖေရယ်"

"မိုးမာန်. . . စိတ်လျှော့. . . စိတ်လျှော့ပါကွယ်"

မိုးမာန်သည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထား တာကြောင့် ဆုကအနောက်မှ ချော့မော့ဖေးမ,လိုက်သည်။ ဒီတော့မှ မိုးမာန်သည် ဆုရင်ခွင်ထဲ၌ ရှိုက်ကြီးတငင် ငိုချလိုက် သည်။

"ဆုရယ်. . . ကျွန်တော်သိပ်ခံစားရတယ်။ ကျွန်တော် ဒါမျိုး တစ်ခါမှ မခံစားရဖူးဘူး၊ ဖေဖေ့ကိုလည်း ဒီလိုခွဲရမယ်လို့ ကျွန်တော်ထင်မထားခဲ့ဘူး၊ ရက်စက်တယ်ကွာ. . . လောကကြီး က မတရားဘူး"

ဖခင်တစ်ယောက်လုံးကို ဆုံးရှုံးသွားသော ခံစားမှု ကြောင့် မိုးမာန်သည် ဆောက်တည်ရာမဲ့ ဖြစ်နေပုံပင်။

"ဖေဖေက ကျွန်တော့်ကို သိပ်ချစ်တာ၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲ ပူဆာပူဆာ အမြဲဖြည့်ဆည်းပေးခဲ့တာချည်းပဲ၊ ကျွန်တော်ကတော့ ဖေဖေ့အတွက် ဘာမှလုပ်မပေးနိုင်ခဲ့ဘူး"

"အေးပါကွယ် . . . ကုသိုလ်ကောင်းမှုတွေ လုပ်ပေးပေါ့"

မိုးမာန်သည် ဆုရင်ခွင်ထဲတွင် ရှိုက်ကြီးတငင် ငိုလေတော့သည်။ ခံစားနေသောကောင်လေးကို ကြည့်ပြီး ဆု ဘာလုပ်ပေးရမှန်း မသိဖြစ်သွားသည်။ ကောင်လေးကို နှစ်သိမ့်ပေးရုံမှလွဲ၍ ဆု ဘာတတ်နိုင်ပါမည်နည်း။

"ကဲကွယ် . . . စိတ်လျှော့ပါ၊ အခုလောလောဆယ်အတွက် သက်ရှိထင်ရှား ရှိနေသေးတဲ့ မင်းမေမေကိုပဲ သွားကြည့်ရအောင်နော်၊ ဟိုရောက်ရင် မင်းဖေဖေ ဆုံးတဲ့အကြောင်း မပြောနဲ့ဦးနော်"

မိုးမာန်ကို အာရုံလွှဲပေးလိုက်တော့ မိုးမာန် ခေါင်းညိတ်ပြီး ICU အခန်းထဲသို့ ဝင်ရသည်။ ပထမတော့ ဆုက မလိုက်ဘူးဟု နေပေမယ့် မိုးမာန်က . . .

"လိုက်ခဲ့ပါ ဆုရယ်၊ ဘာတွေ လိုနေမှန်း ကျွန်တော်မသိဘူး၊ မေမေ့ကို အားပေးနှစ်သိမ့်ဖို့လည်း ကျွန်တော်လုပ်နိုင်ပါ့မလား မသိဘူး၊ ဒါကြောင့် ဆုပါတော့ ပိုကောင်းတာပေါ့"

မိုးမာန်ရဲ့စကားကြောင့် ဆုပါ ICU ထဲ လိုက်ဝင်ခဲ့သည်။

ထိုအခန်းထဲ ရောက်တော့ အိပ်ယာပေါ်တွင် ပိုက်တွေ





နှပ်ယှက်ခတ်နေပြီး အောက်ဆီဂျင် ပေး၍ အသက်ရှူနေရသည့် ဖျော့တော့သည့် အမျိုးသမီးကြီးတစ်ယောက်။

"မေမေရယ်"

မိုးမာန်ရဲ့မချိတင်ကဲအသံကြောင့် အမျိုးသမီးကြီးရဲ့ မျက်လုံးအစုံ တဖြည်းဖြည်း ပွင့်လာသည်။ ပါးစပ်မှလည်း တလှုပ်လှုပ်နှင့် တစ်ခုခု ပြောချင်ဟန်တူသည်။

"မိုးမာန် . . . မင်းအမေ ဘာပြောချင်နေလဲ မသိဘူး၊ နားထောင်ကြည့်ပါဦး"

"ဟုတ် . . ."

မိုးမာန်သည် သူ့မိခင်နား ကပ်သွားပြီး နားထောင်လိုက်သည်။

"ဖေဖေလား . . . ဖေဖေ ဟိုဘက်အခန်းမှာ ရှိပါတယ် မေမေရဲ့၊ မေမေသာ နေကောင်းအောင် နေပါ၊ ဘာမှမပူနဲ့၊ ဖေဖေ အခြေအနေကောင်းတယ်"

မိုးမာန်ရဲ့စကားကို ကြားတော့မှ အမျိုးသမီးကြီးက စိတ်ချသွားဟန်တူသည်။ ဆုကို စူးစမ်းသလို တစ်ချက်လှမ်းကြည့်ပြီး မျက်လုံးတွေ ပြန်မှိတ်ထားလိုက်သည်။

"မေမေ နားနေနော်၊ လိုအပ်တာရှိရင် နာ့စ်တွေကိုပြော၊ ဒေးရောနိုက်ပါ ငှားထားတယ်၊ ကျွန်တော်အိမ်ပြန်ပြီး အဝတ်အစား လိုအပ်တာ ယူလိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်သည် မိခင်ဖြစ်သူကို တတွတ်တွတ်မှာပြီးနောက် အခန်းထဲမှ ထွက်ခဲ့သည်။ ပြီးနောက် ဆုကို အားကိုးတကြီး ကြည့်၍. . .

"ဆုရေ. . . မေမေကတော့ ဖေဖေ့အကြောင်း မသိသေးတော့ စိတ်ပူနေတယ်၊ ကျွန်တော် ဖေဖေ့အတွက် စီစဉ်စရာ ရှိတာတွေ စီစဉ်ရဦးမယ်၊ ဆုပါ ကူလုပ်ပေးနော်၊ ကျွန်တော် တစ်ယောက်တည်းဆို ရူးသွားလိမ့်မယ်"


ဆုမှာ ငြင်းရန် ခက်ခဲသွားတာကြောင့် ခေါင်းကိုပင် အသာညိတ်ပြလိုက်သည်။ မိုးမာန်က ဆေးရုံတွင် လုပ်စရာ ရှိသည်များ လုပ်ပြီးနောက်. . .

"ဆု. . . ကျွန်တော့်ကို ကားမောင်းပြီး အိမ်ပြန်ပို့နော်"

ဆု ခေါင်းဆတ်ပြလိုက်သည်။ အဲဒီနောက်မှာတော့ ဆုသည် မိုးမာန်အတွက် လိုအပ်သည်များကို ကူညီလုပ်ကိုင်ပေးမိသည်။ ဒီလို သူ့အတွက် လုပ်ပေးရတာကိုလည်း ဆုကိုယ်တိုင် ကြည်မွေ့နေခြင်းပင်တည်း။







## အခန်း(၆)

ဆုသည် Fashion Shop သို့ မရောက်တာ သုံးလေးရက် ရှိပြီမို့ ဒီနေ့တော့ ဆိုင်သို့ ထွက်ခဲ့သည်။ လဲ့လဲ့ကတော့ ဘယ်လိုဖြစ်နေလဲ မသိပါ။ ဆုသည် ကိုယ့်ဆိုင်ပေမယ့် လဲ့လဲ့ မကြိုက်တာ လုပ်ထားသူမို့ မဝံ့မရဲနှင့် ဆိုင်ထဲ ဝင်လာသည်။

လဲ့လဲ့က ဆုကို မြင်တော့ နှုတ်လည်းမဆက်၊ ဘာမှ လည်း မပြောဘဲ ခပ်တည်တည် လုပ်နေတာကြောင့် ဆုကပင်



www.burmeseclassic.com

www.burmeseclassic.com



အရင်စခေါ်လိုက်သည်။

"လဲ့ရေ. . . အရောင်းအဝယ် ကောင်းရဲ့လား၊ ဒီရက်ပိုင်းအတွင်း ဆုလည်း အလုပ်တွေ ရှုပ်နေတာနဲ့ ဆိုင်မရောက်ဖြစ်ဘူး"

လဲ့လဲ့ထံမှ ဘာသံမှ မကြားရချေ။

"လဲ့လဲ့. . ."

ဆုက လဲ့လဲ့ကို ခပ်ဖွဖွ သိုင်းဖက်လိုက်တော့ လဲ့လဲ့က ခပ်စူးစူး လှည့်ကြည့်ပြီး ရုန်းထွက်သွားသည်။

"လဲ့. . . ဆုပြောပါရစေဦး"

"တို့ ဘာမှမကြားချင်ဘူး ဆုသီရိစံ. . . ဖယ်ပါ၊ တို့အဝတ်အစားသစ်တွေ သွားကြည့်စရာရှိတယ်"

ဆုသည် ဘာမှထပ်မပြောတော့ဘဲ စားပွဲနောက်ရှိခုံတွင် ဝင်ထိုင်လိုက်သည်။ လဲ့လဲ့ကတော့ ပိုက်ဆံအိတ် ယူပြီး ဆိုင်ထဲမှ ထွက်သွားသည်။

"ဟူး. . ."

ဆုသည် သက်ပြင်းတစ်ချက် လေးလံစွာ ချလိုက်မိသည်။ ဒီနေ့လည်း ဆိုင်ကအပြန် မိုးမာန်ဆီ ဝင်ဦးမှဟု တွေးလိုက်သည်။

မိုးမာန်တစ်ယောက် အလုပ်တွေ ရှုပ်နေပြီး ဆုကို လိုအပ်နေဦးမှာပဲဟု တွေးလိုက်မိသည်။ ဆုသည် ကောင်လေး





လိုအပ်သမျှကို ဖြည့်ဆည်းပေးချင်မိတာ ဆုရဲ့အချစ်တစ်ခုလား။

ထိုနေ့က ဆိုင်သိမ်းသည်အထိ လဲ့လဲ့ပြန်ရောက်မလာတော့ပါ။ ဆု ဆိုင်ပိတ်ပြီး မိုးမာန်ရဲ့ဟမ်းဖုန်းကို လှမ်းဆက်လိုက်သည်။

"မိုးမာန်လား. . . တို့ လာဖို့ လိုသေးလားဟင်"

"ဟာ. . . လိုတာပေါ့ ဆုရယ်၊ ကျွန်တော်တစ်ယောက်တည်း ဘာလုပ်ရမှန်း မသိဘူး၊ အမျိုးတွေကလည်း အိမ်နဲ့အပြည့်ပဲ"

"တို့ ဆိုင်ပိတ်ပြီးပြီ၊ တို့ကို လိုတယ်ဆိုရင်တော့ လာခဲ့မယ်လေ"

"ကျေးဇူးပဲ ဆုရယ်၊ ကျွန်တော် ဆေးရုံကပဲ စောင့်နေမယ်နော်"

"အေး. . . အေး. . . တို့ ခဏနေ ရောက်မယ်"

ဆုကပြောပြီး ဖုန်းပိတ်လိုက်စဉ်မှာပင် ဆုကို စူးစူးဝါးဝါး စိုက်ကြည့်နေသော လဲ့လဲ့ကို တွေ့လိုက်သည်။ လဲ့လဲ့ကို တွေ့တော့ ဆု ရုတ်တရက် လန့်သွားသည်။

"လဲ့. . . ဟို. . . ဟို"

ဆုသည် လဲ့ကို စကားစပြောရန် ကြိုးစားလိုက်ပေမယ့် အထစ်ထစ်အငေါ့ငေါ့သာ ထွက်လာသည်။ လဲ့လဲ့က လက်ကာပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"နေ. . နေ. . ဆု. . မင်းလုပ်စရာရှိတာ ဆက်လုပ်ပါ"

လဲ့လဲ့က ပြောပြောဆိုဆိုနှင့် ကားပေါ် တက်သွားလေတော့သည်။ ဆုမှာ စိတ်မောလူမောနှင့် ကျန်ရစ်ခဲ့သည်။ မိုးမာန်ကို လဲ့လဲ့ ဘာလို့ ဒီလောက်မုန်းနေလဲဆိုတာ စဉ်းစား၍မရချေ။

ဆု စိတ်တော့ မကောင်းပေ။ သို့သော် ကိုယ့်စိတ်ကိုယ် လျှော့ရသည်။ လောကကြီးမှာ တစ်ခုလိုချင်လျှင် တစ်ခုပေးရမည်လေ။ ကောင်လေးအတွက် လဲ့လဲ့ကို ဆုံးရှုံးရတော့မည်လား။

ဆုသည် အတွေးများစွာဖြင့် ဆေးရုံသို့ လာခဲ့သည်။

"လာ. . . ဆု"

ဆေးရုံအောက်တွင် ထိုင်စောင့်နေသော မိုးမာန်ကို တွေ့ရသည်။

"အန်တီ ဘယ်လိုနေသေးလဲ"

"ဒီလိုပါပဲ ဆုရယ်"

ဆုတို့ စကားတပြောပြောနှင့် လျှောက်ခဲ့ရာ အနောက်မှ လှမ်းခေါ်သံ ကြားရသည်။

"မိုးမာန်. . . မိုးမာန်"

"ကျွန်တော့်သူငယ်ချင်း သူတင်းလာမေးတာထင်တယ်၊ ခဏနော်"

"ရပါတယ်"

ဆုသည် သူ့သူငယ်ချင်းတွေနှင့် စကားပြောတာကို ရပ်





စောင့်ပေးလိုက်သည်။

"မိုးမာန်. . . ငါသတင်းလာမေးတာ၊ မင်းအဖေ ဆုံးလို့ဆို"

"အေး. . . မနက်ဖြန် ရက်လည်ကွာ၊ မေမေကတော့ ဆေးရုံမှာပဲ"

မိုးမာန်ရဲ့သူငယ်ချင်းက ဆုကို အကဲခတ်သလို လှမ်းကြည့်ရင်း. . .

"ဟာ. . မနက်ဖြန် ရက်လည်တောင် မင်းက ကောင်မလေးနဲ့ ကြည်နေနိုင်သေးတယ်နော်. . . အားကျပါ့ကွာ"

"ဟာ. . . ဒါ ငါ့အစ်မကွ"

မိုးမာန် စိတ်တိုသွားသလိုဖြင့် အော်လိုက်သည်။ ကောင်လေးသူငယ်ချင်းက ဆုကို တစ်ချက်လှမ်းကြည့်ပြီး. . .

"မင်းအစ်မက လန်းတယ်ကွ၊ ယောက်ဖတော်ဖို့ဆို ငါ့ကို အရင်စဉ်းစားနော်၊ သွားပြီ သူငယ်ချင်း"

"တောက်. . . ငါ. . ."

မိုးမာန်ရဲ့သူငယ်ချင်းက ပြောပြီးထွက်သွားပေမယ့် မိုးမာန်သာ စိတ်တိုပြီး ကျန်ခဲ့သည်။

"ဒီကောင်ကွာ. . . ဒီအချိန်မျိုးမှာမှ. . ."

"ကဲပါ. . . မိုးမာန်ရယ် သွားကြစို့၊ ကဲပါ. . . ခေါင်းထဲ ထည့်မနေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ဆုသည် စိတ်တိုနေသော ကောင်လေးကို ချော့ခေါ်၍ လူနာခန်းထဲ ဝင်ခဲ့သည်။

"ဆုလည်း ကျွန်တော့်ကြောင့် သိက္ခာကျရပြီနော်၊ ကျွန်တော်လိုကောင်နဲ့ တွဲလို့"

"အို. . . ဒီလိုလည်း ဘယ်ဟုတ်ပါ့မလဲ မိုးမာန်ရယ်၊ အဲဒါ အရေးမကြီးပါဘူး၊ ခေါင်းထဲက ထုတ်လိုက်ပါ၊ အခု ဘာမှ မစားရသေးဘူးမှတ်လား၊ လာ. . လာ. . အန်တီ့ဆီ နောက်မှ သွား၊ အခု ဆေးရုံဘေးက ကန်တင်းမှာ တစ်ခုခု သွားစားရအောင်"

ဆုသည် ကောင်လေးစိတ်ပြောင်းသွားအောင် ဆေးရုံဘေးက ကန်တင်းသို့ ခေါ်လာခဲ့သည်။ ဆုကပဲ ဦးဆောင်၍ မှာပေးပြီးနောက် ကောင်လေးကို စိုက်ကြည့်ကာ. . .

"မှာထားတာတွေ ကုန်အောင် စားရမှာနော်၊ မစားချင်ဘူး မပြောနဲ့၊ ဒါနဲ့ အန်တီ့အခြေအနေရော ဘယ်လိုလဲ. . . သက်သာရဲ့လား"

"အင်း. . . အသက်အန္တရာယ်ကတော့ မစိုးရိမ်ရတော့ပါဘူး၊ ဒါပေမယ့် အောက်ဆီဂျင် ပေးထားရသေးတယ်၊ ကျွန်တော့်ကို တွေ့တိုင်း ဖေဖေ့ကိုပဲ မေးနေတာ"

"အသိပေးလို့ မဖြစ်သေးဘူးနော်၊ မင်း စကားလမ်းကြောင်း ပြောင်းလိုက်ရမှာပေါ့"





"အင်း. . . ကျွန်တော်ကတော့ ဖေဖေ မထနိုင်ဘူးလို့ပဲ ညာထားတယ်"

မိုးမာန်ရဲ့မျက်နှာက ညှိုးသိုးသိုးနှင့် အရမ်းစိတ်ညစ်နေပုံ ရသည်။

"ဒါနဲ့ မင်းအဖေကိစ္စရော"

"အားလုံး အဆင်ပြေပါတယ်၊ ဖေဖေ့အစ်ကို ကျွန်တော့်ဘကြီးကပဲ အားလုံးစီစဉ်ပေးထားပါတယ်၊ ရက်လည်ပြီးရင် ကုမ္ပဏီကိစ္စပါ ဆက်ဆွေးနွေးမယ်တဲ့၊ ကျွန်တော် သိပ်စိတ်ရှုပ်တာပဲ"

"ကြော်. . . မိုးမာန်ရယ်၊ မိဘလက်ငုတ်လက်ရင်းဆိုတာ မပျောက်ပျက်ကောင်းဘူး၊ ကဲ. . ကဲ. . စားပြီးရင် သွားကြမယ်၊ အန်တီ တစ်ယောက်တည်း မဟုတ်လား"

"ဟုတ်ကဲ့. . . တော်သေးတာပေါ့၊ ဆုသာ မရှိရင် ကျွန်တော့်ကို အားပေးနှစ်သိမ့်ပေးဖို့ လူရှိမှာမဟုတ်ဘူး၊ အရမ်း စိတ်လေနေမှာ၊ ကျေးဇူးပဲလို့ မပြောတော့ဘူး၊ ဆုကို ပိုပြီးချစ်ရတယ်လို့ပဲ ပြောချင်တယ်"

မိုးမာန်သည် ဆုလက်ကို တင်းတင်းဆုပ်ကိုင်ပြီး ပြောလိုက်တော့ ဆု ကျေနပ်ရင်ခုန်မိသည်။ သို့သော် ဆုရဲ့ရင်ခုန်သံတွေကို အခုချိန်မှာ ကွယ်ဝှက်ထားသင့်သည်လေ။

"ကဲပါ. . . အဲဒါတွေ နောက်မှထား၊ အခုတော့ မိုးမာန်



www.burmeseclassic.com

www.burmeseclassic.com



ရဲ့အမေကိုပဲ သွားကြည့်တာပေါ့”

ဆုသည် ဖြူဖျော့နေသော အမျိုးသမီးကြီးကို ကရုဏာသက်စွာ ကြည့်မိတော့သည်။

“မေမေ နေလို့သက်သာရဲ့လား၊ ဒီမှာ သားသူငယ်ချင်း လာကြည့်တယ်”

အမျိုးသမီးကြီးက မျက်လုံးကို ခပ်ဖြည်းဖြည်း ဖွင့်ပြီး ဆုကို အသိအမှတ်ပြုသလို ခေါင်းဆတ်ပြသည်။ ပြီးနောက် မိုးမာန်ကို. . .

“မင်းဖေဖေရော. . သား”

“ဖေဖေလည်း အိပ်ယာထဲမှာ မထနိုင်သေးဘူး၊ ဖေဖေလည်း မေမေ့ကိုပဲ မေးနေတာ”

“သြော်. . . သူ. . သူ. . ကောင်းမှာပါနော်”

မိုးမာန်ရဲ့မိခင်က စိတ်ပူသလို ပြောလိုက်သည်။ မိုးမာန်က ခေါင်းဆတ်ပြ၍ စကားလမ်းကြောင်း ပြောင်းလိုက်သည်။

“မေမေ. . . သားသူငယ်ချင်း ဆုသီရိတဲ့၊ မေမေ့ကို လူနာလာမေးတာ”

“သြော်. . . အေး. . . အေး”

“အန့်တီ့အတွက်”

ဆုသည် အသင့်ယူလာသော နှင်းဆီပန်းစည်းကြီးကို ကုတင်ဘေးနားရှိ စားပွဲလေးပေါ် တင်လိုက်သည်။





“သမီးက လှလိုက်တာ”

ဆု ဘာမှပြန်မပြောဘဲ ခေါင်းငုံ့နေလိုက်သည်။ မိုးမာန်ရဲ့မိခင်က ဆုကို အကဲခတ်သလို ကြည့်နေသည်။

“မေမေ. . . ဘာစားမလဲ၊ သားလုပ်ခဲ့မယ်၊ စားချင်တာ ပြော”

“မေမေက ရပါတယ်ကွယ်၊ မင်းအဖေကိုသာ ဂရုစိုက်ပါ၊ မေမေလမ်းလျှောက်နိုင်တာနဲ့ မင်းအဖေကို လာကြည့်မယ်လို့ ပြောလိုက်၊ သမီးလေးလည်း လိုက်ကြည့်ဦးနော်”

“ဟုတ်ကဲ့ပါ အန်တီ”

မိုးမာန်ကတော့ ဘာမှ ပြန်မပြောနိုင်ရှာပေ။ သူ့ဖခင်ကို သတိရ၍ထင်သည်။ မျက်နှာမကောင်းတာကြောင့် ဆု လက်တုတ်၍ သတိပေးလိုက်သည်။

“မေမေသာ နေကောင်းအောင် နေနော်၊ မေမေ့ကို ကြည့်ရတာ ကျွန်တော်အားမရဘူး”

“အေးပါကွယ်. . . နေမြန်မြန်ကောင်းမှ ဖြစ်မှာ၊ ဒါမှ မင်းဖေဖေကို သွားကြည့်လို့ရမှာ၊ မေမေ အိပ်ပျော်သွားတိုင်း မင်းအဖေကိုချည်း အိပ်မက်,မက်လို့ စိတ်ပူနေတာ”

“ဘာမှစိတ်မပူပါနဲ့ မေမေ၊ ကျွန်တော် ဖေဖေ့အတွက် အကောင်းဆုံးဖြစ်အောင် စီစဉ်ထားပါတယ်”

မိုးမာန်က ရက်လည်ကိစ္စကို ရည်ရွယ်ပြီး သူ့အစီ[illegible]ယ်



www.burmeseclassic.com

www.burmeseclassic.com

နှင့်သူ ပြောပေမယ့် မိုးမာန်မိခင်ကတော့ ယုံကြည်စိတ်ချသွားဟန်ဖြင့်. . .

"အေး. . အေး. . ဒါဆို သားတို့ သွားစရာရှိတာသွား၊ လုပ်စရာရှိတာ လုပ်ပါ၊ နှစ်တွေလည်း ရှိတာပဲ၊ သမီးလည်း အန်တီ့ကို လာကြည့်တာ ကျေးဇူးပဲနော်"

"ဟုတ်ကဲ့ အန်တီ. . . ရပါတယ်၊ ကျွန်မလည်း မကြာခဏ လာကြည့်မှာပါ၊ အန်တီသာ နေကောင်းအောင် နေပါ၊ ဆုကို စားချင်တာ ရှိရင်လည်း ပြောနော်. . . အားမနာနဲ့၊ ဆု လုပ်ပေးမှာပါ"

"အေးပါကွယ်"

မိုးမာန်သည် သူ့မိခင်ရှေ့တွင် ဆက်မနေလိုဟန်ဖြင့် အလျင်စလို အခန်းထဲမှ ထွက်လာခဲ့သည်။

"ဟား. . . ဆရာ၊ ကျွန်တော် ဘယ်လိုလုပ်ရင် ကောင်းမလဲ၊ မေမေ့ကို တစ်နေ့နေ့တော့ ဖေဖေ မရှိတော့ဘူးဆိုတာ အသိပေးရမှာပဲ၊ ကျွန်တော်ဘယ်လိုပြောရပါ့မလဲ"

"အခုလောလောဆယ်ကတော့ ပြောလို့မဖြစ်သေးပါဘူး၊ နောက်မှ ဖြည်းဖြည်းစဉ်းစားတာပေါ့"

ဆုတို့နှစ်ယောက် စကားတပြောပြောဖြင့် ဆရာဝန်ကြီး၏ရုံးခန်းထဲ ဝင်လာခဲ့ကြသည်။

"ဆရာကြီး. . . ကျွန်တော့်မေမေရဲ့အခြေအနေ"





"ဩော်. . . ဒေါ်ထားထားလား"

ဆရာဝန်ကြီးက စကားဆက်မပြောတော့ဘဲ သက်ပြင်းဖွင့်ချသည်။

"ပြောပါ ဆရာ. . . အားမနာပါနဲ့"

"အေးကွယ်. . . ဆရာတို့လည်း အစွမ်းကုန် ကြိုးစားထားပါတယ်၊ ဒါပေမယ့်. . ."

"ဟုတ်ကဲ့"

"ဒီလိုပါ. . . ဒေါ်ထားထားက အက်စီးဒင့်ကြောင့် ထင်ပါတယ်၊ အောက်ပိုင်း လုံးဝမလှုပ်နိုင်တော့ဘူး၊ လွယ်လွယ်ပြောရရင် အောက်ပိုင်းသေတာပေါ့ကွယ်၊ ပြန်ကုလို့ ရပေမယ့် ဖြည်းဖြည်းချင်း လေ့ကျင့်ယူရမှာပဲ"

"ဗျာ"

မိုးမာန်သည် မိခင်၏သတင်းဆိုးကို ကြားလိုက်ရသဖြင့် ခံစားသွားရဟန်တူသည်။

"ဒီလိုပဲ တဖြည်းဖြည်း လေ့ကျင့်ခန်း ယူရမယ်၊ လူနာကလည်း ပြန်ကောင်းလာချင်စိတ် ရှိရင်တော့ ပြန်ကောင်းလာနိုင်ပါတယ်၊ လောလောဆယ်တော့ ဝှီးချဲနဲ့ပဲ သွားရဦးမှာပေါ့"

"မေမေရယ်"

မိုးမာန်ရဲ့မျက်နှာက သိသိသာသာ ပျက်သွားပြီး ခေါင်းငိုက်စိုက်ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ. . . မေမေ့ကို ကျွန်တော် ဖေဖေဆုံးတာ အသ မပေးရသေးဘူး"

"အေးကွာ. . . နောက်တော့လည်း ဖြည်းဖြည်းချင် အသိပေးပေါ့ကွာ"

ဆုသည် ကောင်လေးကို ကြည့်ရင်း သနားစာနာ သည်။

"ဆရာ. . . ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး"

"အေး. . အေး"

ဆုတို့နှစ်ယောက် ဆရာကြီးရုံးခန်းထဲမှ ထွက်လာတော့ ကောင်လေးသည် စိတ်နှင့်ကိုယ်နှင့် မကပ်သလို ခေါင်းငိုက်စိုက် နှင့် လျှောက်လာခဲ့သည်။

"မိုးမာန်. . . စိတ်ကို လျှော့ပါကွယ်၊ အရမ်းကြီး မခံစား ပါနဲ့"

"ဆုပဲ စဉ်းစားကြည့်လေ၊ ဖေဖေကလည်း ဆုံးပြီ၊ မေမေ ကလည်း ဦးချဲနဲ့မှ သွားနိုင်မယ်တဲ့၊ ကျွန်တော့်ဘဝ ဘာအဓိပ္ပာယ် ရှိမှာလဲ၊ မိဘတွေအပေါ်မှာ ကျွန်တော် ဘာမှ လုပ်မပေးလိုက်နိုင် ဘူး၊ တစ်ချိန်လုံး မိဘအပေါ်မှာ ဆိုးခဲ့တာ"

"အို. . ."

ဆုသည် ကောင်လေး ဝမ်းနည်းတကြီးဖြစ်နေတာ ကြည့်ပြီး စိတ်ထဲမှ ဘယ်လိုမှ မကောင်းနိုင်ချေ။ ရင်ထဲမှာ ဆို





နေမိပါသည်။ ထို့ကြောင့် တတ်သလောက် မှတ်သလောက် နှစ်သိမ့်ပေးလိုက်သည်။

"စိတ်ကို လျှော့ပါ မိုးမာန်ရယ်. . . အရမ်းမခံစားပါနဲ့၊ ကျန်နေသေးတဲ့ မင်းရဲ့မေမေကို ပိုပြီးပြုစုပေးလိုက်ပေါ့"

ဆု ကရုဏာသက်စွာ ပြောလိုက်မိတော့သည်။

"ကျွန်တော် စိတ်သိပ်ညစ်တယ်ဗျာ၊ ဘယ်သူမှ မရှိတဲ့ နေရာမှာ သွားနေချင်တယ်၊ ဖေဖေ့အတွက်လည်း ကျွန်တော် ဘာမှ လုပ်မပေးနိုင်လိုက်သလို ဦးချဲနဲ့ သွားရမယ့် မေမေ့အဖြစ် ကိုလည်း ကျွန်တော်ကြည့်မနေချင်ဘူးဗျာ. . . အရမ်းစိတ်ညစ် တယ်"

မိုးမာန်သည် ပြောရင်း မျက်ရည်တွေ ရစ်ဝဲလာသည်။

"မငိုပါနဲ့ကွာ. . . လောကဓံတရားကို ကြံ့ကြံ့ခံလိုက်စမ်း ပါကွာ"

ဆုသည် ကောင်လေးရဲ့မျက်ရည်များကို ခပ်ဖွဖွ ပွတ် သပ်ပေးရင်း ပြောလိုက်သည်။ ကောင်လေးကလည်း ဆုရဲ့လက် တွေကို ဆုပ်ကိုင်လျက်. . .

"ဆု. . . ဆု. . . ကျွန်တော့်ကို ထားမသွားပါနဲ့နော်၊ ကျွန်တော့်နားမှာ ဆု ရှိနေပြီး နှစ်သိမ့်ပေးမှ ပြည့်စုံမှာ"

"အေးပါကွယ်. . . တို့ မင်းကို ဘယ်တော့မှ ထား သွားပါဘူး"



www.burmeseclassic.com


www.burmeseclassic.com



ဆုစိတ်တွေ ဘယ်လိုမှ တင်းမထားနိုင်တော့ဘဲ ကတိတစ်ခုကို ရဲရဲပေးလိုက်မိတော့သည်။ ဆု ဘယ်တော့မှ နောင်တရမည် မဟုတ်ပါ။

မိုးမာန်ဆိုသောကောင်လေးကို နှစ်သိမ့်ပေးမည့်သူဟာ ဆုတစ်ယောက်သာ ဖြစ်ရမည်လေ။





www.burmeseclassic.com

Love can never be forever.

Su

အချစ်သည် အမြဲတမ်း မဖြစ်တည်နိုင်ပေ။

ဆု







## အခန်း(၇)

"တော်တော်ပျော်လာတယ်ထင်တယ်"

ဆုရဲ့ဖက်ရှင်ဆိုင်လေးထဲသို့ ဝင်ဝင်ချင်းမှာပင် စိမ်းကားသောအသံကြောင့် ဆုခြေလှမ်းတွေ တုန့်ခနဲ ရပ်သွားမိသည်။

"လဲ့လဲ့. . . တို့ကို စကားပြောတာလား"

ခနဲ့ပြီး ပြောသောစကားဖြစ်ပေမယ့် ဆု ဝမ်းသာအားရနှင့် မေးပြီး လဲ့လဲ့နားသို့ လျှောက်သွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



“မေးတာ ဖြေဦးလေ”

“အပျော်သွားတာ မဟုတ်ပါဘူး လဲ့ရယ်၊ သူ့အဖေ ရက်လည်သွားတာပါ”

“သြော်. . . သြော်. . . သွားအားပေးတာပေါ့”

“တို့ စဉ်းစားလို့မရဘူး၊ လဲ့ ဘာလို့ သူ့ကို ဒီလောက်မုန်းတယ်ဆိုတာကိုပေါ့”

ဆုက လဲ့လဲ့ကို စူးစမ်းသလိုပြောလိုက်သည်။ လဲ့လဲ့က ထိုင်နေရာမှ ထလာပြီး. . .

“ဒါနဲ့ ပြောစမ်းပါဦး. . . ရှင်တို့နှစ်ယောက်ရဲ့အခြေအနေကို. . .”

“ဘာအခြေအနေမှ မရှိပါဘူး၊ တစ်ယောက်ကိုတစ်ယောက် နားလည်နှစ်သိမ့်ပေးတာပါပဲ”

“သြော်. . . ဒီလိုလား၊ ကောင်းပါတယ်လေ”

ဆုသည် သူငယ်ချင်းဖြစ်သူက စလာ၍ စကားပြောတာကြောင့် ဝမ်းသာသွားပြီး. . .

“လဲ့လဲ့. . . ဆုကို စကားပြောပါနော်၊ လဲ့လဲ့ ဆုကို စကားပြန်ပြောတော့ ဆု ဘယ်လောက်ဝမ်းသာရလဲ သိရဲ့လား”

“ပြောမှာပါ ဆုသီရိစံရဲ့. . . ပြောရမှာပေါ့၊ တို့နှစ်ယောက်ကြားထဲမှာ ပြောစရာစကားတွေ တော်တော်များများ ရှိနေတာပဲလေ. . . အဟင်းဟင်း”





လဲ့လဲ့ ဘာကြောင့် ဒီစကားတွေ ပြောပြီး ရယ်မောနေလဲ ဆိုတာ ဆုနားမလည်သေး၊ ဘာပဲဖြစ်ဖြစ် ဆုကို စကားပြန်ပြောသည့်အတွက် ဝမ်းသာမိပါသည်။

“ဆုကို စိတ်မဆိုးနဲ့နော် လဲ့၊ ဆုက သူ့ကို သနားလို့ပါ၊ သူ့ခမျာ တစ်ယောက်တည်း အထီးကျန်နေရှာတာလေ”

“သြော်. . . ဒီလိုလား၊ အင်းပေါ့လေ. . . ကောင်းတယ် ထင်ရင် ဆက်လုပ်ပေါ့၊ ပြီးတော့မှ နောင်တမရကြေးပေါ့၊ ဒီလိုပါပဲ. . . နောက်ဆုံးတော့လည်း သူငယ်ချင်းနဲ့ချစ်သူ ယှဉ်လာရင် ချစ်သူဘက် ပါကြတာချည်းပဲလေ”

မကျေနပ်သလိုလို ဝမ်းနည်းသလိုလို ပြောနေသော လဲ့လဲ့ကို ဘာပြန်ပြောရမှန်း မသိပါ။

“လဲ့ရယ်”

ဆုက လဲ့ကို အားပါးတရ ဖက်လိုက်ပေမယ့် လဲ့လဲ့က တော့ ခပ်တောင့်တောင့် ထိုင်နေသည်။

“လဲ့လဲ့ ဆုကို စိတ်ဆိုးနေတုန်းကဖြင့် ဆု ဘယ်လိုနေရမှန်းတောင် မသိဘူး၊ အရမ်းလည်း ခံစားရတာပဲ”

လဲ့လဲ့က ဘာမှပြန်မပြောဖြစ်ပေ။ တစ်နေကုန် ဆိုင်ရောင်းပြီး ပြန်ခါနီးကျတော့ လဲ့လဲ့က ထူးဆန်းသောစကားကို ပြောသည်။

“ဆု. . . မနက်ဖြန် မိုးမာန်တို့အိမ် သွားရင် တို့လည်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်"

"ဟင်. . . တကယ်လား၊ ဝမ်းသာလိုက်တာ၊ လဲ့ပါ သတင်းမေး သွားမှာပေ့ါ၊ ဆုတစ်ယောက်တည်း သွားစရာ မလို တော့ဘူးပေါ့"

"တို့ လိုက်လို့ အနှောင့်အယှက် မဖြစ်ပါဘူးနော်"

"မဖြစ်ပါဘူး. . . ဆုတစ်ယောက်တည်းတောင် မသွား ချင်လို့ စိတ်ရှုပ်နေတာ"

"ဒါဖြင့်လည်း ပြီးတာပဲ"

ဆုသည် သူငယ်ချင်းဖြစ်သူ လဲ့လဲ့က ပြန်၍စကားပြော ခြင်းအတွက် ကြည်နူးပျော်ရွှင်မိပါတော့သည်။ ထိုကဲ့သို့ ပျော်ရွှင် မိခြင်းမှာ ဆုရဲ့အသည်းနှလုံး ကွဲအက်သွားစေဖို့ဆိုတာ ထိုစဉ် က မသိခဲ့ပါ။

နောက်တစ်နေ့ ရောက်တော့ ဆုကိုယ်တိုင်ပင် လဲ့အိမ် သို့ သွား၍ခေါ်ခဲ့သည်။

"လဲ့ရေ. . . အဆင်သင့်ဖြစ်ရင် သွားကြမယ်"

လဲ့သည် ယခင်က ပြင်သော အလှအပများထက် ပို၍ ပြင်ဆင်ထားသည်။ လဲ့က ရုပ်သိပ်မလှသော်လည်း ပြင်လိုက် တော့ သူ့ဟာလေးနှင့်သူ လှပါသည်။

ဆုကတော့ နဂိုကတည်းက ပြင်တာဆင်တာ သိပ် ဝါသနာ မပါသူမို့ မိတ်ကပ်ရည်လေးလိမ်း၊ ခရင်ပဖ်လေး ထပ်





ိုက်၊ နှုတ်ခမ်းနီ အရောင်ဖျော့လေး ဆိုးလိုက်လျှင် ပြီးစီးသွား သည်။

သို့သော် လဲ့ရဲ့အလှကတော့ နေတစ်စင်းလို တောက်ပ နေသည်။ ဒီနေ့ မိုးမာန်ရဲ့မိခင် ဆေးရုံက ဆင်းပြီး အိမ်ပြန် ရောက်နေသည်မို့ အိမ်သို့ပင် တန်းလာခဲ့သည်။ မိုးမာန်တို့ ခြံထဲ သို့ ကားမောင်းဝင်ခဲ့သည်မို့ မိုမာန်တို့ခြံကြီးကို ကြည့်၍. . .

"ခြံကြီးက အကျယ်ကြီးပဲနော်၊ ဒီကောင်လေး ကြည့် တော့ ဘာမှမရှိသလိုလိုနဲ့"

ဆုကားကို ပေါ်တီကိုအောက်တွင် ရပ်၍ ခေါင်းတမော့ မော့နှင့် လျှောက်လာခဲ့သည်။ ဆုတို့ကို တွေ့တာနှင့် မိုးမာန်က ပြေးလာသည်။

"ဆုကလည်း. . . လာမယ်ဆို ဖုန်းကြိုမဆက်ဘူး။ ကျွန် တော် လာခေါ်မှာပေ့ါ"

"အို. . . မင်းဒီလောက်အလုပ်ရှုပ်နေတာ၊ တကူးတက ကြီး မလိုပါဘူး၊ တို့ဘာသာတို့ လာမှာပေါ့"

ဆုက အားနာသလို ပြောလိုက်တော့ လဲ့က ကောင် လေးကို ကြည့်၍ ဝင်ပြောလိုက်သည်။

"တို့က ဆုသူငယ်ချင်း လဲ့ပါ. . . မှတ်မိပါတယ်နော်၊ သတင်းမေးရအောင် လိုက်လာတာ"

"တွေ့ရတာ ဝမ်းသာပါတယ် မလဲ့လဲ့၊ အိမ်ထဲ ဝင်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်က ဦးဆောင်၍ အိမ်ထဲ ခေါ်သွားသည်။ ဆုက နောက်မှာ ကျန်ရစ်ခဲ့တာကြောင့်. . .

“လာလေ ဆု”

ဆုသည် ဘာကြောင့်မှန်းမသိ စိတ်ထဲတွင် ထင့်နေသည်။ ဆုရဲ့ပျက်ယွင်းနေသော မျက်နှာကို မြင်ပြီး မိုးမာန် ခေါ်ရာနောက်သို့ လိုက်ပါခဲ့သည်။ ဆုတို့နှစ်ယောက် အိမ်ရှေ့ ဧည့်ခန်းထဲရှိ ခုံတွင် ဝင်ထိုင်လိုက်သည်။ မိုးမာန်က ဆုတို့နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်ပြီး. . .

“ကျွန်တော် မလွဲ့လွဲ့ လိုက်လာလို့ အရမ်းအံ့သြနေတာ၊ ထင်တောင် ထင်မထားဘူး”

“တို့ကလည်း သတင်းကြားကြားချင်းကတည်းက သတင်းလာမေးချင်နေတာ၊ ဆု မခေါ်လို့လေ၊ ဒီနေ့မှ တို့က လိုက်ချင်တယ်ဆိုပြီး အတင်းလိုက်လာတာလေ”

လွဲ့လွဲ့ရဲ့စကားတွေက တစ်မျိုးပင်။ မသိလျှင် ဆုကပဲ သူ့ကို မခေါ်ချင်လို့ ထားသွားခဲ့သည့်ပုံစံမျိုးပင်။

“ဆုခေါ်ပါတယ်”

ဆုအသံလေးဝင်ဝင်ဖြင့် ပြောလိုက်သည်။

“တို့လည်း ကြားရတာ စိတ်မကောင်းပါဘူး”

“ဒါကတော့ ကံတရားပဲပေါ့ လွဲ့ရယ်”

ဒီလိုကျတော့လည်း မိုးမာန်သည် လူကြီးလေးတစ်





ယောက်လို ပြောနေတာကြောင့် ဆု ချစ်စနိုးလေး လှမ်းကြည့်မိသည်။ သို့သော် ကောင်လေးရဲ့မျက်ဝန်းတွေရော၊ အာရုံတွေက လွဲ့လွဲ့ထံမှာပဲဆိုတာ ဆုသိနေသည်။ ဆုသည် ဘာ့ကြောင့် ဝမ်းနည်းကြေကွဲစွာ ခံစားနေရပါသနည်း။

လွဲ့လွဲ့ကရော မိုးမာန်ကို မုန်းလှပါပြီဆိုပြီး ဘာ့ကြောင့် ယခု ကြည်ဖြူပြနေပါသနည်း။ ဆုသည် အခြေအနေကို နားမလည်နိုင်ဖြစ်ပြီး ခေါင်းတွေ မူးနောက်လာသည်။ ဆုသည် ကိုယ့်ဘာသာ ကြေကွဲဝမ်းနည်းပြီး ပါးစပ်ပိတ်၍ ထိုင်နေလိုက်သည်။ ဆုရင်ထဲတွင် တမြေ့မြေ့နှင့် အသည်းနှလုံးတွေ တစ်စစီ ပြုတ်ကျနေသလို ခံစားနေရသည်။ နောက်ဆုံး ဆုသည် ဘယ်လိုမှ ခံနိုင်ရည် မရှိသည့်အဆုံးမှာတော့. . .

“ဆု ခေါင်းနည်းနည်းကိုက်လာလို့ ပြန်တော့မယ်၊ လွဲ့ နေခဲ့ချင်နေခဲ့လေ”

“ဖြစ်ပြီ. . . ဆုကတော့လေ၊ ပြန်ရင်လည်း အတူပြန်ကြတာပေါ့၊ လာတုန်းကတောင် အတူလာသေးတာပဲလေ”

စိတ်တိုသလို ပြောလိုက်သော လွဲ့လွဲ့ရဲ့ခပ်မာမာ စကားကြောင့် ဆုစိတ်ထဲ ကြေကွဲသလို ခံစားရလေသည်။

“လွဲ့ရယ်. . . ဆုက”

“တို့ သိပါတယ်၊ ကဲ. . ကဲ. . ပြန်ကြတာပေါ့၊ မိုးမာန် တို့တွေ ပြန်လိုက်ဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . ပြန်တော့မလို့လား၊ စကားတောင် ပြောလို့ မဝသေးဘူး"

"ပြန်ရမယ်လေ. . . မင်းသမီးက ပြန်ချင်နေပြီ"

လဲ့လဲ့ရဲ့စကားကတော့ ထေ့သလို ငေါ့သလိုမို့ ဆု သက်ပြင်းအား ရှိုက်လိုက်မိတော့သည်။ ဆုတို့ကို မိုးမာန်က ကားနား အထိ လိုက်ပို့သည်။

ကောင်လေးက ဆု လှမ်းကြည့်၍. . .

"အိမ်ပြန်ရောက်ရင် ဆေးသောက်လိုက်ဦးနော် ဆု"

"အေးပါကွာ. . . အန်တီ့ကိုတောင် ဝင်မတွေ့လိုက်ရဘူး၊ တို့ နှုတ်ဆက်သွားတယ်လို့ ပြောပေးပါ"

ဆုက ခပ်လေးလေး ပြောလိုက်မိသည်။ မိုးမာန်ကတော့ ဆုတို့ကားလေးကို မျက်စိတဆုံးကြည့်ပြီး ကျန်ရစ်ခဲ့တော့သည်။ ပြည်လမ်းတစ်လျှောက်မှာ ဆုရောလဲ့လဲ့ပါ အတွေးကိုယ်စီနှင့်မှိုတိတ်ဆိတ်နေသည်။

ဆ ဆ ဆ ဆ





အိမ်ရောက်သည်နှင့် ဆုသည် ဆေးသောက်ပြီး အိပ်ပျော်အောင် ကြိုးစားနေစဉ်မှာပင် ဟမ်းဖုန်းသံကို ကြားလိုက်ရသည်။

"ဆု. . ငါပါ၊ အိပ်ပြီလား"

လဲ့လဲ့အသံကြောင့် ဆု ထိတ်ခနဲ ဖြစ်သွားသည်။

"မအိပ်သေးပါဘူး. . . ဘာကိစ္စရှိလို့လဲ"

"သြော်. . . ခေါင်းကိုက်တာ သက်သာသွားပြီလား မေးလို့ပါ"

"အင်း. . . နည်းနည်းတော့ သက်သာသွားပါပြီ"

"သြော်. . .အင်း၊ ဒါနဲ့ မိုးမာန်က တို့ထင်တာလောက် ဆိုးပါဘူး၊ ခင်စရာကောင်းသားပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



လဲ့လဲ့ရဲ့စကားအဆုံးမှာတော့ ဆုသည် ဘာကိုစိုးရိမ်မှန်း မသိ၊ အရမ်းစိုးရိမ်သွားသည်။ ပြီးနောက် သက်ပြင်းခပ်ဖွဖွ ချပြီး

"လဲ့လဲ့ . . . ဆုအိပ်ချင်နေလို့ ဖုန်းပိတ်လိုက်တော့မယ်"

"အိုကေ . . . အိပ် . . . အိပ်"

ဆုဖုန်းပိတ်လိုက်ပေမယ့် အိပ်စက်ခြင်းက မစွမ်းဆောင်နိုင်။ ဘာကြောင့်မှန်းမသိ စိုးရိမ်ပူပန်စိတ်တွေ တပွေ့တပိုက်ကြီး ဖြစ်နေသည်။ အိပ်ပျော်ပြန်တော့လည်း ကယောင်ချောက်ချား အိပ်မက်ဆိုးများက ဆုကို နှိပ်စက်နေသည်။

မိုးမာန်ရေ . . . တို့ ရူးမတတ် ခံစားရနေပြီ၊ တို့ မင်းကို ချစ်မိပြီ ထင်ပါရဲ့ ကောင်လေးရယ်။

နောက်တစ်နေ့ ဆိုင်သို့ ရောက်ပြီး သိပ်မကြာ ဆယ်နာရီ ထိုးသွားတာကြောင့် ဖိုင်လေးကို ကောက်ကိုင်လိုက်သည်။

လဲ့လဲ့က စူးစမ်းသလို လှမ်းကြည့်ပြီး . . .

"ဒါ ဘယ်လဲ"

"ကွန်ပျူတာသင်တန်း တက်ဖို့ အပ်ထားတယ်လေ ဒီတိုင်းကြီး နေမယ့်အတူတူ ကိုယ်ဝါသနာပါတဲ့ ကွန်ပျူတာ graphic ဂရပ်ဖစ်အပိုင်း သွားတက်မလို့"

"မိုးမာန်တို့အိမ် မသွားတော့ဘူးလား"

"အင်း"

ဆုသည် ဖိုင်လေးကို ဆွဲယူ၍ လဲ့လဲ့ရှေ့မှ ခပ်သုတ်





သုတ် ထွက်လာခဲ့သည်။ သင်တန်းရောက်တော့ ဆုနှင့် အတူတက်မည့် ညီမဝမ်းကွဲမီးမီး ရောက်နေသည်။

"အံမယ် . . . မီးမီးက တယ်ဝီရိယရှိတာပဲ"

"ဩော် . . . မဆုတစ်ယောက်တည်း ယောင်လည်လည် ဖြစ်နေမှာစိုးလို့ စောစောလာရတာလေ"

ဆုက ခေါင်းညိတ်၍ ခုံတန်းမှာ ဝင်ထိုင်လိုက်ပေမယ့် စိတ်နှင့်လူ သိပ်မကပ်တာကြောင့် သင်ခန်းစာတွေ သိပ်စိတ်မပါချေ။

"မမဆု . . . ဒီနေ့ စိတ်သိပ်မပါဘူးလား"

ဆုညီမဝမ်းကွဲလေး မီးမီးက သွက်လက်စွာ မေးတာကြောင့် ဆုသက်ပြင်းခါရှိုက်၍ . . .

"ဒီနေ့ ခေါင်းတွေ အုံနေလို့ပါ"

"ဒါဖြင့် သင်တန်းပြီးရင် မီးမီးနဲ့ ခဏလောက် လိုက်ပြီး အအေးသောက်ပါလား၊ ဒါမှ စိတ်အပြောင်းအလဲ ဖြစ်သွားတာပေါ့"

"အင်းလေ . . . မဆုလည်း ဆိုင်ပဲ ပြန်ရမှာဆိုတော့ အချိန်အားပါတယ်"

"မမဆု ကားမပါဘူးမှတ်လား၊ မီးမီးရဲ့ကိုကို့ကို လိုက်ပို့ခိုင်းမယ်၊ တော်ကြာ လာတော့မှာ၊ ကိုကိုက သိပ်သဘောကောင်းတာ . . . သိလား"



www.burmeseclassic.com

www.burmeseclassic.com



မီးမီးက သူ့ရည်းစားအကြောင်းတွေ ဆုကို ကြွားနေသည်။ သင်တန်းပြီးတော့ မီးမီးက မလှမ်းမကမ်းရှိ အအေးဆိုင်ထဲသို့ ဝင်ထိုင်ကြသည်။

“မမဆု ကြည့်ရတာ စိတ်ညစ်နေသလိုပဲ၊ ဘာတွေ ညစ်နေတာလဲ ပြောလေ၊ မီး ကူနိုင်ရင် ကူမှာပေါ့. . . အိုကေ”

“မီးကူညီလို့ မရပါဘူးကွယ်၊ မမပြဿနာက နှလုံးသားပြဿနာပါ”

“အဟင်း. . . နှလုံးသားပြဿနာဆိုရင်တော့ မီးလည်း မတတ်နိုင်ဘူး မမဆုရေ၊ မီးကိုကိုတောင်မှ ကောင်မလေးတွေ အများကြီးနဲ့ တွဲတာ”

“ဩော်. . . ယောကျ်ားလေးတွေက ဒီလိုပဲလား”

“ဒီလိုပဲ မမဆုရေ၊ အဲဒါ ရည်းစားကို စပါယ်ယာလေးနဲ့ တွဲတာလေ၊ ကိုယ့်ဘက်ပါနိုင်အောင် ဆွဲထားရင် ကိုယ့်လူဖြစ်ပြီ”

မီးမီးစကားကြောင့် ဆု စိတ်မောစွာ သက်ပြင်းရှိုက်လိုက်သည်။ ထိုစဉ်မှာပင် ဆုရဲ့မြင်ကွင်းထဲသို့ ကားတစ်စီး ဝင်လာသည်။

“ဟော. . . ကိုကိုလာပြီ”

ကားလေးက အအေးဆိုင်ရှေ့တွင် ထိုးရပ်လိုက်သည်။ ကားပေါ်မှ ဆင်းလာသောသူမှာ ဆု လုံးဝမမျှော်လင့်ထားသူဖြစ်သည်။





“ဟင်. . . သူ. . . သူလား”

“ဟုတ်တယ် မမဆုရဲ့၊ ကိုကို. . . မီး ဒီမှာ”

ဆုမျက်စိထဲတွင် ပြာခနဲဖြစ်သွားသည်။

မိုးမာန်။

“ဆု”

ဆုရဲ့ကောင်လေးက မီးမီးရဲ့ကိုကိုတဲ့လား။ ကောင်လေးရယ်. . . မင်းရှုပ်လှချည်လား၊ မင်းဟာ တကယ့်ငပွေပဲ၊ လွဲလွဲပြောတာ အမှန်ပဲ။

ဆုရဲ့နှလုံးသားတစ်ခုလုံးသည် တစစီ မွကြေသွားသလိုခံစားရသည်။ ဆုဘာမှမပြောဘဲ ငြိမ်သက်စွာ ထိုင်နေမိသည်။ ရင်ထဲမှာတော့ ဆောက်တည်ရာမဲ့စွာ။

“ကိုကို. . . ဒါ မီးအစ်မဝမ်းကွဲ မမဆုတဲ့၊ မမဆု ကားမပါလာလို့ ကိုကို့ကားနဲ့ လမ်းကြုံပို့ပေးနော်”

မီးမီးက ကောင်လေးကို ချစ်မြတ်နိုးပုံနှင့် လှမ်းပြောလိုက်သည်။ ဆုကတော့ စိတ်လည်းရှုပ် နေရလည်း ခက်သဖြင့်

“ရပါတယ် မီးမီးရယ်၊ မမဆုဘာသာပဲ ပြန်ပါ့မယ်၊ မီးမီးအနှောင့်အယှက်ဖြစ်ပါ့မယ်”

မိုးမာန်ရဲ့မျက်ဝန်းများက ဆုထံ ရောက်လာသည်။ ဆုကို အကဲခတ်နေသလို ကြည့်သည်။ ဆုကတော့ အတတ်နိုင်ဆုံး မျက်နှာလွှဲထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မရဘူး၊ မမဆုပဲ လိုက်မယ်လို့ ပြောထားပြီး သားလေ၊ မီးမီးတို့က ဘာအနှောင့်အယှက်မှ မရှိဘူး. . . အေးဆေးပဲ"

ကလေးဆန်သော မီးမီးက ဘာမှမသိနားမလည်ဘဲ ဇွတ်အတင်းခေါ်နေပြန်သည်။

"ဟုတ်သားပဲ. . . လိုက်ခဲ့ပါ"

မိုးမာန်ကပါ ဝင်ပြောသည်၊ ကောင်လေးရဲ့မျက်ဝန်း တွေက ဆုကို လိုက်ကိုလိုက်ရမည်ဟု ပြောဆိုနေသယောင်ပါ။ ဆုကတော့ ကိုယ်ချစ်ရတဲ့ကောင်လေးရဲ့မျက်ဝန်းစကားများကို ကောင်းစွာဖတ်တတ်နေသူတည်း။

"အင်းလေ. . . တို့ လိုက်ခဲ့ပါမယ်"

ဆုသည် ဆက်လက်၍ အတိုက်အခံ မပြောလိုတာ ကြောင့်ရော ကတိပေးပြီးသားကြောင့်ပါ လိုက်ရန် ဆုံးဖြတ်လိုက် သည်။ ဆုသည် ကားနောက်ခန်းမှာ ငြိမ်သက်စွာ လိုက်လာ သည်။

မိုးမာန်က လည်ဝယ်ပါးနပ်သူပီပီ မီးမီးကို အရင်လိုက်ပို့ ပေးလိုက်သည်။

"မမဆုကို အိမ်တိုင်ယာရောက် လိုက်ပို့ပေးနော်"

"စိတ်ချပါ မီးရယ်၊ ကို လိုက်ပို့ပေးလိုက်ပါ့မယ်"

"မမဆု. . . မီး သွားပြီ"





မီးမီးက လက်ကလေး တပြပြနှင့် အိမ်ထဲ ဝင်သွားတော့ သည်။ မီးမီးကို ပို့ပေးပြီးနောက် ဆုသည် တိတ်ဆိတ်စွာ ကား ပေါ် ပါလာသည်။ မိုးမာန်ကလည်း စကားတစ်ခွန်းမှ မပြောဘဲ ကားကို ဂရုတစိုက် မောင်းနေသည်။

လူရှင်းသော တစ်နေရာအရောက်တော့ ကောင်လေး က ကားကို ထိုးရပ်လိုက်သည်။

"ဆု. ."

မိုးမာန်ရဲ့ လှိုက်လှဲစွာ ခေါ်လိုက်သောအသံကြောင့် ဆု သည် အတွေးလွန်နေရာမှ လန့်တောင်လန့်သွားသည်။

"ကျွန်တော့်ကို စိတ်ဆိုးနေသလားဟင်"

ဆု ရုတ်တရက် ဘာပြောရမှန်း မသိချေ၊ ဆုရဲ့နှလုံး သားကလည်း ဒေါသထွက်ရမည့်အစား တဆတ်ဆတ် တုန်နေ သည်။ မဖြစ်. . . ဆု စိတ်ပျော့လို့ မဖြစ်ပါ။ ဆု အံကို တင်းတင်း ကြိတ်၍ ခေါင်းကို ဖြည်းညင်းစွာ ခါပြလိုက်သည်။

"ဆု ကျွန်တော့်ကို တစ်ခုခု ပြောဦးလေဗျာ၊ ဒီလိုကြီး မနေပါနဲ့"

ဆုသည် သက်ပြင်း ခပ်ဖွဖွရှိုက်၍. . .

"မင်းအိမ်မှာပဲ မင်းနေသင့်တယ်၊ မင်းအမေက ကောင်း ကောင်းမကျန်းမာဘူးလေ"

"ကျွန်တော်သိပါတယ် ဆုရယ်၊ ဒါပေမယ့် ကျွန်တော့်



www.burmeseclassic.com

www.burmeseclassic.com



စိတ်တွေ မငြိမ်သေးလို့ပါ"

"စိတ်လေတာနဲ့ပဲ ကောင်မလေးတွေဆီ လျှောက်သွားနေရောလား"

ဆုသည် ကိုယ့်ကိုယ်ကို မထိန်းချုပ်ဘဲ ပြောလိုက်မိပြီးကာမှ နောင်တရသလို ခံစားရသည်။ ဆုပြောလိုက်သည့်ပုံက သူ့ကို သဝန်တိုပြီး ပြောလိုက်မိသည့်ပုံမျိုး ဖြစ်သွားသည်။

"ဆုမှ ကျွန်တော့်နားမှာ မရှိတာ"

"ဘာဆိုင်လဲ. . . ဘာလဲ၊ မင့်းက မင်းဘေးနားမှာ ကောင့်မလေးတစ်ယောက်ယောက် ရှိမှ နေတတ်တာမျိုးလား"

"ဟာ. . . ဆုက လုပ်ပြီ၊ ကျွန်တော်က ကောင်မလေးတစ်ယောက်လို့ မပြောဘူး၊ ဆုလို့ ပြောတာ၊ ဆုက ကျွန်တော့်ကို အထင်သေးလှချည်လားဗျ၊ ကျွန်တော်က ကောင်မလေးတွေနဲ့ တွဲတာ မှန်တယ်၊ ဒါပေမယ့် ဘယ်သူ့သားသမီးကိုမှ မဖျက်ဆီးဖူးဘူးဗျ"

ကောင်လေးက ဒေါသတကြီး ပြောသည်။ ပြီးနောက် ဆု ထိုင်နေရာ နောက်ခန်းသို့ လှည့်ပြီးပြောသည်။

"ဆု. . . ကျွန်တော် ဒီနှစ်ဝက်ပြီးရင် ကျောင်းပြီးပြီ၊ ကျွန်တော့်အဖေရဲ့ကုမ္ပဏီအလုပ်တွေကို ကျွန်တော်ဝင်လုပ်ရတော့မယ်၊ အဲဒီအခါ ကျွန်တော် အားလုံးကို ပြောင်းလဲမှာပါ"

ကောင်လေးက အလေးအနက် ပြောသည်။





"စိတ်တော့ မဆိုးပါနဲ့ ဆု၊ ပြောလက်စနဲ့ ဆက်ပြောဦးမယ်၊ ကျွန်တော်က တစ်ဦးတည်းသောသားဆိုပေမယ့် မိဘအချစ်တွေ စုပြုံရခဲ့တာတော့ မဟုတ်ဘူး၊ ငယ်ငယ်ကတည်းက မေမေတို့က စီးပွားတွေချည်း လိုက်ရှိနေတော့ ကျွန်တော့်ကို သိပ်ဂရုမစိုက်နိုင်ဘူးလေ၊ ဒီတော့ ကျွန်တော်က အပြင်မှာ အပျော်ရှာပြီး ရည်းစားတွေ ထားမိတာပါ"

မိုးမာန်က ဆင်ခြေပေးသလိုနှင့် သူ့အကြောင်းတွေ ဆုကို ရှင်းပြနေသည်။ ဆုကတော့ ဘာမှမပြောဘဲ တိတ်ဆိတ်နေမိသည်။

"အခုနောက်ဆုံးတော့ ကျွန်တော် တကယ်ချစ်တဲ့မိန်းမ ကျွန်တော့်အတွက် တကယ်လိုအပ်တဲ့ မိန်းမတစ်ယောက်ကို ရှာတွေ့ပါပြီ၊ အဲဒီမိန်းကလေးက ဆုပဲ. . . ဆုရယ်"

"အို. . ."

မိုးမာန်က ပြောပြောဆိုဆိုနှင့် ဆုကို စူးစူးနင့်နင့် ကြည့်ပြီး ပြောသည်။ ပြီးနောက် ဆုရဲ့လက်ဖျားတွေကို ခပ်ဖွဖွ ဆုပ်ကိုင်ပြီး. . .

"ဆုရယ်. . . ကျွန်တော့်ရဲ့အတိတ်ကို မေ့ပစ်ပြီး ပြုပြင်ခွင့်ပေးပါ ဆုရယ်၊ ကျွန်တော်လေ. . ဆုရဲ့နှစ်သိမ့်မှုတွေ အချစ်တွေကို တကယ်လိုအပ်ပါတယ်"

မိုးမာန်ရဲ့စကားများကြောင့် ဆုရဲ့ယိုင်နဲ့နဲ့ နှလုံးသား



www.burmeseclassic.com

www.burmeseclassic.com



လေးမှာ လဲပြိုကျဆုံးခဲ့လေပြီ။

"ဟင်. . . ဆု ကျွန်တော့်ကို နားလည်ပေးနိုင်မလား. . ချစ်နိုင်မလားဟင်"

ဆုသည် ကိုယ့်ကို မျှော်လင့်တကြီး ငေးကြည့်နေသော ကောင်လေးကို ဘယ်လိုမှ ငြင်းဆန်ရန် ခွန်အားမရှိတော့တာကြောင့် ခေါင်းကိုပင် ခပ်ဖွဖွ ညိတ်ပြလိုက်သည်။

"ကျွန်တော့်ကို တကယ်ပဲ ချစ်တာပေါ့နော်"

"အင်း. ."

"ဒါဆို ပါးစပ်က ပြောကွာ"

ဆုလက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း ပြောသော ကောင်လေးကို ငေးကြည့်ရင်း. . .

"မောင့်ကို ချစ်ပါတယ်"

"ဟေး. ."

မိုးမာန်သည် ကလေးတစ်ယောက်လို အော်လိုက်လေသည်။ သူ့ရဲ့မှုပိုင်အပြုံးချိုချိုလေးနှင့် ဆုကို ကတိတွေ ပေးလေသည်။

"စိတ်ချပါ ဆုရယ်၊ မောင့်ကို အချစ်တွေ ပေးတဲ့အတွက် ဆု ဘယ်တော့မှ နောင်တမရစေရဘူးနော်၊ မောင့်ရဲ့အမူအကျင့်တွေကိုလည်း ဆု မကြိုက်ရင် ပြုပြင်ပါ့မယ်"

"တကယ်လား မောင်"





"တကယ်ပါကွာ. . . အဲဒါ ဆုကို သိပ်ချစ်လို့ကွ"

ဆုသည်လည်း ချစ်သူရဲ့ကတိတွေကို မျက်စိစုံမှိတ်၍ ယုံကြည်လိုက်မိပါတော့သည်။ ထိုနေ့မှပင် ဆုကိုယ်ဆု သိလိုက်ရတာက ဆုသည် မောင့်ကို သိပ်ချစ်နေတယ်ဆိုတာပင်ဖြစ်သည်။

"မောင့်ရဲ့ကတိတွေအတွက် ကျေးဇူးတင်ပါတယ်၊ မောင့်ရဲ့ကတိတွေကိုလည်း ဆု ယုံကြည်နေပါ့မယ်"

ဆု လှိုက်လှဲစွာ ပြောလိုက်မိသည်။


ဆုသည် မောင့်ရဲ့အကျင့်တွေကို သိသိကြီးနှင့် ဆုတို့ ချစ်သူဘဝ စတင်ခဲ့တာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

ဆုရဲ့မနက်ဖြန်တို့က ပို၍အသက်ဝင်လာပြီး စိတ်လှုပ်ရှားဖွယ်ရာကောင်းလာသည်။ ဆုမှာ ချစ်သူလေးတစ်ယောက်ရှိတယ်ဆိုသောအသိက ဆုအတွက် ကြည်နူးမိသည်မှာ အခါခါ။

ဆုသည် ချစ်သူကြောင့် အရာအားလုံးကို မေ့လျော့နေမိတော့သည်။ ဆုရဲ့အချိန်တွေအားလုံးက မောင့်အတွက်သာပင်၊ မောင်ဖုန်းဆက်ခေါ်သည့်အချိန်မှာ ဆု ပြေးသွားဖို့ ဝန်မလေးခဲ့၊





မောင့်စိတ်တွေ ကြေကွဲနေချိန်မှာ ဆု နှစ်သိမ့်ဖြည့်ဆည်းခဲ့သူပင်။

ဆုရဲ့အခြေအနေကို စောင့်ကြည့်နေသူက လဲ့လဲ့ပင်ဖြစ်သည်။ တစ်ပတ်နှစ်ပတ်ခန့်အကြာမှာတော့ ဆုသည် လဲ့လဲ့ရဲ့ စူးစမ်းခြင်းကို ခံရတော့သည်။

"ဆု. . . နင့်ကို မေးစရာရှိတယ်"

"မေးလေ"

"စပ်စုတယ်လို့ မထင်နဲ့နော်၊ အခုတလော ဆု သိပ်အလုပ်ရှုပ်နေသလိုပဲ၊ ဘာလဲ. . . မိုးမာန်နဲ့ ချစ်သူတွေ ဖြစ်သွားကြပြီလား"

ဒီတော့မှပင် ဆုလည်း လဲ့ကို ပြောပြဖြစ်တော့သည်။

"ဟုတ်တယ် လဲ့ရယ်၊ ဆုလည်း သူ့ကို သိပ်ချစ်မိသွားတယ်"

"အော်. . . ဒါကြောင့် အခုတလော နင်သိပ်တက်ကြွနေတာကိုး၊ ကောင်းပါတယ်လေ. . . ဆု အမြဲတမ်း ဒီလိုပျော်ရွှင်နိုင်ပါစေလို့ ဆုတောင်းပေးတယ်"

"လဲ့ပေးတဲ့ဆုနဲ့ ပြည့်ပါစေ"

လဲ့လဲ့က ဆုကို နားလည်ရခက်သောအကြည့်ဖြင့် စိုက်ကြည့်ပြီး. . .

"သူကရော ဆုကို တကယ်ချစ်လို့လား"

"အင်း. . . ချစ်တယ်လို့တော့ ထင်တယ်၊ သူ့ကို မေတ္တာ



www.burmeseclassic.com

www.burmeseclassic.com



ပေးနိုင်တဲ့မိန်းမမျိုး လိုချင်တယ်တဲ့၊ ဒါကြောင့် ကျွန်တဲ့ကောင်မလေးတွေ အကုန်ဖြတ်ပါ့မယ်ဆိုပြီး ကတိပေးထားပါတယ်"

ဆုက ဝမ်းသာဂုဏ်ယူစွာဖြင့် ချစ်သူပေးထားသော ကတိကို ပြောပြလိုက်သည်။ လဲ့ကတော့ ခပ်ပြုံးပြုံးဖြင့်. . .

"ဝမ်းသာပါတယ်. . . နင် ကံကောင်းတာပေါ့ဟယ်၊ ဒါနဲ့ မိုးမာန်က ဘာစီးပွားရေး လုပ်မှာလဲ"

"သူ့အဖေ မရှိတော့ဘူးဆိုတော့ သူ့အဖေကုမ္ပဏီကို သူပဲ ဦးစီးရမှာပေါ့"

ဆုသည် မိုးမာန်အကြောင်းတွေ လဲ့ကို ပြောပြမိသည်။ လဲ့က စူးစိုက်၍နားထောင်ပြီး. . .

"မိုးမာန်က နင့်ကို တကယ်ချစ်တယ်လို့ ထင်လား"

"အင်းလေ. . ချစ်လို့ပဲ ကတိတွေပေးတာပေါ့ဟယ်"

"အဲဒါက နင်ထင်တာမှတ်လား"

လဲ့လဲ့ရဲ့စကားလုံးများက ဆုကို ထိုနေ့တစ်နေ့လုံး နှိပ်စက်နေလေသည်။

နောက်တစ်နေ့မှာတော့ ဆုသည် မောင်နှင့် ဆုံသောအခါ စိုးရိမ်တကြီး မေးခွန်းတွေ ထုတ်မိသည်။

"မောင်. . ဆုကို တကယ်ချစ်ရဲ့လားဟင်"

"ဆုရယ်. . မောင့်ကို အခုထိ နားမလည်နိုင်သေးဘူးလား၊ အချစ်ဆိုတာ မောင့်အတွက် အရေးမကြီးဘူး၊ မောင့်ကို နားလည်ပေးမယ့်မိန်းမ၊ မောင်လက်ထပ်ချင်တဲ့မိန်းမဟာ ဆု တစ်ယောက်တည်းပဲ"





မောင့်စကားကို ဆုကျေနပ်သလိုလို ရှိပေမယ့် ဆုရဲ့မေးခွန်းတွေကို တည့်တည့်မဖြေဘဲ ဝေ့လည်ကြောင်ပတ် ဖြေသည့်အတွက် သိပ်တော့ မကျေနပ်ချင်ပါ။

"ဒါဆို မောင် ဆုကို ဘယ်တော့မှ ခွဲမသွားပါဘူးလို့ ကတိပေးပါ"

"ကဲ. . ကြည့်. . ဆုကလေး. . ကလေးကျနေတာပဲ၊ ပေးပါတယ် ဆုရယ်၊ ဆုသာ မောင့်ကို စိတ်ပျက်ပြီး ထားမသွားနဲ့၊ သြော်. . . ဒီနေ့ မေမေက ဆုကို အိမ်ကို အလည်ခေါ်ခဲ့လို့ ပြောထားတယ်. . . လိုက်မှာလား"

"လိုက်ရမှာပေါ့. . . ဒါပေမယ့် မျက်နှာပူစရာကြီးနော်"

ဆုက ရှက်ရွံ့စွာ ပြောလိုက်တော့ မောင်က ဆုလက်ကလေးကို ကိုင်ပြီး ခပ်ဖွဖွ ရယ်မောသည်။

"ဘာမျက်နှာပူရမှာလဲ ဆုရဲ့၊ မေမေက ဆုကို သိနေပြီးသားပဲလေ"

"အဲဒါက သူငယ်ချင်းအနေနဲ့လေ"

"အခုလည်း အဲလိုပဲ လိုက်ခဲ့ပေါ့"

အဲဒီနောက် ဆုသည် မောင်တို့အိမ်သို့ လိုက်ခဲ့သည်။

"လာ. . . သမီး"



www.burmeseclassic.com

www.burmeseclassic.com



ဆုကို မောင့်မေမေက လှိုက်လှဲစွာ ကြိုဆိုသည်။

"အန်တီ နေကောင်းပါတယ်နော်"

"ကောင်းပါတယ် သမီးရယ်၊ ခြေထောက်က ထောက်လို့မရဘဲ ဝှီးချဲလ်နဲ့ သွားနေရတော့ စိတ်ညစ်တာ တစ်ခုပါပဲ။ ဒီအတောအတွင်း သမီးကူညီပေးခဲ့တာတွေ အများကြီးပဲနော်၊ ကျေးဇူးပါပဲ သမီးရယ်"

"ရပါတယ် အန်တီ"

ထိုစဉ် မိုးမာန်က ဖုန်းဖြင့် ကုမ္ပဏီက လှမ်းခေါ်သဖြင့် သူ့အမေနှင့်ဆုကို အိမ်မှာ ထားပြီး ကုမ္ပဏီသို့ ပြန်သွားသည်။

"အင်း. . . သားလည်း သူ့အဖေ မရှိတော့မှ အလုပ်တွေ အရမ်းများနေတာ၊ သူ့ကိုလည်း အခြေကျစေချင်ပါပြီ။ သင့်တော်မယ့် မိန်းကလေးတစ်ယောက်ယောက်နဲ့ပေါ့။ ပိုက်ဆံ မချမ်းသာချင် နေပါစေ၊ မျိုးရိုးကောင်းပြီး အကျင့်စာရိတ္တကောင်းပြီး သားကို ချစ်နိုင်ရင် တော်ပါပြီ"

မိုးမာန်မိခင်ရဲ့စကားကြောင့် ဆုသည် ဘာကို စိုးရိမ်မှန်းမသိ စိုးရိမ်သွားသည်။ ဆုမိဘတွေအကြောင်း မမေး၍ တော်တော့သည်။ မေးလျှင် ဆုမိခင်က နောက်အိမ်ထောင်နှင့်ဆိုတာ ဆု မည်ကဲ့သို့ ပြောပြရပါမည်နည်း။

ညနေခင်းရောက်တော့ ဆု စိတ်မောစွာ ဆိုင်သို့အပြန် ဝင်ခဲ့သည်။ ဆိုင်ထဲ ဝင်ဝင်ချင်းပင် လဲ့လဲ့က ဆုကို ဆီးပြောသည်။

"ယူ့အမေ လာသွားတယ် ဆု"

"ဟင်. . . ဆိုင်ကိုလား"

"ဟုတ်တယ်. . . ပိုက်ဆံလိုလို့တဲ့၊ ဒါနဲ့ ငါတို့လည်း သနားတာနဲ့ ပိုက်ဆံတစ်သောင်း ပေးလိုက်တယ်"

"ဘာ. . ."

ဆုရင်ထဲမှာ အမောဆို့သွားလေတော့သည်။

"ဘာလို့ ချေးလိုက်ရတာလဲ လဲ့ရယ်၊ ဆု သိပ်စိတ်ညစ်တာပဲ၊ ဒီလို လာတောင်းတိုင်း ပေးနေရင် ခဏခဏ လာတောင်းတော့မှာပေါ့။ တို့ တစ်လတစ်ခါ ငွေသွားပို့နေတာပဲဟာ"

"ဟဲ့. . . သူက ချေးပါလို့ ပြောတာ တို့က မချေးရင် ဘယ်ကောင်းပါ့မလဲ၊ ပိုက်ဆံတစ်သောင်းလောက်များ"

ဆုသည် သက်ပြင်းခပ်ဖွဖွ ရှိုက်လိုက်ရင်း. . .

"ပိုက်ဆံတစ်သောင်းကို နှမြောလို့ ပြောနေတာ မဟုတ်ပါဘူး လဲ့ရယ်၊ နောက် အမြဲ ဒီကိုလာနေရင် ဘယ်လိုလုပ်မလဲ"

"ဒီတော့လည်း ပေးလိုက်ပေါ့ ဆုရယ်၊ ယူတို့က သူဌေးတွေပဲဟာ၊ ကိုယ့်အမေ ပေးတာများကွာ"

"ဖေဖေက လုံးဝကြိုက်တာ မဟုတ်ဘူး၊ သိသွားရင်တော့ မလွယ်ဘူး"

ဆု စိတ်မောစွာ ဝင်ထိုင်လိုက်မိသည်။ ပိုက်ဆံအိတ်






www.burmeseclassic.com

www.burmeseclassic.com



ဖွင့်၍ ပိုက်ဆံတစ်သောင်းကို ထုတ်ပေးလိုက်ပြီး. . .

"ရော့. . . ယူ့ပိုက်ဆံတစ်သောင်း"

ဆုသည် စိတ်ရှုပ်နေမိသည်။ အမေပိုက်ဆံလိုတာ မှ ပေမယ့် ဒီလိုလုပ်နေတာ ကြာရင်တော့ မလွယ်ပါ။ မတော်တဆ ဒယ်ဒီနှင့် ဆုံလျှင် ပြဿနာတွေဖြစ်တော့မည်။

ပြီးတော့ မောင့်မိခင် ပြောလိုက်တဲ့စကားတွေက ပူ နွေးနွေးပါ။

"ပိုက်ဆံမရှိရင် နေပါစေ၊ ရိုးသားပြီး မျိုးရိုးကောင်း မယ်" တဲ့. . .။

ဆုမိခင်က နောက်အိမ်ထောင်နှင့်ဆိုတာ မောင့်မိခ သိမှလျှင် လက်ခံနိုင်ပါ့မလား။

ဆုသည် စိတ်မောလူမောနှင့် သက်ပြင်းရှိုက်လိုက် တော့သည်။

ဿ ဿ ဿ ဿ





ဤသို့ဖြင့် ဆုနှင့်မောင်သည် ချစ်သူတွေအဖြစ် ရက် ချို့ကို ဖြတ်ကျော်လာခဲ့သည်။

မိန်းကလေးလှလှလေးတစ်ယောက် အပြံစား အလန် လေး ဝတ်ထားပြီး ဆိုင်ရှေ့မှ ဖြတ်လျှောက်သွားရာ မောင့် ုက်လုံးတွေက ကပ်ငြိသွားသည်မို့. . .

"ကိုယ့်ရည်းစားတစ်ယောက်လုံး ရှိတာတောင် ရှင်က ရုံတွေ အစာကျွေးနေတယ်ပေါ့. . . ဟုတ်လား မောင်"

ဆုသီရိစံသည် ပြောရင်းနှင့် မောင့်ရဲ့ပိုက်ခေါက်ဆီသို့ တ်က ရောက်သွားသည်။

"အား. . . ဆုကလည်းကွာ၊ ဖြည်းဖြည်းလုပ်ပါ၊ မောင် ယောက်ျားလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့၊ ချောတာလေး



www.burmeseclassic.com

www.burmeseclassic.com



မြင်လို့ ကြည့်တာ ပွဲပါသွားတာမှ မဟုတ်တာ”

“အို. . . မရဘူး မောင်၊ ဆုက ဒါမျိုးတွေ မလိုချင်ဘူး သမီးရည်းစားပဲဖြစ်ဖြစ် မောင်ဟာ ဆုရဲ့မူပိုင်ပဲ၊ ဆုကလွဲရင် တခြားသူတစ်ယောက်ကို မျက်လုံးလေး စောင်းကြည့်တာ တောင် မလိုချင်ဘူး၊ ဆုက သစ္စာမရှိတဲ့လူဆို သိပ်မုန်းတာပဲ”

“ဆုကလည်း. . . ဒီခေတ်ကြီးထဲမှာ ချောတာလေး မြင်လို့ ကြည့်တာပါကွာ. . . မပိန်းစမ်းပါနဲ့၊ ဟဲ. . ဟဲ. . မောင့်ရဲ့ အသည်းနှလုံးကို ဟောဒီက ဆုလေးက အပိုင်စား ရပြီးသားပါ ကွ”

“ဟွန်း. . . အပြောကတော့ ချိုအီနေတာပဲ”

ဆုသည် စိတ်ထဲမှာ မကျေနပ်သေးပေမယ့် မောင့်ရဲ့ အပြောမှာ မျောသွားတာကြောင့် ဘာမှထပ်မပြောဘဲ ငြိမ်နေ လိုက်သည်။ မောင်ကတော့ ခပ်အေးအေးပင် လက်ဖက်ရည် တစ်ခွက်ကို ဇိမ်ခံသောက်နေသည်။

အင်း. . . ဆုပဲ ပြောရမည် ထင်ပါရဲ့။ မောင်ကတော့ ဘာမှ သတိရပုံမရ၊ ဆုနှင့် တွေ့နေကျအတိုင်း ခပ်အေးအေးပင် လုပ်နေသည်။

“မောင်. . . ဒီနေ့ ဘာနေ့လဲ သိလား”

“ဒီနေ့ ဗုဒ္ဓဟူးလေကွာ. . . ဘာဖြစ်လို့လဲ”

ဆုထင်သည့်အတိုင်းပင် မောင်က မေ့လျော့နေဟန်





တူသည်။ အင်းလေ. . . ယောကျ်ားလေးပဲ၊ ဒီလောက်တော့ ရှိမှာပေါ့။ ဆု ဒီလောက်တော့ သဘောထားကြီးပေးရမှာပေါ့ဟု တွေး၍ နားလည်ပေးမိသည်။

“မောင်ကတော့ လုပ်ပြီ၊ ဆုတို့နှစ်ယောက်ရဲ့ ဒီလောက် အရေးကြီးတဲ့နေ့ကို မေ့ထားပြန်ပြီ၊ ကဲပါ. . . ဆုပဲ ပြောပြပါ့မယ် ကိုမိုးမာန်ရယ်၊ ဒီနေ့ ဆုတို့ ချစ်သူဖြစ်တာ တစ်နှစ်ပြည့်တဲ့နေ့ရှင့်၊ သိပြီလား”

“ဩော်. . . ဟုတ်လားပဲ၊ ဆောရီးကွာ. . . မောင် မေ့နေတယ် အချစ်ရယ်၊ မောင် တောင်းပန်ပါတယ်ကွာ”


မောင်က ဆုကို စိုက်ကြည့်ပြီး ပြောရင်း ဆုရဲ့လက် ကလေးတွေကို ခပ်ဖွဖွ ဆုပ်ကိုင်သည်။ ထိုအခါ မာနတွေ ဒေါသ တွေ အရည်ပျော်သွားရတာပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၉)

"ဩော်. . . ဒါနဲ့ ဆုကို မေးရဦးမယ်"

"ဘာများလဲ မောင်"

"ဆုနဲ့မောင် ချစ်သူတွေဖြစ်တာ အခုဆိုရင် တစ်နှစ်ပြည့်သွားပြီ၊ မောင့်မိဘတွေအကြောင်းကတော့ ဆုသိပြီးသားပါ၊ ဆုရဲ့မိသားစုအကြောင်း မောင့်ကို ပြောပြပါလား၊ မောင် ဘာမှ မသိရသေးပါလား"





"ဟင်. ."

မောင့်ရဲ့မေးခွန်းကြောင့် ဆု ရုတ်တရက် အဖြေမရှိခဲ့ချေ။

"ဟုတ်တယ် ဆုရဲ့၊ မောင် မေးမယ်မေးမယ်နဲ့ မမေးဖြစ်ဘူး၊ အခု မေမေက မောင့်ကို အိမ်ထောင်ချပေးချင်နေပြီ၊ ဆုရဲ့ မိဘတွေကို တွေ့ချင်ပြီလို့ ပြောနေပြီ"

"အို. . မောင်. . ဆုလေ. ."

ဆုသည် စကားဆက်မပြောနိုင်တော့ဘဲ ဆွံ့အနေသည်။ ပြီးမှ အရဲစွန့်ပြီး. . .

"ဆု. . ဆု. . အမှန်အတိုင်း ပြောရရင် ဆုမိဘတွေက ကွဲနေတယ်၊ ဖေဖေကတော့ သင်္ဘောလိုက်နေလို့ မြန်မာပြည်မှာ မရှိပါဘူး၊ မေမေကတော့ နောက်အိမ်ထောင်နဲ့ပါ၊ သိပ်လည်း အဆင်မပြေဘူး"

"ဟင်. . . ဒါဆို မောင့်မေမေက လာတွေ့ရင် အဲဒီ နောက်အိမ်ထောင်ရှိတဲ့ မင်းအမေနဲ့ တွေ့ရမှာလားကွ၊ မေမေ ဒါမျိုးတွေဆို ကြိုက်ပါ့မလား"

မောင်က စိတ်မရှည်တော့သလိုဖြင့် ဆုကို ခပ်မာမာ မေးလိုက်တော့ ဆုမှာ အဖြေမရှိချေ။ ဆု ခေါင်းငုံ့နေရုံမှလွဲ၍ ဘာတတ်နိုင်ဦးပါမည်နည်း။

ဆုကိုယ်တိုင်တောင် လက်မခံနိုင်သည့် ဆုမေမေနှင့်



www.burmeseclassic.com

သူ့နောက်ယောက်ျားကို ဆု မည်ကဲ့သို့ မောင့်မေမေနှင့် တွေ့ပေးရပါမည်နည်း။ မောင့်မေမေကရော လက်ခံမည်တဲ့လား။

ဆုသည် အတွေးများဖြင့် မွန်းကြပ်သွားလေတော့သည်။

"မင်း ဒီအကြောင်းတွေ စောစောကတည်းက ပြောသင့်တယ်၊ ဒါမှ မောင့်မေမေကို ကြိုတင်ရှင်းပြထားလို့ ရမှာပေါ့။ အခု ဘာဆက်လုပ်ရမလဲ"

မောင်က ဆုကို ဒေါသတကြီး ပြောတော့ ဆု ဘာပြန်ပြောရမှန်းမသိ။

မောင်က ဆုကို စကားတစ်ခွန်းမှ မပြောဘဲ ဆု ဆိုင်ဖွင့်ထားရာ ရှော့ပင်းစင်တာသို့ ပြန်လိုက်ပို့ပေးသည်။ ဆုက တစ်ခုခုပြောရန် ကြိုးစားပေမယ့် ဆုနှုတ်မှ ဘာမှထွက်မလာ။

ရှော့ပင်းစင်တာရှေ့ ရောက်တော့ မောင်က ဆုကို စိုက်ကြည့်၍. . .

"မင်းမေမေနဲ့ မောင့်မေမေ တွေ့ပေးသင့် မပေးသင့်ဆိုတာကို ဆုသေချာစဉ်းစားပါ၊ မောင်လည်း စဉ်းစားမယ်၊ ဒီအတောအတွင်း မင်းဆီကို မောင်မလာတော့ဘူး၊ ဖုန်းလည်း မဆက်တော့ဘူး၊ တစ်ပတ်အတွင်း မောင်တို့ ဘာလုပ်သင့်တယ်ဆိုတာ သေချာစဉ်းစားဆုံးဖြတ်ရအောင်"

မောင်က လေသံအေးအေးနှင့် ပြောလိုက်တော့ ဆု





ဘာစကားမှ ထပ်မဆိုမိဘဲ မောင့်ကိုသာ ငေးကြည့်နေမိသည်။

"ကဲ. . . မောင်သွားမယ်"

ဆုသည် ခေါင်းညိတ်ပြလိုက်မိသလား၊ ခေါင်းခါပြလိုက်မိလားတောင် မသေချာပါ။ မောင့်ရဲ့ကားလေး ဆုမျက်စေ့ရှေ့မှ ပျောက်ကွယ်သွားသည်အထိ ငေးမောကြည့်မိသည်။

အဲဒီနောက်မှာတော့ ဆုသည် ပင်ပန်းလေးကန်စွာ ဆုရဲ့ဆိုင်ခန်းလေးဆီသို့ လျှောက်လာခဲ့သည်။

"ဘယ်လိုလဲ. . . မောင်တော်နဲ့ အဆင်မပြေဘူးလား"

"ဒီလိုပါပဲ လဲ့လဲ့ရယ်၊ ပြဿနာကတော့ ရှိတာပေါ့"

ဆုသည် စိတ်ပျက်လက်ပျက်ဖြင့် ပိုက်ဆံအိတ်ကို စားပွဲပေါ် ပစ်တင်လိုက်သည်။

"ဟင်. . . ရှင့်ဟာကလည်း ကြိုက်တာဖြင့် ကြာပဲကြာလှပြီ၊ မအိုကြေသေးဘူးလား"

"ဟူး. ."

ဆုသည် သက်ပြင်းကို လေးလေးပင်ပင် ချလိုက်သည်။ လဲ့လဲ့က ဆုနား ကပ်လာ၍. . .

"လဲ့ကို ရင်ဖွင့်စမ်းပါ၊ ဆုမှာ ရင်ဖွင့်စရာဆိုလို့ လဲ့တစ်ယောက်ပဲ ရှိတယ်လေ"

လဲ့က ချော့မော့၍မေးတော့ ငိုချင်လျက်လက်တို့ဖြစ်နေသော ဆုမှာ မျက်ရည်တွေ စီးကျလာတော့သည်။

www.burmeseclassic.com



"လဲ့ရယ်. . . သူကလေ. . သူက"

ဆုသည် လဲ့လဲ့ကို အကြောင်းစုံ ရင်ဖွင့်လိုက်သည်။ ဆု စကားဆုံးတော့. . .

"အမလေး. . . ဆုရယ်၊ ဆုနေရာမှာ လဲ့သာဆိုရင်လေ တစ်ခါတည်း မေးလိုက်မှာ၊ ဆုကို ချစ်တာလား ဆုအသိုင်းအဝိုင်းကို ချစ်တာလားလို့၊ ဒီမှာ ဆု. . ဒါ ဆုရဲ့အပြစ်မှ မဟုတ်တာ၊ သူ နားလည်ပေးနိုင်ရမှာပေါ့"

"ဒါပေမယ့် သူ့အမေက အစကတည်းက ချမ်းသာတာ ဆင်းရဲတာ အရေးမကြီးဘူး၊ မျိုးရိုးကောင်း အကျင့်စာရိတ္တ ကောင်းဖို့က အရေးကြီးတယ်ဆိုပြီး ကြွေးကြော်ထားတာ"

"အဖွားကြီးကို မပိုင်လည်း သူ့သားကိုတော့ ကိုယ့်လူ ဖြစ်အောင် လုပ်ထားရမှာပေါ့"

"မသိတော့ပါဘူးကွာ"

ဆုသည် စိတ်ပျက်စွာ ပြောလိုက်မိတော့သည်။ ချစ်သူက ကိုယ့်လူဟုတ်မဟုတ် မသေချာပါ။

"ဆု ဘာဆက်လုပ်ရမလဲဟင်"

"ဘာမှမလုပ်နဲ့. . . သူ တကယ် ဆုကို ချစ်တယ်ဆိုရင် ဆုမှာ ဘာပြစ်ချက်တွေပဲရှိရှိ ဆုဆီကိုပဲ ပြန်လာလိမ့်မယ်၊ ဒီအတိုင်းသာ စောင့်နေ ဆု၊ အချစ်ကို ယုံတယ်မှတ်လား"

အချစ်. . .။





မောင် တကယ် ဆုကို ချစ်ပါရဲ့လား။ တစ်ခါတစ်လေ ဆုကို သိပ်မချစ်သလိုပဲ။ ပြီးတော့ သူ့ပြောပုံဆိုပုံအရဆို ဆုကို ချစ်သူတစ်ယောက်လိုထက် လက်ထပ်သင့်တဲ့မိန်းမတစ်ယောက် အနေနဲ့များ ရွေးချယ်ခဲ့တာလား။ ဆုသည် အတွေးကြောင့် ပို၍ ကြေကွဲနေမိသည်။

ကိုယ့်ချစ်သူက ကိုယ့်ကို တကယ်ချစ်မချစ်ဆိုတာကို တောင် ဆုမသိခဲ့အောင် တုံးအခဲ့တာလား။

အတွေးများဖြင့် ဆုရဲ့နှလုံးသားတစ်ခုလုံး မွမွကြေနေခဲ့ သည်။

BURMESE CLASSIC .com

ꩠ ꩠ ꩠ ꩠ



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူနှင့် မတွေ့ရသည့် တစ်ပတ်အတောအတွင်း ဆုသည် အလူးအလဲ ခံစားနေရတော့သည်။

ဆု ခံစားရသလောက် မောင်ကတော့ သူ့စကားအတိုင်း စိမ်းကားပြတ်တောက်နိုင်စွမ်းရှိသူပင်။ ဆုထံသို့ ဖုန်းလေးပင် တစ်ချက်မှ မဆက်ခဲ့ပေ။

တစ်ရက် လွဲလွဲ ဆိုင်ကို လာရင်း သတင်းဆိုးတစ်ခုကို သယ်ဆောင်လာသည်။

"ဆုရေ. . . ယူကသာ ဒီမှာ အလူးအလဲ ခံစားနေရတာ၊ မိုးမာန်ကဖြင့် သာယာလို့၊ မနေ့က ဆိုင်ကအပြန် ဒိုးစင်တာထဲ အဝင်မှာ မိုးမာန်ကို ကောင်မလေးတစ်ယောက်နဲ့ လက်ချင်းချိတ်ပြီး တွေ့ခဲ့တယ်၊ လွဲကိုတောင် နှုတ်ဆက်သွား





သေးတယ်. . . မျက်နှာပြောင်လိုက်တာ"

"ဘာ. ."

လွဲစကားကို မယုံနိုင်စွာ လွဲမျက်နှာကို စိုက်ကြည့်လိုက်သည်။ လွဲကား လိမ်ညာနေဟန် လုံးဝမရှိ။ အမှန်တကယ် ပြောနေသည်ဆိုတာ သိလိုက်သည်။

မောင်ဟာ ဒီလောက်တောင်ပဲ ဆုကို ရက်စက်ရပါသလား၊ တခြားကောင်မလေးအသစ် တွေ့နေလို့ ဆုကို အကြောင်းပြပြီး ထားခဲ့တာလား၊ ဆုသည် မဖြေဆည်နိုင်လောက်အောင် ခံစားနေရသည်။ ဆု ခံစားနေရမှန်း သိ၍ လွဲက ပခုံးကို ဆပ်ဖွဖွ ဖက်၍. . .

"ကဲပါ ဆုရယ်၊ ဒီလောက်ကြီး ခံစားမနေပါနဲ့၊ တို့ မြို့ထဲ ဆောက်လို့ ယိုးဒယားစာတွေ ဝယ်လာတယ်. . . စားရအောင်"

ဆု စိတ်မပါစွာ ခေါင်းခါပြလိုက်သည်။

ဆုရင်ထဲမှာ သိပ်ခံစားနေရတာပဲ သိသည်။ ဆုသည် ဆွေးရင်းတွေးရင်း မျက်ရည်တွေ ဝေ့သီလာတာကြောင့် လွဲလွဲက

"ဆုရေ. . . ဒီလောက်ခံစားမနေနဲ့၊ သူက ဘာကောင်ရှိလဲ၊ ဝမ်းဂိုး တူးကမ်းပဲ၊ နောက်တစ်ယောက် တွဲပြလိုက်စမ်းပါ။ ဒီမှ ဒီကောင် မှတ်လောက်သားလောက်ဖြစ်သွားမယ်"

လွဲလွဲ ပြောသောစကားကို ဆုနားထောင်နေမိသည်။

"ဒါဆို ဆုဘာလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . . ငါပြောတာ ရှင်းရှင်းလေး၊ သူ့ကို နောက်တစ်ယောက်နဲ့ တွဲပြလိုက်ပေါ့၊ ယောကျ်ားလေးဆိုတာ သူတို့သာ တွဲရင်တွဲမယ်၊ သူတို့ အတည်ယူရမယ့်မိန်းကလေးက အဲလိုမျိုး တွဲတာ မကြိုက်ဘူး၊ ဒါဆို သူ မခံချိမခံသာဖြစ်သွားမှာ အသေအချာပဲ"

လဲ့လဲ့ပြောသောစကားကို ဆု အသေအချာ စဉ်းစားမိသည်။

"အဲဒါဆို သူ ဆုဆီကို ပြန်လာမလား"

"ပြန်လာနိုင်ပါတယ် . . . ဒါမှ ရှင်ဟာ သူတွဲချင်တိုင်းတွဲ ထားချင်တိုင်း ထားခဲ့လို့မရဘူး၊ ရှင့်ကို သဘောကျတဲ့လူ ရှိသေးတယ်ဆိုတာကို သိသွားမှာပေါ့"

"အင်း . . . ဒါလည်း ဟုတ်တာပဲ၊ ကောင်းပြီ . . . လဲ့ လဲ့ကြိုက်သလို လုပ်ပါ၊ လဲ့ စီစဉ်တဲ့အတိုင်း လုပ်ပါ့မယ်"

ဆုသည် သူငယ်ချင်းဖြစ်သူကို ယုံကြည်စွာ ပြောလိုက်သည်။

"ဒါမှပေါ့ ဆုရဲ့၊ လဲ့လဲ့ အားလုံးစီစဉ်ပေးမယ် . . . စိတ်ချ၊ ဆုရဲ့မောင်တော်က ဆု တခြားတစ်ယောက်နဲ့ တွဲတာ လို့သာ ကြားကြည့်၊ မနာလိုပြီး ချက်ချင်းပြေးလာလိမ့်မယ်"

လဲ့စကားကြောင့် ဆုရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည် တောက်ပလာသည်။ ထို့ကြောင့် လဲ့စကားကို နားထောင်ပြီး လဲ့ရဲ့အစီအစဉ်အတိုင်း လုပ်ရန် ဆုံးဖြတ်လိုက်သည်။





"ဒီနေ့တော့ အနားယူလိုက်ဦး၊ မနက်ဖြန်မှ အစီအစဉ် မယ်၊ ဆုကိုလည်း မှာထားရဦးမယ်၊ ဒီကြားထဲမှာ မိုးမာန်ကို ယောင်လို့တောင် မဆက်သွယ်မိစေနဲ့နော်၊ သူဖုန်းဆက်ရင် သည်း မကိုင်နဲ့ . . . ကြားလား"

"အင်းပါ . . လဲ့သဘော . . လဲ့သဘော"

ဆုသည် လဲ့လဲ့ပြောသမျှကို ယုံကြည်ပြီး လဲ့လဲ့သဘော အ လုပ်ရန် ဆုံးဖြတ်လိုက်တော့သည်။

နောက်တစ်နေ့ ရောက်တာနှင့် လဲ့လဲ့က အစီအစဉ် စတော့သည်။

"ဆုရေ . . . ဒီနေ့ ဧည့်သည်တစ်ယောက် လာလိမ့် မယ်"

"ဟင် . . . ဟုတ်လား၊ အကျိုးဝယ်ဖို့လား"

"ဆုကတော့ လုပ်ပြီ၊ မနေ့က ပြောထားတဲ့ကိစ္စလေ . . မေ့နေပြီလား"

"ဩော်"

ဆုသည် စိတ်မပါစွာ ခေါင်းဆတ်ပြလိုက်သည်။ အေး လေ . . . လုပ်မယ်လို့ ပြောပြီးနေမှပဲ။ ဆု ဒုက္ခရောက်အောင် တော့ လဲ့က မလုပ်ပါဘူးလေ။

ဆုသည် အတွေးများဖြင့် ချာချာလည်နေခိုက်မှာပင်



www.burmeseclassic.com

www.burmeseclassic.com



လဲ့က. . .

"ဆုရေ. . . ဒီနေ့ ဆယ်နာရီ ဒီရွှေပင်းစင်တာက ကော်ဖီဆိုင်မှာပဲ ချိန်းထားတယ်"

ဆုတို့ ရွှေပင်းစင်တာကြီးမှာ ကော်ဖီနှင့်ဒိုးနပ်မုန့်တွေ တွဲဖွင့်ထားသောဆိုင်ကို ပြောခြင်းဖြစ်သည်။

"လဲ့က အကောင်အထည်ဖော်တာ မြန်လိုက်တာ"

"အေးလေ. . . လဲ့အသိကို အကူအညီတောင်းလိုက်တော့ သူကလည်း လက်ခံတာနဲ့ မြန်မြန်ပဲ စီစဉ်လိုက်တာ၊ သူ့နာမည်က ကိုရဲကျော်တဲ့. . . သဘော်သား"

လဲ့လဲ့က ကိုရဲကျော်အကြောင်းတွေ ပြောရင်းမှ နာရီတစ်ချက်ကြည့်၍. . .

"ကဲ. . ကဲ. . ကော်ဖီဆိုင် သွားရအောင်၊ ဆယ်နာရီတောင် ထိုးနေပြီ"

လဲ့လဲ့က ဆုလက်ကို အတင်းဆွဲခေါ်၍ထွက်ခဲ့သည်။ ဆိုင်ကိုတော့ အရောင်းစာရေးမလေးတွေနှင့် ထားခဲ့သည်။

"ကိုရဲကျော်"

"ဩော်. . . လဲ့"

ကိုရဲကျော်က နှုတ်ခမ်းမွှေးရေးရေးနှင့် လူချောလူသန့်တစ်ယောက်ဖြစ်သည်။

"လာ. . . ဆုထိုင်"





ဆုကို ကိုရဲကျော်က ပြုံးပြသည်။

"ဆုရေ. . . ဒါ ကိုရဲကျော်တဲ့၊ ကိုရဲကျော်ကိုတော့ မနေ့ကတည်းက အကျိုးအကြောင်း ပြောပြပြီးပါပြီ၊ ကိုရဲကျော်က ကူညီမယ်ဆိုလို့လေ"

"ဟုတ်ပါတယ်ခင်ဗျာ. . . ကျွန်တော်က ဆုရဲ့အခက်အခဲကို ကူညီမှာပါ၊ ညီမလေးလိုပဲ သဘောထားမှာပါ၊ ဘာအခွင့်အရေးမှ မယူပါဘူး. . . စိတ်ချပါ"

ကိုရဲကျော်ရဲ့စကားကို ကြားရတော့မှ ဆု အတော်စိတ်ချမ်းသာသွားသည်။

"ကျေးဇူးပါပဲ. . . ဆုကြောင့် ကိုရဲကျော် စိတ်အနှောင့်အယှက်ဖြစ်မှာစိုးပါတယ်"

"ရပါတယ်. . . မဖြစ်ပါဘူး၊ ဆုသာ အကူအညီလိုရင် ကျွန်တော့် မိုဘိုင်းကို ဆက်လိုက်ပါ ကျွန်တော်လာခဲ့ပါ့မယ်"

"ဟုတ်ကဲ့. ."

ဆုကတော့ အခုမှသိရသော ကိုရဲကျော်ကို အကူအညီတောင်းရမှာ အားနာမိသည်။ ဆုရဲ့စကားကို လဲ့က လက်မခံ၊ တားမြစ်၍ ဝင်ပြောလိုက်သည်။

"လိုအပ်တဲ့အချိန်မှ မပြောနဲ့လေ၊ အခုပဲ အကောင်အထည်ဖော်လိုက်၊ ကိုရဲကျော်နဲ့ တွဲပြီး မိုးမာန်ရှေ့ကို သွားလိုက်ပေါ့. . . အလွယ်လေးပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ပါ့မလား"

"ဘာလို့ မဖြစ်ရမှာလဲ၊ ကဲ့ . . ကဲ . . ဒီနေ့ပဲ မိုးမာန်ရဲ့ ကုမ္ပဏီရှေ့က ကော်ဖီဆိုင်ကို သွားထိုင်လိုက်ပါလား၊ ဆု လိုက်သွားကွာ၊ ကိုရဲကျော် . . . စိတ်ချမယ်နော်"

လဲ့လဲ့သည် သူ့ဘာသာ စိတ်တိုင်းကျ စီစဉ်ပြီး ဆုကို ထားသွားတော့သည်။ ဆုမှာ ဘာလုပ်ရမှန်းမသိ ကျန်ခဲ့သည်။ ကိုရဲကျော်ကိုလည်း ဘာပြောရမှန်းလဲမသိ၊ လဲ့ပြောသလို ခေါ်သွားရမှာလည်း အားနာနာနှင့် အခက်တွေ့နေလေသည်။

ကိုရဲကျော်က ဆုအနေကြပ်နေတာကို ရိပ်မိပုံဖြင့် . . .

"ဆု အဆင်မပြေရင်လည်း ကျွန်တော်သွားပါ့မယ်"

"အို . . . အဲသလို မဟုတ်ပါဘူး၊ ကဲပါ . . . လဲ့လဲ့ စီစဉ်တဲ့အတိုင်း လုပ်ကြတာပေါ့"

ဆုသည် ကိုရဲကျော်ကို အားနာနာနှင့်ပဲ ကားပေါ် တက်လိုက်တော့သည်။

ထိုနေ့က ဆုတို့နှစ်ယောက် မောင့်ရုံးခန်းနှင့် မျက်နှာချင်းဆိုင် ကော်ဖီဆိုင်မှာ စောင့်နေခဲ့သော်လည်း မောင်ထ ရောက်မလာခဲ့ချေ။

ရောက်မလာတာကိုပဲ ဆုက ကြံဖန်ပြီး ဝမ်းသာနေခဲ့သည်။ ဆုရဲ့မသိစိတ်က မောင်ရောက်လာမှာကို ကြိတ်စိုးရိမ်နေသည်လေ။ မောင် ဆုကို အထင်လွဲသွားမှာကိုလည်း စိုးရိမ်





သည်။

ဘာမှမဆိုင်ဘဲ လာကူညီပေးနေသော ကိုရဲကျော်ကိုလည်း အားနာမိသည်။ အခုတစ်မျိုး တော်ကြာတစ်မျိုးဟု ထင်သွားမှာကိုလည်း စိုးရိမ်မိသည်။ ဆုမှာ လဲ့ရဲ့အကြံဉာဏ်ကို သက်ခံမိတာ မှားသွားသလိုလိုလည်း ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



"လဲ့ရေ. . . ဆုတို့ အခုလုပ်နေတဲ့အလုပ်ကြီးက သီး
အဓိပ္ပါယ်မရှိဘူးလို့ ထင်တယ်၊ ဆုနဲ့ကိုရဲကျော်ကို မောင်က ဖွဲ့
တွေ့လိုက်ရင် ပိုပြီးအထင်လွဲသွားမလား မသိဘူး၊ ဆုတို့ လုပ်နေ
တာတွေ ရပ်ပစ်လိုက်ရင် ကောင်းမလား"

ဆုသည် နောင်တရသလို လဲ့ကို ပြောလိုက်မိသည်။
လဲ့က ခေါင်းခါရင်း. . .

"ဆုရယ်. . . စပြီးတော့မှ အခု ကိုရဲကျော်ကိုလည်း
ဘယ်လောက်အားနာဖို့ကောင်းလဲ၊ တော်ကြာ ကူညီပေးပါဦး
တော်ကြာ မပေးနဲ့ဆို ဘယ်ကောင်းမလဲ၊ မျက်နှာပူစရာကိစ္စကြီး
ကိုလည်း အကူအညီတောင်းထားသေးတယ်"

ဆုသည် သက်ပြင်း လေးလေးပင်ပင်ချ၍. . .





"အေးလေ. . . ဆုကိုကလည်း မှားတာပါ၊ အစ
ကတည်းက ဒီမဟုတ်တဲ့အကြံအစည်ကြီးကို လက်ခံမိတာကိုး"

ဆုသည် နောင်တရသလို ပြောလိုက်မိတော့ လဲ့လဲ့
ခေါင်းခါရင်း. . .

"မမှားပါဘူး. . . မယုံရင်ကြည့်နေ ဆုရဲ့၊ သူ ဆုဆီ
ပြန်လာလိမ့်မယ်၊ ယောကျ်ားဆိုတာဒီလိုပဲ လိုက်လေပြေးလေပဲ၊
အဲ. . . ကိုယ်တို့က ပြေးပြီဆိုရင်လည်း သူတို့က ပြန်လိုက်ကြပြန်
ရော. . ဟင်း. . ဟင်း"

လဲ့က သဘောကျသလို ရယ်မောတော့ ဆု ငေးကြည့်
နေမိသည်။

"လဲလဲ့ရေ. . . ဆု ကွန်ပျူတာသင်တန်း သွားလိုက်ဦး
မယ်"

ဆု သင်တန်းသို့ ရောက်တော့လည်း စိတ်ကလည်းမပါ၊
ဆရာကလည်း မရောက်သေးတာကြောင့် ကွန်ပျူတာဖွင့်ပြီး ဆု
ခံစားရသမျှတွေ ရိုက်ထည့်နေမိသည်။ ခဏကြာတော့ ဆရာ
ရောက်လာပြီး သင်ခန်းစာ စတာကြောင့် ဆု ဖိုင်သိမ်းလိုက်
သည်။

သင်တန်းပြီးတော့ ဆုညီမဝမ်းကွဲမီးမီးက လာခေါ်
သည်။

"မမဆု. ."



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . . မီးမီး"

"နေမကောင်းဘူးလား. . . ငိုင်နေတာပဲ"

ဆုသည် မီးမီးကို မြင်တာနှင့် တစ်စုံတစ်ယောက်ကို သတိရသွားမိသည်။ ပြီးတော့ ဆု အရမ်းသိချင်နေသောကိစ္စ တစ်ခုကို မေးလျှင်ကောင်းမလားဟု စဉ်းစားမိသည်။

"ဒါနဲ့ မီးမီးကို မေးစရာတစ်ခုရှိတယ်၊ မေးရင် ကောင်း မလား မကောင်းဘူးလား စဉ်းစားနေတာ၊ မီးမီးရဲ့ ကိုယ်ရေး ကိုယ်တာကို စပ်စုသလိုများ ဖြစ်နေမလား မသိဘူး"

"ဘာများလဲ မမဆုရဲ့၊ မီးမီးမှာတော့ လျှို့ဝှက်ထားတာ မရှိပါဘူး"

"အင်း. . . ဒါပေမယ့် တို့က မေးရမှာ အားနာလို့ပါ ဟိုလေ. . . မီးမီးရဲ့ချစ်သူလေ. . . ဟိုတစ်ခါ တွေ့တာ၊ တွဲနေ သေးလား"

"ဩော်. . . မမဆုက ဒါလေးများ၊ မီးတို့က ဒီလိုပဲ ချစ်သူရယ်လို့လည်း မဟုတ်ပါဘူး၊ အဆင်ပြေရင်တွဲ၊ မပြေလည်း နောက်တစ်ယောက်. . . မဆန်းပါဘူး၊ စိတ်ပါတော့လည်း ပြန် တွဲပေါ့၊ ဟဲ. . ဟဲ. . အခုခေတ်က ဒီလိုပဲလေ"

မီးမီးက ပေါ့ပါးသွက်လက်စွာ ပြောပြီး ရယ်မောလေ သည်။ ဆုမှာ မီးမီးကို ကြည့်ပြီး လိုက်မရယ်နိုင်ဘဲ စိတ်မောသလို ခံစားရသည်။





ဩော်. . . သူတို့များကတော့လည်း အချစ်ကို ပေါ့ပေါ့ ပါးပါးလေး သဘောထားနိုင်သည်။ ဆုမှာတော့ အချစ်ကို အလေးအနက်ကြီး ခံစားနာကျင်နေရသည် မဟုတ်ပါလား။

"မမဆု. . . ဘာတွေ တွေးနေတာလဲ၊ မီးမီး သွားတော့ မယ်၊ မမဆု ကားပါတယ် မဟုတ်လား"

"အင်း. . မီးမီးလိုက်မလို့လား"

"မလိုက်တော့ဘူး မမဆု၊ ကိုကိုလာကြိုမှာမို့ သွားပြီ. . တာ့တာ"

မီးမီးက သွက်လက်စွာ ဆုရှေ့မှ ပြေးထွက်သွားတာကို ငေးကြည့်မိသည်။ ဆုကတော့ သင်တန်းအခန်းထဲမှ မထွက် သေးဘဲ ပြတင်းပေါက်မှ အသာငေးကြည့်မိသည်။

မိုးမာန် အသင့်ဖွင့်ပေးထားသော ကားလေးထဲသို့ မီးမီး တက်သွားလေသည်။

ဆုမှာတော့ ထိုမြင်ကွင်းကို ကြည့်ပြီး ရင်မှာ နာကျင် ဆို့နင့်စွာ ခံစားရသည်။ မနက်ဖြန်ဆိုလျှင် မောင်နှင့် ချိန်းဆိုထား ရာ တစ်ပတ်ပြည့်ပြီမဟုတ်ပါလား။

မောင့်မေမေနှင့် ဆုမေမေကို မည်ကဲ့သို့ ဆုံပေးရပါမည် နည်း။ ဆုဖေဖေနှင့် မေမေကိုတွဲပြီး မိတ်ဆက်ပေးလို့ကလည်း မဖြစ်နိုင်၊ မေမေ့ကို သိပ်နာကျည်းနေတာ မဟုတ်ပါလား။

ပြီးတော့ မောင့်ရဲ့ရှုပ်ထွေတက်သောအကျင့်ကိုရော ဆု



www.burmeseclassic.com

www.burmeseclassic.com



က နားလည်ပေးနိုင်ပါ့မလား၊ မောင်ကရော ဒီအကျင့်တွေကို ပြင်ပါ့မလား၊ ဒါဆို ဆုဘာဆက်လုပ်ရမလဲ၊ ဆုသည် အတွေးများဖြင့် ကြေကွဲဆို့နင့်စွာ ဆိုင်သို့ ပြန်လာခဲ့သည်။

"ဟဲ့ . . မျက်နှာကလည်း ရှုံ့မဲ့နေတာပဲ၊ ဘာတွေဖြစ်လာရတာလဲ မိဆု"

"ဘာမှမဖြစ်ပါဘူး . . . ဆုဘာသာ နေပါရစေ"

ဆုသည် လဲ့ကို လှမ်းပြောပြီး ဆိုင်ထဲမှာ ခုံအလွတ်တစ်ခုတွင် ဝင်ထိုင်နေမိသည်။

မနက်ဖြန်ဟာ ဆုတို့အတွက် နောက်ဆုံးပဲ ထင်ပါရဲ့။

ဆုသည် နောက်တစ်နေ့မှာတော့ ဆိုင်မှပင် မောင်နှင့် ချိန်းထားရာသို့ သွားရန် ပိုက်ဆံအိတ် ယူလိုက်တော့ လဲ့လဲ့က . .

"ဆု . . . ရှင်တစ်ယောက်တည်း ဖြစ်ရဲ့လား၊ လဲ့ လိုက်ပို့ပေးရမလား၊ ကိုရဲကျော်ကို ဖုန်းဆက်ခေါ် လိုက်မလား"

"မလုပ်ပါနဲ့ . . . ဆုဘာသာပဲ သွားပါ့မယ်၊ ဘယ်သူ့မှလည်း ပြဿနာထဲ ဆွဲမခေါ်ချင်တော့ဘူးလေ"

ဆုက လဲ့လဲ့ကို စိတ်မရှည်စွာ ပြောလိုက်တာကြောင့် လဲ့လဲ့ မျက်နှာမဲ့သွားသည်။

"အေးပါ . . သွား . . သွား၊ ဟိုက အတွဲနဲ့ လာလိမ့်မယ် လဲ့ဖြင့် ဆုအစား ရင်နာလိုက်တာ"

"လာပါစေ . . ဘယ်လိုပဲလာလာ ဆု ခံနိုင်ရည်ရှိအောင်





ကြိုးစားထားပါတယ်"

ဆုရဲ့နှလုံးသားတွေက ချစ်တတ်ပေမယ့် မာနတော့ ရှိပါသည်။ ဆုရဲ့နှလုံးသားကို မာကျောအောင် ကြိုးစားထားပါသည်။ ဆု အလုပ်သင့်ဆုံးအရာတစ်ခုကိုလည်း ဆုကိုယ်ဆု သိပါသည်။

ချိန်းဆိုထားရာ ရောက်တော့ မောင်နှင့် မျက်နှာချင်းဆိုင်တွင် ဝင်ထိုင်လိုက်သည်။ မောင်ကတော့ သူ့မှာ ဘာအပြစ်မှ မရှိတဲ့မျက်နှာနှင့် ငြိမ်သက်တိတ်ဆိတ်လို့ပါ။

"မောင် . . . ဆုတို့ လမ်းခွဲကြရင် ကောင်းမယ်၊ မောင်ဟာ ဆုကို တကယ်ချစ်လို့ မဟုတ်ဘူး၊ လက်ထပ်သင့်တဲ့ မိန်းမတစ်ယောက်အနေနဲ့ တွဲခဲ့တာ မဟုတ်လား၊ အခု ဆုမိဘကြောင့် မောင်လက်မထပ်နိုင်တော့ဘူး မဟုတ်လား၊ ဒါကြောင့် ဆုတို့ လမ်းခွဲရအောင်"

ဆုစကားကြောင့် မောင့်မျက်နှာ ပျက်သွားလေသည်။ ဆုကတော့ ကိုယ့်ကိုယ်ကို တည်ငြိမ်နေ၍ ချီးကျူးမိသည်။

"ဟုတ်ပါတယ် ဆုရယ်၊ ဒါပေမယ့် အခုလို အလျှင်စလိုကြီး ဆုံးဖြတ်တာတော့ . . ."

"တော်ပြီ မိုးမာန်၊ ဒါ ဆု အလျှင်စလို ဆုံးဖြတ်ထားတဲ့ ကိစ္စ မဟုတ်ဘူး၊ အချစ်မှာ တကယ်ချစ်ခဲ့လို့ရှိရင် ဘာမှစဉ်းစားစရာ မလိုဘူး၊ ဆုကောင်းနေရင် ပြီးတာပဲ မှတ်လား"

"ဆုရယ် . . . မောင်ပြောချင်တာက . . ."



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ မိုးမာန်၊ မင်းက တို့ဆီကကျတော့ အားလုံး Perfect ဖြစ်တာ လိုချင်တယ်၊ မင်းကတော့ တို့အပေါ်မှာ သစ္စာမရှိဘူးနော်၊ အဲဒီလို သစ္စာမရှိတဲ့သူကို ချစ်သူမတော်ချင်တော့ဘူး၊ ကဲ . . . မိုးမာန်၊ မင်းနဲ့ ပတ်သက်တာတွေကို တို့ အားလုံးမေ့လိုက်ပြီနော်၊ နောက် လမ်းမှာ တွေ့ရင်တောင် မခေါ်တာ အကောင်းဆုံးပါပဲ"

ဆုသည် စိတ်ထဲ ရှိတာအားလုံး ပြောပြီး မောင့်ရှေ့မှ လှည့်ထွက်သည်။


ဒီဘက်အလှည့်မှာတော့ ဆုရဲ့မျက်ရည်တစ်ပေါက်တထောက်ကနဲ ကျလာသည်။ ဆုရင်မှာ နာကျင်စွာ ဆို့နင့်ကြေကွဲစွာ မျက်ရည်များ ဝေဝါးပြီး ဘာမှတောင် သိပ်မမြင်ရတော့။

ကားပေါ်တက် မောင်းထွက်ခဲ့ပေမယ့် ဆုဘယ်လိုလုပ် အိမ်ပြန်ရောက်ခဲ့မှန်းတောင် မသိပါ။ မျက်ရည်မကျနဲ့စမ်း ဆုရယ်။ ဒီလို သစ္စာမရှိတဲ့ယောကျ်ားအတွက် မျက်ရည်မကျစမ်းပါနဲ့ ဆုရယ်။

ဆုသည် ကိုယ့်ကိုယ်ကို အားပေးရင်း နှလုံးသားမှ ဝေဒနာကို နာကျင်မှုဖြင့် မေ့ဖျောက်နေမိသည်။







အခန်း(၁၀)

နောက်တစ်နေ့ရောက်တော့ ဆု ဆိုင်မသွားနိုင်တော့ဘဲ အိပ်ယာထဲတွင် ခွေနေမိသည်။ လဲ့ဆီကိုတော့ ဖုန်းဆက်မှ ဖြစ်မည်ဟု တွေးလျက် ဖုန်းလှမ်းယူလိုက်သည်။

"လဲ့လဲ့လား . . . ငါပါ၊ ဒီနေ့တော့ ဆိုင်ကို မလာနိုင်တော့ဘူးဟယ်၊ ခေါင်းတွေ အုံနေလို့"

"ဟင် . . . နင်ကလည်း၊ နေပါဦး . . . မနေ့က နင်တို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဖြစ်ကြတာလဲ"

"ငါတို့ ပြတ်သွားပြီဟာ၊ နောက်မှ ငါ အကြောင်းစုံ ပြောပြမယ်ဟယ်"

"တကယ်ပြတ်သွားတာ ဟုတ်လား၊ ငါဖြင့် ယုံတောင် မယုံနိုင်ဘူး၊ နင်က သူ့ကို ဒီလောက်ချစ်တာကို"

လဲ့လဲ့က စပ်စုနေပေမယ့် ဆု ဆက်မပြောချင်တော့၍

"ဒါပဲဟာ. . . ငါဖုန်းပိတ်လိုက်တော့မယ်၊ နောက်မှ ပြောပြမယ်"

ဆု ဖုန်းပိတ်ပြီး အိမ်မှာ အနားယူလိုက်မိသည်။ ကြီးကြီး ကတော့ ဆုနေမကောင်းဘူးထင်၍ ဆန်ပြုတ်တွေဘာတွေ ပြုတ်ပေးနေသေးသည်။ တကယ်တော့ အချစ်နာကျတာဆိုလျှင် ကြီးကြီး ဘာပြောမလဲ။

ဆု ဆိုင်သို့ ရောက်ရောက်ချင်း လဲ့က ဆီးမေးသည်။

"ဘယ်လိုဖြစ်ကြတာလဲ"

ဆုက အကျိုးအကြောင်း ပြောပြပြီးနောက် ဆု တစ်ခါ တည်း ပိတ်လိုက်သည်။

"တော်ပြီကွာ. . တို့နှစ်ယောက် သူ့အကြောင်း မပြော ဘဲ နေကြစို့"

"မပြောဘဲ နေတာတော့ ဟုတ်ပါပြီ၊ ဒါပေမယ့်လည်း နောက်ဆုံး သိချင်တာလေး တစ်ခုမေးပါရစေ၊ အဲဒါက ဆု သူ့ကို





ချစ်နေသေးလား မချစ်တော့ဘူးလားဆိုတာပဲ"

"အမှန်အတိုင်း ဝန်ခံရရင်တော့ ချစ်နေသေးတယ်၊ ဇိတ်နာနာနဲ့ကို ချစ်နေသေးတာ"

ဆုသည် ကြေကွဲဆွေးမြေ့စွာ ပြောလိုက်မိတော့သည်။ လဲ့လဲ့က ဆုကို နှစ်သိမ့်သလို ပခုံးကို ဖက်၍. . .

"အင်းလေ. . . ဘာပဲဖြစ်ဖြစ် ပျော်ပျော်နေပါကွာ"

ဆု ခေါင်းညိတ်ပြလိုက်ပေမယ့် ဆုရင်ထဲမှာ လစ်ဟာနေ တာကိုတော့ ဆုဖာသာ သိပါသည်။

"သြော်. . . ဆုကို ပြောရဦးမယ်၊ တို့နှစ်ယောက် ကိုရဲ ကျော်ကြီးကို တစ်ခုခု လိုက်ကျွေးရင် ကောင်းမယ်၊ ဘာပဲပြော ပြော တို့တွေကို ကူညီထားတာလေ"

"အင်း. . . လဲ့သဘော၊ ဒီကိုပဲ ခေါ်လိုက်မလား"

"မကောင်းဘူးထင်တယ်. . . တို့တွေ သူ့ကို ဒီချည်း ခေါ်နေတယ်၊ ဒီတစ်ခါတော့ တို့သွားကျွေးမှထင်တယ်"

"ဒါဖြင့်လည်း လဲ့သဘောလေ"

ဆုကတော့ အရာရာ လဲ့စီစဉ်တဲ့အတိုင်း လက်ခံလိုက် သည်။

"မြို့ထဲ ဖုန်းဆက်ချိန်းလိုက်မယ်နော်၊ ဆိုင်ကိုတော့ ဆောင်မလေးတွေနဲ့ပဲ ထားခဲ့မယ်"

လဲ့က ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေပြီးနောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"သွားစို့လေ"

ဆုကားနှင့်ပင် ကော်ဖီဆိုင်လေးသို့ ထွက်ခဲ့သည်။ ကိုရဲကျော် တွေ့တာနှင့် . . .

"ဆု . . နေကောင်းတယ်နော်"

"ဟုတ်ကဲ့ပါ . . . ဘာလဲ . . . ဆုပုံစံက လူမမာနဲ့ တူနေတာလား"

ဆု ပြောပြီးရယ်မိသည်။ ထိုစဉ်မှာပင် လဲ့လဲ့ တစခန်းထလာပြန်သည်။

"ဆုရေ . . . ခဏနေခဲ့ဦးနော်၊ ဒီနားလေးက ဆိုင်တစ်ဆိုင်မှာ လဲ့လဲ့ လိုချင်တာလေး တွေ့ထားလို့"

လဲ့လဲ့က ပြောလည်းပြော ထွက်လည်း ထွက်သွားတော့သည်။ ဆုမှာသာ ကိုရဲကျော်နှင့် စကားပြော ကျန်ရစ်ခဲ့သည်။ ထိုစဉ်မှာပင် ရယ်သံသဲ့သဲ့ ကြားတာကြောင့် ဆု လှည့်ကြည့်မိရာ ဆိုင်ထဲသို့ ရယ်မော၍ ၀င်လာသော မိုးမာန်နဲ့မီးမီးကို တွေ့လိုက်ရတော့သည်။

"ဟင် . . "

ဆုသည် မတွေ့ချင်သောအတွဲကို တွေ့လိုက်ရသည်မို့ စိတ်ညစ်သွားသည်။ ဆုရဲ့နှလုံးအိမ်ကလည်း ဖျတ်ကနဲ ကြေကွဲသွားသည်။ မိုးမာန်ကလည်း ဆုတို့ကို မြင်သွားဟန်ဖြင့် လက်လှမ်းပြပြီး ဆုတို့ဆီ လျှောက်လာသည်။





"ကိုရဲကျော် . . . အဲဒါ ဆုရဲ့ညီမ၀မ်းကွဲပါ . . . မီးမီးတဲ့၊ အခု ဆုတို့ကို မြင်လို့ လာတာထင်တယ်"

"ဪ . . . ဆုတို့ညီအစ်မတွေက အချောအလှတွေပဲ"

"ကိုရဲကျော်ကတော့ လုပ်ပြီ . . . မုန့်ထပ်ကျွေးရဦးမလား"

"အဟား . . . တော်ပါပြီဗျာ"

မီးမီးက ဆုတို့အနားရောက်၍ စကားစ ဖြတ်လိုက်သည်။

"ဟယ်လို . . . မမဆု၊ တယ်အဆင်ပြေပါလား၊ မီးမီးတို့လည်း ဆိုင်လာထိုင်တာ၊ ကိုကိုပါ ပါတယ်၊ အတူတူ လာထိုင်ရမလား"

"မီးမီးသဘောလေ"

မီးမီးက အတင်းလာထိုင်မည် ပြောတော့ ဆု မငြင်းချင်၍ ခေါင်းညိတ်လိုက်သည်။ မီးမီးက မိုးမာန်ကို လက်ပြပြီး ဒီမှာ လာထိုင်ရန် ခေါ်လိုက်သည်။ မိုးမာန်ကလည်း ခပ်တည်တည်ပင် လျှောက်လာသည်။

ဆု ရင်မဆိုင်ချင်ဆုံး အခြေအနေတစ်ခုကို ရင်ဆိုင်လိုက်ရတော့သည်။ ဒီကြားထဲ မီးမီးက . . .

"မမဆု မိတ်ဆက်ပေးဦးလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . အေး. . သူက မမဆုမိတ်ဆွေ ကိုရဲကျော်ထဲ သဘော်သားပေ့ါ"

"တွေ့ရတာဝမ်းသာပါတယ် အစ်ကိုကြီး၊ မီးမီးတို့ လမ်းမှာ တွေ့ရင်လည်း ခေါ်နော်၊ သူက မီးမီးရဲ့ချစ်ချစ် ကိုမိုး မာန်တဲ့၊ ပူပူနွေးနွေး ကုမ္ပဏီပိုင်ရှင်ကြီးပေ့ါ၊ ကိုကို. . . ဒါ ဆုရဲ့ အစ်မဝမ်းကွဲ မမဆုတဲ့"

ကောင်လေးက ဘာမှပြန်မပြောဘဲ ခေါင်းတစ်ချက် ဆတ်ပြ၍ တိတ်ဆိတ်နေသည်။ မေ့ထားချင်ပါတယ်ဆိုမှ ကောင် လေးရယ်. . . တိုက်တိုက်ဆိုင်ဆိုင် လာတွေ့တယ်နော်။

ဆုသည် မိုးမာန်ရဲ့မျက်နှာ ပျက်ယွင်းနေတာကိုလည်း သိမြင်မိပါသည်။ ဆုကိုလည်း မှုန်ကုတ်ကုတ်မျက်နှာနှင့် ကြည့် သည်။

မိုးမာန်ရဲ့မျက်နှာတွင် ဆုကို မကျေမနပ် ဖြစ်နေသော အရိပ်အယောင်များဖုံးလွှမ်းနေသည်။ သူနှင့်ဆု လမ်းခွဲထားတာ ဘယ်လောက်မှ မကြာသေး၍ ဒီလိုအခြေအနေမျိုးနှင့် တွေ့ဆုံ မည်ဟု လုံးဝထင်ထားဟန် မတူချေ။

ကိုရဲကျော်ကတော့ မိုးမာန်ရဲ့ မှုန်ကုပ်ကုပ်မျက်နှာထဲ အကဲခတ်သလို ကြည့်ပြီး စကားစသည်။

"ကိုမိုးမာန် ကုမ္ပဏီကရော ဒီမြို့ထဲမှာပဲလား၊ လိပ်စာ ကဒ်လေးဘာလေး ရှိရင်ပေးလေ၊ ကိစ္စရှိတော့ ဆက်သွယ်ရ





အောင်ပေ့ါ"

"ဟုတ်ကဲ့"

မိုးမာန်က သူ့လိပ်စာကဒ်ကို ထုတ်ပေးသည်။

"Export, Import Company ပဲ၊ အတော်ပဲပေ့ါ. . . ကိုယ် နိုင်ငံခြားက ပစ္စည်းတွေဘာတွေ ပို့ချင်ရင် ကိုမိုးမာန်ကို ဆက်သွယ်လို့ရတာပေ့ါ"

"ဟုတ်ကဲ့"

"ကဲ. . ကဲ. . စားကြ၊ ဒီဝိုင်းကို ကျွန်တော်ရှင်းပါ့မယ်၊ ကျွန်တော်က အသက်အကြီးဆုံးမှတ်လား၊ ကျွန်တော်ဒကာခံပါ့ မယ်"

အရေးထဲ ကိုရဲကျော်က ဖော်ရွေနေသေးသည်။ မီးမီး ကပါ ဝင်၍. . .

"အံမယ်. . . ဒီလောက်ကလေးနဲ့ မရပါဘူး၊ မီးတို့က အစ်မတစ်ယောက်လုံး ပေးထားရတာ၊ ထပ်ကျွေးရဦးမှာ. . . သိလား"

ဘာမသိညာမသိနှင့် မီးမီးကပါ ကလေးဆန်စွာ ဝင် ပြောနေ၍ ဆု စိတ်ညစ်ရသည်။ ကိုရဲကျော်ကိုလည်း အားနာရ သည်။

"တော်စမ်း မီးမီး. . . လျှောက်ရမ်းမပြောနဲ့၊ ကိုရဲကျော် ကို အားနာစရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း. . ."

မီးမီးက ဆက်မပြောတော့ဘဲ နှာခေါင်းရှုံ့၍ သူမ စားချင်တာတွေသာ မှာနေသည်။

မိုးမာန်ကတော့ စကားမပြောတတ်သူပမာ တိတ်ဆိတ်နေသည်။ ဒီကြားထဲက အားလုံးစားသောက်ပြီးသည်အထိ လဲ့တပေါ်မလာချေ။

"ကဲ. . . မီးမီးတို့ ပြန်တော့မယ် မမဆု၊ အခုလို ကျွေးမွေးတဲ့အတွက် ကျေးဇူးပါပဲ. . . ကိုရဲကျော်ကြီးကိုရောပဲ နောက် တွေ့ရင်လည်း ဒါနပြုနိုင်ပါတယ်"

"အေးပါ မီးမီးရယ်. . . စကားရှည်မနေနဲ့၊ သွားစရာရှိတာ သွားတော့"

ဆုက မီးမီးကို နှင်ထုတ်ရသည်။

မိုးမာန်ကတော့ ဘယ်သူ့ကိုမှ နှုတ်မဆက်ဘဲ ဆုကို တစ်ချက်စိုက်ကြည့်ပြီး ကားပေါ် တက်သွားသည်။ ဆိုင်ရှေ့မှာ ဆုနှင့် ကိုရဲကျော်သာ ကျန်ခဲ့သည်။

"မီးမီးက ကလေးဆန်တယ်နော်"

"အင်း. . . သူက ဒီလိုပဲ"

"သူ့ကောင်လေးကတော့ တစ်မျိုးပဲ၊ ဆုကိုပဲ ခဏခဏ ကြည့်နေသလားလို့"

ကိုရဲကျော်ရဲ့မှတ်ချက်ကို ဆု ဘာမှပြန်မပြောမိချေ။





"အခု ဘယ်လိုလုပ်မှာလဲ၊ လဲ့လဲ့ကို စောင့်ဦးမှာလား"

"မစောင့်တော့ဘူး ကိုရဲကျော်၊ ကားကို လဲ့လဲ့ ယူသွားတော့ ကိုရဲကျော်ကားနဲ့ပဲ လိုက်ခဲ့တော့မယ်"


ဆုက ဆုံးဖြတ်ချက်ချပြီး ပြောလိုက်သည်။ ကိုရဲကျော်ကားပေါ် လိုက်ရင်း ဆုအာရုံထဲမှာ မိုးမာန်ရဲ့ဂျစ်ကန်ကန် ချက်ဝန်းတွေကိုပဲ မြင်ယောင်မိနေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၁)

"လဲ့ မကောင်းဘူးကွာ. . . ဆုတို့ကို ဘာလို့ အဲလို န ယောက်တည်း ထားသွားရတာလဲ"

"အို. . . ဆုကလည်း၊ လဲ့အသိနဲ့ တွေ့နေလို့ပါ ဆောရီးပဲကွာ"

လဲ့က ရယ်ကျဲကျဲနှင့် ပြောနေတော့ ဆု ပို၍စိတ် သည်။





"လဲ့ကသာ ရယ်နေ၊ ဆု ဘယ်သူနဲ့ တွေ့ခဲ့တယ် ထင်လဲ"

"မသိဘူးလေ. . . ပြောပါဦး"

"မိုးမာန်နဲ့ ဆုညီမဝမ်းကွဲလေး မီးမီးနဲ့ပေါ့"

ထိုအခါ လဲ့က ရယ်မောပြီး. .

"ဟယ်. . . အဲဒါဆို ပိုကောင်းတာပေါ့၊ ဆုကလည်း အတွဲနဲ့၊ သူကလည်း အတွဲနဲ့ဆိုတော့ ပိုပြီးကြည့်ကောင်းတာပေါ့"

"မကောင်းဘူးဟေ့. . . ဇာတ်လမ်းက ဒီလို"

ဆုက ဇာတ်လမ်းအစုံကို ခင်းပြလိုက်လေသည်။

"ဩော်. . . ဒီလိုလား၊ ဘာပဲဖြစ်ဖြစ်လေ. . . ဆု ကိုရဲကျော်ကိုတော့ မေ့မထားပါနဲ့၊ ကိုရဲကျော်ကြီး ကြည့်ရတာ ဆုကို စိတ်ဝင်စားနေပုံပဲ"

"တော်ပါပြီ လဲ့ရယ်၊ အခုလောလောဆယ်တော့ ဆု ဘယ်သူ့ကိုမှ မစဉ်းစားသေးပါဘူး၊ ဆုဘာသာပဲ နေပါရစေတော့၊ မိုးမာန်ကို မေ့နိုင်ဖို့ ကြိုးစားရဦးမယ်လေ"

"ဆုကတော့ ခက်တာပဲ၊ ဆုက ခဲမှန်ဖူးတဲ့ စာမလေး ဖြစ်နေပြန်ပါပြီ"

"ဆုက ခဲမှန်ခဲ့တာ မဟုတ်ပါဘူး၊ နှလုံးသားတစ်ခုလုံး မွှကြွေသွားခဲ့တယ်၊ တော်ပါပြီလေ. . . ဒီအကြောင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



[illegible] နေတာ ကောင်းတယ်"

ဆုရဲ့စကားအဆုံးမှာတော့လဲ အသံတိတ်သွားတော့သည်။ လဲ့ကလည်း ဘာမှထပ်မပြောတော့သလို ဆုလည်း မပြောမိချေ။

နောက်တစ်နေ့ ဆုတို့ ဆိုင်ဖွင့်အပြီးမှာတော့ ထူးဆန်းတာနှင့် တွေ့ကြုံရသည်။ ဆုတို့ ဆိုင်ဖွင့်ပြီး သိပ်မကြာခင်မှာပင် ဆိုင်ရှေ့မှ မျှော်လင့်မထားသူတစ်ယောက် ဖြတ်လျှောက်သွားသည်။ ဆုမှာ သူ့ကို မြင်လိုက်၍ ဆုနှလုံးသားတစ်ခုလုံး လှုပ်ခုန်သွားသည်။

မိုးမာန်ပါလား။

"ဟဲ့. . . ဟိုမှာ ရှင့်မောင်တော်ပါလား၊ ဆိုင်နားမှာ ရပ်နေတယ်တော့"

"နေပါစေ. . . သူ့ဘာသာသူ ရပ်တာ ဆုနဲ့ ဘာဆိုင်လဲ"

ဆုက ခပ်တင်းတင်း ပြော၍ စာအုပ်တစ်အုပ်ကို ဖွင့်ဖတ်မိသည်။

"ဟဲ့. . . ဟိုမှာ ရှင့်ကို လက်ယပ်ခေါ်နေတယ် ဆု"

"နေပါစေဟာ. . . သူနဲ့ဆုကြားမှာ ဘာမှပြောစရာ မရှိတော့ဘူး"

ဆုက လဲ့လဲ့ကို ဟန်မပျက် ခပ်အေးအေး ပြောလိုက်သော်





မယ့် ဆုရဲ့ရင်ခုန်သံတွေ မြန်နေတာတော့ သိပါသည်။ ဆု သူ့ကို မကြည့်မိအောင် ကြိုးစားရင်း မဂ္ဂဇင်းစာအုပ်ကိုပဲ ငုံ့ဖတ်နေသည်။

"ဟဲ့. . . ဝင်လာပြီနော် ဆု၊ လဲ့ ရှောင်ပေးရမလား"

"မလိုပါဘူး လဲ့ရယ်၊ သူနဲ့ဆုကြားမှာ ရှောင်ပေးရလောက်အောင် ဘာကိစ္စမှ မရှိဘူး"

ဆုသည် ဟန်ဆောင်ကောင်းစွာ ပြောလိုက်တော့ လဲ့ ဘာမှထပ်မပြောတော့။ မိုးမာန်က ဆုနား လာရပ်၍. . .

"ဆု. . . ကျွန်တော် ဆုနဲ့ စကားပြောချင်တယ်၊ အပြင်ကို ခဏလိုက်ခဲ့ပါလား"

ဆုက တစ်ချက်မော့ကြည့်၍. . .

"ဘာကိစ္စလဲ. . . တို့နဲ့မင်းကြားမှာ ပြောစရာရှိလား"

"ဟား. . . ရှိတာမှ သိပ်ရှိတာပေါ့"

"ကောင်းပြီလေ. . . တို့ နောက်ဆုံးအကြိမ်အနေနဲ့ နားထောင်ပေးပါ့မယ်. . . ပြောလေ"

"ကျွတ်. . ."

သူက ဆုကို မျက်မှောင်တွန့်၍ စိတ်ပျက်သလိုနှင့်. . .

"ကျွန်တော်တို့ရဲ့ကိုယ်ရေးကိုယ်တာကိစ္စတွေကို ဒီလိုဝိုင်းပြီးအာရုံစိုက်နေတဲ့ဆိုင်ထဲမှာ ပြောလို့ဖြစ်မလား"

"ကောင်းပြီလေ. . မင်း ဒီရှော့ပင်းစင်တာထဲက ကော်ဖီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်က စောင့်နေ၊ တို့ နောက်ထပ်ဆယ့်ငါးမိနစ်ကြာရင် ထွက်လာခဲ့မယ်"

ဆုက စဉ်းစားပြီးပြောလိုက်တော့ သူက မကျေမနပ်ဖုံ့ဖြင့်. . .

"ချက်ချင်း ဘာလို့ မလိုက်လာတာလဲ"

"အိုး. . . တို့ကို တစ်မျိုးထင်ကုန်မှာပေါ့၊ စောင့်ချင်လည်းစောင့်. . . မစောင့်ချင်လည်း ရတယ်နော်"

ဆုက ခပ်တင်းတင်း ပြောလိုက်တော့. .

"စောင့်နိုင်ရမှာပေါ့. . . ကျွန်တော်က တွေ့ချင်သူပဲလေ"

ကောင်လေးက ပြောပြီး ဆိုင်ထဲမှ ခပ်သွက်သွက် ပြန်ထွက်သွားလေတော့သည်။ ကောင်လေးပုံစံက တစ်ခုခုကို ခံစားနေရသလိုလို တစ်ခုခုကို ဒေါသထွက်နေသလိုလိုနှင့်ပါ၊ အခုမှ အသည်းအသန် ဖြစ်နေပုံရသည်။ ကောင်လေးရယ်. . . ဘာကြောင့် အခါလွန်မှ ရွာချင်ရတာလဲ။

လဲ့လဲ့က ဆုနား ကပ်လာ၍. . .

"အဟမ်း. . အဟမ်း. . ဇာတ်လမ်းကတော့ ပြန်စပြီထင်တယ်"

"မသိဘူး. . . စကားပြောစရာရှိတယ်လို့တော့ ပြောတာပဲ"





"အင်း. . . ဆုနဲ့ကိုရဲကျော်အကြောင်းပဲ နေမှာပေါ့၊ လဲ့ ဆင်ထားတဲ့အကွက်ထဲကို ဝင်လာပြီထင်တယ်၊ ဝမ်းမသာဘူးလား ဆု"

လဲ့လဲ့က ဝမ်းသာအားရ ပြောပေမယ့် ဆုက သက်ပြင်းခပ်ဖွဖွ ချပြီး ခေါင်းခါလိုက်သည်။

"ဒီလိုအချိန်ကျမှတော့ လဲ့ရယ်. . . ဆု ဘာမှမလိုချင်တော့ဘူး၊ စိတ်လည်း ပြတ်အောင် ကြိုးစားထားတယ်လေ၊ လူတစ်ယောက်မှာလည်း သူ့မာနနဲ့သူတော့ ရှိတာပဲ လဲ့ရယ်"

ဆုသည် ပြောရင်းမှ စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်သည်။

အခုချိန်မှာတော့. . . အင်းလေ. . . သူ ဘာပြောပြော ဆု နားထောင်လိုက်ရင် ပြီးတာပဲမဟုတ်လား၊ ဆုရဲ့ခံစားချက်က သူ့အပေါ် အတော်ကြီး စိတ်နာနေပြီမဟုတ်လား။

ထို့ကြောင့် ဆုရဲ့အချစ်တွေ သူ့အပေါ် မကုန်သေးလျှင်လည်း ထာဝရ ရင်မှာ သိမ်းဆည်းထားလိုက်ရုံပင်။

ဆုသည် စိတ်ကို အတတ်နိုင်ဆုံး ဖြေလျှော့တွေးရင်း နာရီကို တစ်ချက်လှမ်းကြည့်လိုက်သည်။ ဩော်. . . ဒီလိုကျတော့လည်း ဆုပြောသမျှကို သူ လိုက်နေပါလား၊ မဖြစ်သေးပါဘူး ဆုရယ်၊ နင် စိတ်ပျော့သွားလို့ မဖြစ်သေးဘူး။

ဆု သက်ပြင်းခပ်ဖွဖွချရင်း လဲ့လဲ့ကို အဖော်စပ်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"လဲ့လဲ့. . . ငါအပြင်ထွက်ရင် နင်ပါ လိုက်ခဲ့နော်"

"အင်းပါ"

ဆုသည် လဲ့လဲ့နှင့်အတူ ကော်ဖီဆိုင်သို့ ထွက်လာခဲ့သည်။ ကောင်လေးသည် မျက်မှောင်ကုတ်ပြီး ဆုကို ခပ်တည်တည် မျက်နှာထားနှင့် စောင့်နေသည်။

သူ့မျက်နှာပေါ်မှာ ဆု အရင်တုန်းက နှစ်သက်ခဲ့တဲ့ အပြုံးချိုချိုလေးတွေ ဘယ်ရောက်သွားပါသလဲ၊ ဆုတို့ သူ့နား ရောက်သွားတော့. . .

"ကျွန်တော် ဆုနဲ့ပဲ စကားပြောချင်တယ်"

သူက လဲ့လဲ့ကို မရှိစေချင်ပုံဖြင့် စပြောလေသည်။ ဆုက ခပ်မဲ့မဲ့ ပြုံး၍. .

"မင်းနဲ့တို့ နှစ်ယောက်တည်း စကားပြောစရာ အကြောင်းရှိသေးလို့လား"

ဆုရဲ့ခပ်ရွဲ့ရွဲ့စကားကြောင့် မိုးမာန်ရဲ့မျက်နှာ ပျက်သွားသည်။ လဲ့လဲ့ကပင် ဆုတို့နှစ်ယောက်ရဲ့ပြဿနာကို ဖြေရှင်းပေးလိုက်သည်။

"တို့ ဆိုင်ထဲပဲ ပြန်သွားနေတော့မယ်"

"ရပါတယ်. . . မလိုပါဘူး လဲ့ရယ်၊ သူနဲ့တို့နဲ့ကြားမှာ ဘာကိစ္စမှ မရှိဘူး"





"သွားပါရစေကွာ"

လဲ့လဲ့က လက်ကာပြ၍ ထွက်သွားလေတော့သည်။ ဆုက သက်ပြင်းတစ်ချက် ရှိုက်၍ ခုံတွင် ဝင်ထိုင်လိုက်သည်။

"ကဲ ပြောလေ. . ဘာပြောမှာလဲ"

ဆု လက်ပိုက်၍မေးလိုက်သည်။

"ဆုနဲ့ ကိုရဲကျော်ဆိုတဲ့လူက ဘယ်လိုပတ်သက်လဲ၊ ပြီးတော့ ကျွန်တော်တို့က တရားဝင် ပြတ်စဲရသေးတာ မဟုတ်ဘူးလေ၊ ဆုဘက်ကသာ တစ်ဖက်သက် ဖြတ်သွားတာလေ"

"အဟွန်း. . . နံပါတ်တစ်မေးခွန်းက တို့ရဲ့ကိုယ်ရေးကိုယ်တာမေးခွန်း၊ နံပါတ်နှစ်မေးခွန်းကတော့ မင်းဘာသာ ပြတ်ချင်ပြတ် မပြတ်ချင်နေ တို့အာရုံထဲက မင်းကို ထုတ်လိုက်ပြီ. . . တဲ. . ."

ဆုရဲ့အချက်ကျကျ စကားလုံးတွေကြောင့် ကောင်လေး ငြိမ်သွားသည်။

ဆောရီးပဲ ကောင်လေးရယ်။ တို့ မင်းအတွက် ဒီထက်ပိုမခံစားချင်တော့ဘူး၊ မင်းရဲ့သစ္စာမဲ့မှုတွေကိုလည်း ထပ်ပြီးမခံစားချင်တော့ပါဘူး။

ဆုသည် မျက်နှာပေါ်တွင် အပြုံးတုတစ်ခုကို တင်လိုက်ပြီး မိုးမာန်နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

"ဒီမှာ မိုးမာန်၊ မင်း တို့ကို မေးစရာရှိတာ အကုန်တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း မေးပါ၊ နောက်တစ်ခါ ထပ်ပြီး မင်းနဲ့ မဆုံချင်တော့ဘူး"

"ဗျာ. . "

ကောင်လေးက ဆုမျက်နှာကို အံ့ဩသလို တစ်ချက် မော့ကြည့်သည်။ ကောင်လေးရဲ့မျက်နှာက တဖြည်းဖြည်းနှင့် နီရဲပျက်ယွင်းလာပြီး. . .

"မဟုတ်သေးပါဘူး ဆုရယ်၊ ဆုနဲ့ကျွန်တော် ပြတ်တယ် ဆိုတာ မဟုတ်သေးဘူး၊ ကျွန်တော့်ဘက်က မပြတ်သေးဘူးဗျာ၊ အဲဒါကြောင့် ဆုအနေနဲ့ နောက်တစ်ယောက်ကို ထပ်မတွဲသင့် ဘူး"

"အဟားဟား. . . တို့က တစ်ယောက်ပြတ်မှ နောက် တစ်ယောက် တွဲတာပါ မိုးမာန်၊ မင်းလို နှစ်ယောက်တပြိုင်တည်း တွဲတာ မဟုတ်ဘူး၊ တို့ပြောတာ သဘောပေါက်ပါတယ်၊ ပြီးတော့ တို့ညီမတစ်ယောက်နဲ့ ယောကျ်ားတစ်ယောက်ကို ပြိုင်မလုနိုင် ဘူး"

ဆုက ပြောရင်း ထိုင်နေရာမှ ဝုန်းခနဲ ထလိုက်သည်။

"ဆု. . "

ကောင်လေးက ဆုရဲ့လက်ကို တင်းတင်းဆုပ်ကိုင်ထား သည်။ ဆုသည် ကောင်လေးကို ခပ်စူးစူး တစ်ချက်စိုက်ကြည့်ပြီး

"ငါ့လက်ကို အခုလွှတ်စမ်းပါ"

"လွှတ်ပါ့မယ်ဗျာ. . . ဒါပေမယ့် ကျွန်တော့်ကို စကား





ဆက်ပြောခွင့်ပြုပါ"

"ကောင်းပြီ. . . ပြော"

ဆုက ကောင်လေးဘက်သို့ လှည့်ပြီး လက်ကို ဆောင့် ရုန်းလိုက်သည်။

"ကျွန်တော် ဆုကိုပဲ ချစ်တယ်၊ ဆုကိုပဲ ချစ်တယ်၊ ဆု ကိုပဲ လက်ထပ်မယ်၊ ဆုဘေးနားမှာ ဘယ်ယောကျ်ားကိုမှ မမြင် ချင်ဘူး"

"အေး. . . လဲသေလိုက်၊ အဲမှာ လဲသေလိုက်တော့"

ဆုသည် ပြောပြီး ချာကနဲ လှည့်ထွက်ခဲ့သည်။

"ဆု. . ဆု. . "

ဆုသည် လှည့်မကြည့်မိအောင် စိတ်ကို မနည်းတင်း၍ ဆိုင်သို့ ပြန်ခဲ့သည်။

"လဲ့ရေ. . . ဆုကို လာမေးရင် မရှိဘူးလို့သာ ပြော လိုက်ပါနော်"

ဆုသည် ဆိုင်ထဲမှ အကွယ်နေရာတွင် ထိုင်နေမိသည်။ ထိုစဉ်မှာပင် စကားသံသဲ့သဲ့ကို ကြားရသည်။

"မလဲ့လဲ့. . . ဆု ရှိတယ်မှတ်လား. . . ခေါ်ပေးပါဗျာ"

"မရှိဘူးကွယ့်. . . အခုပဲ ပြန်သွားတာ၊ ရှိလည်း ခေါ် မပေးနိုင်တာ ခွင့်လွှတ်ကွာ"

ကောင်လေးသည် လဲ့ကို အကြာကြီး ရစ်ပြီးမှ ပြန်သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ကောင်လေးရယ်. . . အရင်ကတည်းက မင်း အခုလို တို့ကို အရမ်းဂရုစိုက်မယ်လို့ ဆုံးဖြတ်ခဲ့မယ်ဆိုရင် တို့နှစ်ယောက် ဒီလိုဖြစ်လာခဲ့မှာ မဟုတ်ပါဘူးကွယ်။ အခုတော့. . .

ဆုသည် ကောင်လေးပြန်သွားမှ သက်ပြင်းချနိုင်တော့သည်။






www.burmeseclassic.com


www.burmeseclassic.com

I obsessed love by a girl.


Moe Man

ကျွန်တော် ဒီကောင်မလေးကို
အရူးအမူး ချစ်မိနေပါပြီ။

မိုးမာန်







# အခန်း(၁၂)

နောက်ရက်တွေမှာတော့ မိုးမာန်ရဲ့ပြန်လည်ချဉ်းကပ်မှုက ရယ်စရာကြီးဖြစ်သည်။ နံနက်အစောကြီး မိုးလင်းတာနှင့် ဆုဆီကို နှင်းဆီပန်းအစည်းကြီးကြီး ရောက်လာသည်။

"ဆုရေ. . . သမီး၊ ခြံဝမှာ ပန်းစည်းကြီး တွေ့လို့ လာပေးတာ၊ သမီးဟာ ထင်တယ်"

ကြီးကြီးက ဆုလက်ထဲသို့ ပန်းစည်းကြီး လာသည့်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဆုသည် အဖြူရောင် နှင်းဆီပန်းစည်းကြီးကို ကြည့်၍ အံ့သြမိတော့သည်။

ဆု. . .

*မောင့်ကို စိတ်ပြေပါတော့နော်*
*အရှုံးပေးပါတယ်*

*မောင်*

ဆုသည် ပန်းစည်းကြီးအောက်မှ အဖြူရောင်ကဒ်ကလေးကို ကြည့်ပြီး ဘယ်သူဘယ်ဝါဆိုတာ သိလိုက်သည်။ ကြီးကြီးလက်ထဲ ပြန်ထည့်လိုက်ရင်း. . .

"လွှင့်ပစ်ဖို့လည်း နှမြောတယ်၊ ဘုရားပန်းသာ တင်လိုက်ပါတော့"

ကြီးကြီးက ပန်းစည်းကြီး ကြည့်၍. . .

"ငါ့တူမက တယ်ဟုတ်ပါလား"

"အလကားပါ ကြီးကြီးရယ်. . . ကလေကချေတွေပါ"

ဆုသည် ကြီးကြီးကို ပြော၍ ဆိုင်သို့ သွားရန် ပြင်နေခဲ့သည်။ သို့သော် ဆု တစ်ချိန်လုံး တွေးနေမိတာ မိုးမာန်ဆိုသော ကောင်လေးအကြောင်းသာဖြစ်သည်။ မေ့ပျောက်ဖို့ အတော်ကြိုးစားရဦးမယ် ထင်ပါရဲ့လေ။





"ကြီးကြီးရေ. . . ဆု ဆိုင်သွားတော့မယ်နော်"

ဆုသည် ကြိုးသိုင်းဖိနပ်လေးကို စီးရင်း နှုတ်ဆက်ကာ ထွက်ခဲ့သည်။ ဆုရဲ့ဆူဇူကီးကားလေး ခြံထဲမှ မောင်းထွက်လိုက်တာနှင့် ဆုကားနောက်မှ ကားနက်ကြီးတစ်စီး ပါလာသည်။

ဆုကားကို ကျော်တက်လိုက်၊ ဘေးမှ ကပ်လိုက်နှင့် အမျိုးမျိုး လုပ်နေသည်။ ဆုကတော့ မိုးမာန်ဆိုတာ အတပ်သိပေမယ့် ဂရုမစိုက်ဘဲ ကိုယ့်လမ်းကိုယ် မောင်းနေမိသည်။

ကောင်လေးရယ်. . . အခုမှ ဘာလို့ အသည်းအသန်ဖြစ်ပြနေတာလဲ။ အားလုံးက ပြီးဆုံးခဲ့ပြီ၊ အချိန်လွန်ခဲ့ပြီလေ။

ဆုသည် ရွှေပင်းစင်တာထဲ ရောက်တာနှင့် ကားရပ်စရာ ရှိတာ ရပ်ပြီး ဆိုင်ထဲသို့ ဝင်ခဲ့သည်။

ဆိုင်တွေဘာတွေဖွင့် စာရင်းတွေစစ် ခဏနေတော့ လဲ့လဲ့ ရောက်လာသည်။ လဲ့လဲ့က ဆုနား တိုးတိုးကပ်၍. . .

"ဟဲ့. . . အောက်ထပ်မှာ မိုးမာန် ရောက်နေတာ သိလား"

"ဂရုစိုက်မနေပါနဲ့ဟာ"

"ဒီကောင်လေး နင့်ကို အဆုံးရှုံးမခံနိုင်ဘူး ထင်တယ်"

"အလကား မာယာတွေပါ. . . သူက ဘယ်ကောင်မလေးကို ဘယ်လိုလိုက်ရင် ရမယ်ဆိုတာ သိနေတဲ့ဆရာကြီးလေ၊ ငါ သူ့ကို မယုံတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆုက ပြောရင်း လုပ်စရာရှိတာ လုပ်နေပြီးနောက်. . .

“ငါ သင်တန်းသွားလိုက်ဦးမယ်”

“ဟဲ့. . . တစ်ယောက်တည်း ဖြစ်ပါ့မလား၊ ငါ ကိုရဲကျော်ဆီ ဖုန်းဆက်လိုက်ရမလား”

“ရတယ်. . . အေးဆေးပဲ”

ဆုသည် ဖိုင်လေး ကိုင်ပြီး ဆိုင်ထဲမှ ထွက်ခဲ့သည်။ ဆုရဲ့သင်တန်းမှာ ရှော့ပင်းစင်တာနှင့် မနီးမဝေးမို့ လမ်းလျှောက်ခဲ့သည်။ ခဏကြာတော့ ဆုလျှောက်နေရာ ပလက်ဖောင်းဘေးမှ နေ၍. . .

“ဆု. . ကားပေါ်တက်”

ဆု ဘာစကားမှ ပြန်မပြောမိချေ။

“ကျွန်တော်လိုက်ပို့ပေးမယ်လေ”

“လိုက်ပို့ပေးတာထက်စာရင် မင်း အေးဆေးထွက်သွားလိုက်တာ ပိုကောင်းမယ်၊ တို့မှာ ခြေထောက်ပါတယ်”

“ခြေထောက်ပါတာတော့ သိတာပေါ့ဗျာ၊ ခြေညောင်းမှာစိုးလို့ စေတနာနဲ့. . .”

“တော်စမ်း”

ဆုသည် သွက်နိုင်သမျှ သွက်အောင်လျှောက်ခဲ့သည်။ ထိုစဉ်မှာပင် ကားအဖြူတစ်စီးက ဆုရှေ့တွင် ထိုးရပ်လာသည်။

“ဆု ဘယ်လဲ. . . သင်တန်းလား”





“ဟုတ်တယ် ကိုရဲကျော်”

“ကြွ. . . လာလေ၊ ကျွန်တော်လိုက်ပို့မယ်. . . လမ်းကြုံနေတာပဲ”

ဆုက ကိုရဲကျော်က ဘာမှပြန်မပြောသေးဘဲ မိုးမာန်ထံသို့ အကြည့်ရောက်သွားသည်။ ကောင်လေးရဲ့မျက်ဝန်းတွေက စူးစူးဝါးဝါးပါ။ ဆုကို လိုက်မသွားရန် တားမြစ်နေသယောင်ယောင်ပါ။

ဆု ချာကနဲ လှည့်၍. . .

“အိုကေ. . . ကိုရဲကျော်၊ ဆု လိုက်ခဲ့ပါ့မယ်”

ကိုရဲကျော် ဖွင့်ပေးထားသော ကားရှေ့ခန်းသို့ စွေ့ကနဲ ဝင်ထိုင်လိုက်သည်။

“တောက်”

ဆုသည် တောက်ခေါက်သံကို ကြားဖြစ်အောင် ကြားလိုက်သေးသည်။ အခုလောက်ဆို မိုးမာန် ဘယ်လောက်တောင် ဒေါသထွက်နေပြီလဲဟု တွေးမိသေးသည်။

ကိုရဲကျော်က ဆုကို နားမလည်သလို ကြည့်ရင်း. . .

“ဆုကို ကျွန်တော် တစ်ခုလောက် မေးချင်တယ်၊ ဒါပေမယ့် စပ်စုသလိုလည်း ဖြစ်နေမှာစိုးလို့”

“မေးပါ”

“စောစောက ကောင်လေးက ဆုညီမဝမ်းကွဲလေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတွဲတွေ့တဲ့ကောင်လေး မဟုတ်လား၊ သူက ဘာလို့ ဆုတို့ လာစောင့်နေတာလဲ၊ ပြီးတော့ သူ့မျက်ဝန်းတွေက ဆုနဲ့ ကျွန်တော့်ကို မကျေနပ်သလိုနဲ့ ကြည့်တယ်. . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး. . . သူနဲ့ကျွန်မ ပြဿနာ နည်းနည်း ရှိနေလို့"

ဆုက ပြောပြီး ပေါ့ပေါ့ပါးပါး ရယ်မောပြလိုက်သည်။

"ဆု. . . ကျွန်တော်တို့ တစ်နေရာမှာ သွားစကားပြော ကြမယ်. . . အချိန်ရမလား"

"ကျွန်မ သင်တန်းနောက်ကျရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော် တကယ် အရေးတကြီး ပြောစရာရှိလို့ပါ၊ သင်တန်းပြီးတဲ့အထိ စောင့်နေမယ်ဆိုရင်ရော"

ဆုက ပခုံးတွန့်ပြပြီး. . .

"ဒါဆိုရင်တော့ သဘောပဲလေ"

"ဆုကို အကူအညီတောင်းတာပါ"

ဆုကို တောင်းဆိုသလို ပြောတော့ ဆုထင်သလို မဖြစ်ပါစေနဲ့ဟု ဆုတောင်းမိသည်။ ဆု သင်တန်းသို့ ရောက်တော့ မီးမီးက ကြိုရောက်နေလေသည်။ မျက်နှာလည်း ပျက်နေတာကြောင့်. . .

"ဟိတ်. . . မီးမီး၊ တို့ရောက်လာတာတောင် မသိဘူး၊ ဘာတွေ အတွေးလွန်နေတာလဲ"





မီးမီးက ဆုညီမဝမ်းကွဲလေးမို့ ချစ်ခင်စွာ မေးလိုက်မိသည်။ ဘာကြောင့်မှန်းမသိ မီးမီးမျက်နှာကို ကြည့်ပြီး စိတ်ထဲမှာ မလုံမလဲ ဖြစ်နေမိသည်။

"မပြောချင်ဘူး မမဆုရယ်၊ ကိုကိုလေ. . . ဘာတွေ အရှုပ်ထနေမှန်း မသိဘူး၊ မီးစိတ်ညစ်တယ်၊ မီးလည်း အစက တော့ ကိုကို့ကို အပျော်တွဲတာပဲ၊ ဒါပေမယ့်. . ."

ဆု သိလိုက်ပါသည်။ မီးမီး မိုးမာန်ကို တကယ်ချစ်သွားပြီ ဆိုတာကိုပေါ့။

"ပြောပါဦး မီးမီးရဲ့ မမဆုကိုမှ ရင်မဖွင့်ရင် ဘယ်သူ့ကို ရင်ဖွင့်မှာလဲ"

"ဒီလို မမဆုရဲ့၊ မီးမီးက သူ့ကို အရမ်းချစ်နေပြီးမှ ကိုကို က သူနဲ့မီးမီး မပတ်သက်ဘဲ နေကြရအောင်တဲ့၊ နောင်လည်း ဘယ်တော့မှ မတွဲတော့ဘူး၊ တွေ့လည်း မတွေ့တော့ဘူးတဲ့၊ မီးမီးကို သူ တကယ်မချစ်ခဲ့ဘူးတဲ့၊ သူချစ်တဲ့မိန်းမတစ်ယောက် ရှိတယ်တဲ့၊ အဲဒီမိန်းမကိုပဲ လက်ထပ်မှာတဲ့၊ သူ့ကို မေ့လိုက်တော့ တဲ့"

မီးမီးက ပြောရင်းမှ မျက်ရည်တွေကို မျက်တောင်ခတ်ပြီး သိမ်းဆည်းနေတာကြောင့် ဆု စိတ်မကောင်းဖြစ်မိသွားသည်။ ပြီးတော့ ဆုရဲ့လိပ်ပြာမလုံသလို ခံစားရသည်။ ဆု အပြစ် မကင်းသလိုလည်း ခံစားရသည်။ မိုးမာန် ဒါတွေအားလုံး မင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပဲ၊ မင်း လျှော့နှစ်ဘက် နင်းချင်လို့ပဲ။

ဆုသည် သက်ပြင်းရှိုက်ရင်း. . .

"ကဲပါ မီးမီးရယ်. . . စိတ်အေးအေးထားပါ၊ ယောကျ်ား တစ်ယောက်အတွက်နဲ့ မခံစားစမ်းပါနဲ့ကွယ်"

"မီးသိပါတယ်. . . ဒါပေမယ့် မီး သူ့ကို သိပ်ချစ်မိသွား ခဲ့ပြီလေ"

ထိုစဉ်မှာပင် ကွန်ပျူတာသင်တန်းမှ ဆရာဝင်လာ၍ စကားစ ပြတ်သွားသည်။

အင်း. . . မီးမီးအတွက် ဆု တစ်ခုခု လုပ်ပေးရမည်၊ ဆုတတ်နိုင်တာပေါ့၊ ဆု စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။ သင်တန်း ပြီးတော့ ဆု ထပ်၍နှစ်သိမ့်လိုက်သည်။

"ကဲ. . . မီး ဘာမှစိတ်မပူပါနဲ့၊ မီးဆီကို မကြာခင် မီး ချစ်သူ ပြန်လာမှာပါ"

"အဲလိုဆိုရင်တော့ ကောင်းတာပေါ့ မမဆုရယ်၊ မီးက တော့ အရမ်းကို စိတ်ညစ်ပြီး ဘာလုပ်ရမှန်း မသိဘူး၊ ကဲ. . မမ ရေ၊ မီး သွားပြီ. . . တာ့တာ"

"အေးပါ. . . သွားတော့"

ဆုသည် မီးမီးထွက်သွားတာနှင့် ဘာဆက်လုပ်ရင် ကောင်းမလဲဟု စဉ်းစားမိသည်။

စိတ်ချပါ မီးမီးရယ်။ မမဆု မီးမီးအတွက် အကောင်းဆုံး





စီစဉ်ပေးပါ့မယ်၊ ကလေးဆန်သော မီးမီးကို ပျော်ရွှင်စေချင်ပါ သည်။ ပြီးတော့ ဆုရဲ့ညီမဝမ်းကွဲလေးမို့ စိတ်လည်း ချမ်းသာစေ ချင်ပါသည်။

သင်တန်းဆင်းတော့ ကိုရဲကျော်က အသင့်စောင့်နေ သည်။ မိုးမာန်ရဲ့ကားနက်ကြီးကိုလည်း မတွေ့ရမှ သက်ပြင်းရှိုက် မိသည်။ သို့သော် မိုးမာန် ဆုကို စိတ်ကုန်သွားစေရန် ကိုရဲကျော် ကို ခဏတွဲပြရမည်။ ထို့ကြောင့် ကိုရဲကျော်ကို အလိုက်သင့် ဆက်ဆံရပေဦးမည်လေ။

"ကိုရဲကျော် စောင့်နေတာ ကြာပြီလားဟင်"

"မကြာသေးပါဘူး ဆုရယ်၊ ကျွန်တော်နဲ့ တစ်ခုခု လိုက် စားနော်"

ဆုက ပထမ ငြင်းဆန်ရန် စဉ်းစားမိပေမယ့် နောက် တော့ သူ့ကို အသုံးချရမှာမို့ ခေါင်းဆတ်ပြလိုက်သည်။

"အင်းလေ. . . သွားကြတာပေါ့"

ဆုရဲ့စကားအဆုံးမှာတော့ ကားကလေးက မြားတစ် စင်းပမာ ထွက်လာခဲ့သည်။

"ဆု ဘာစားမလဲ. . . မှာလေ"

"အင်း. . . ဒါနဲ့ ကိုရဲကျော် ဆုကို ပြောစရာရှိတယ် ဆိုတာ"

"ပြောမှာပါ. . . ထမင်းကျွေးပြီး အခွင့်အရေးယူတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ မထင်စေချင်ဘူး”

ကိုရဲကျော်က စကားစလာတာကြောင့် ဆုက ဟန်ဆောင်ပြုံးဖြင့်. . .

“ပြောပါ. . . ဆုက လူတစ်ယောက်ကို မထင်တတ်ပါဘူး”

ကိုရဲကျော်က ဆုကို အားနာသလို ကြည့်ပြီးနောက်. .

“ဆုရယ်. . . ကျွန်တော် ဆုသူငယ်ချင်း လဲ့လဲ့ကို ချစ်နေတာပါ၊ ဒါကြောင့် သူခိုင်းသမျှ ဆုအတွက် အယောင်ဆောင်ရည်းစားလည်း လုပ်ပေးပါတယ်၊ သူ ဖုန်းဆက်တော့လည်း ဒီနေ့ ကျွန်တော် ဆုဆီ လာခဲ့တာပဲ၊

ဒါပေမယ့် သူက အဖြေပေးဖို့ကို ဟိုလိုလိုဒီလိုလို လုပ်နေတယ်၊ အဲဒါ ဆု ကူပြောပေးပါဦး၊ ကျွန်တော် သင်္ဘောပြန်မထွက်ခင် လဲ့လဲ့ဆီက အဖြေရသွားချင်တယ်ဗျာ”

ကိုရဲကျော်စကားကြောင့် ဆု တိတ်တိတ်ကြိတ်ပြုံးလိုက်သည်။ ဆုကတော့ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ဆုကို ကိုရဲကျော် ကြိုက်နေတယ်လို့ ထင်မိတာ၊ တကယ်တမ်း ပြောတော့ ကိုရဲကျော်က လဲ့လဲ့ကို ကြိုက်နေတာကိုး၊ ဒါကြောင့် လဲ့လဲ့စိတ်တိုင်းကျ လိုက်လုပ်ပေးပြီး ဆုကို ကူညီနေတာကိုး။

ယခုမှ ဆုသည် အခြေအနေကို နားလည်သွားတော့သည်။





“ဒါနဲ့ လဲ့လဲ့ကို ကိုရဲကျော်က ဖွင့်ပြောပြီးပြီပေါ့”

“အင်း. . . သူက ဟိုလိုလိုဒီလိုလို လုပ်နေတာလေ”

“သူက ဆုကိစ္စကို ကူညီဖို့ပဲ စိတ်အာရုံရောက်နေလို့ပါ၊ စိတ်ချပါ. . . ဆုပြောပေးပါ့မယ်နော်၊ ဆုကလည်း ချစ်သူတိုင်းကို ဆုံစည်းစေချင်တာပါ”

“ကျေးဇူးပါပဲ ဆုရယ်၊ ကျွန်တော်နဲ့လဲ့လဲ့ ချစ်သူတွေဖြစ်သွားရင် ဆုကို စပါယ်ရှယ် လိုက်ကျွေးပါ့မယ်”

“မလိုပါဘူး. . . ကျွန်မသူငယ်ချင်းကို သစ္စာရှိရင် တော်ပါပြီ”


ဆုစိတ်ထဲမှာ လဲ့လဲ့နှင့်ကိုရဲကျော်ကိုလည်း အဆင်ပြေအောင် လုပ်ပေးမည်ဟု ကြိတ်တွေးလိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၃)

ညနက်သန်းခေါင်ယံမှာ ဖုန်းသံကြောင့် ဆု လန့်နိုးသွားပြီး အိပ်ချင်မူးတူးနှင့် ဖုန်းကောက်ကိုင်လိုက်မိသည်။

"ဟယ်လို. . . ဆုပါ"

"ဆုလား. . . မောင်ပါ"

ဆုသည် ထိုအသံကို ကြားတာနှင့် အိပ်ချင်စိတ်တွေ ပျောက်ကွယ်သွားသည်။





"မင်းကို ငါ မနှောင့်ယှက်နဲ့လို့ ဘယ်နှစ်ခါ ပြောရမလဲ"

"ဆုကလည်းကွာ. . မောင့်ကို မနှိပ်စက်ပါနဲ့တော့ကွာ၊ မောင် နောင်တရနေပါပြီ၊ မောင် အခု အသည်းကွဲပြီး အရက်တွေ သောက်နေမိပြီကွာ"

"တော်စမ်း"

ဆု ပိတ်အော်လိုက်တာကြောင့် တစ်ဖက်မှ အသံတိတ်သွားသည်။ ဆု ဖုန်းပိတ်သင့်မှန်း သိပေမယ့် တစ်ဖက်မှ ဘာပြောဦးမလဲ သိချင်နေသည်။ တဘက်မှ အသက်ရှူသံငွေ့ငွေ့သာ ကြားရပြီး အတော်ကြီးကြာမှ. . .

"ဆုရယ်. . . ဆုကို သိပ်တွေ့ချင်တယ်၊ မနက်ဖြန် မောင်တို့ တွေ့ကြရအောင်လေ"

"ဒီမှာ မိုးမာန်၊ မင်းနဲ့ငါ့ကြားမှာ ဘာမှပြောစရာကို မရှိဘူး"

"မောင့်ဘက်ကတော့ ပြောစရာရှိတယ် ဆုရယ်၊ မောင်တို့ အရင်က သံယောဇဉ်ကို ထောက်ပြီး ခဏလေးဖြစ်ဖြစ် တွေ့ခွင့်ပေးပါနော်"

ဆုလည်း ကြာရှည်စိတ်မတင်းထားနိုင်တော့ပါ။ ပြီးတော့ မီးမီးကိစ္စကလည်း ရှိနေသေးသဖြင့်. . .

"ကောင်းပြီလေ. . . ငါ့ဘက်ကလည်း မင်းကို တောင်းဆိုစရာရှိတယ်၊ ဒါကြောင့် ငါတို့ တွေ့ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပါပဲ ဆုရယ်၊ မောင်ဖုန်းချလိုက်တော့မယ်"

"နေဦး . . . မချနဲ့ဦး၊ မင်းနဲ့ငါက အခုချိန်မှာ သူစိမ်းတွေပါ၊ အသုံးအနှုန်းတွေ ဆင်ခြင်ရင် ကောင်းမယ်"

"ကောင်းပြီလေ . . . ကျွန်တော်ဆင်ခြင်ပါ့မယ်"

ကောင်လေးက ဆုစကား နားထောင်သလို ပြောလိုက်တော့ ဆုစိတ်ထဲမှာ တစ်မျိုးဖြစ်သွားသည်။ သို့သော် သူ့မာယာခံတွင်း ပျော်ဝင်မသွားရန် ကိုယ့်ကိုယ်ကို သတိပေးပြီး ဖုန်းချပစ်လိုက်ရသည်။

မိုးမာန်ရယ် ဝေးလက်စနဲ့ ဝေးကြတာပဲ ကောင်းပါတယ်၊ ထိုညကတော့ ဆုအတွက် အိပ်မပျော်နိုင်သောညတစ်ညဖြစ်သည်။

နောက်တစ်နေ့မှာတော့ ဆုသည် လဲ့လဲ့ကို မိုးမာန်နှင့်ပတ်သက်သမျှကို ရင်ဖွင့်မိတော့သည်။

"ရှင်က ဒီနေ့ တွေ့မယ်ဆိုတော့ မပြတ်သေးတဲ့သဘောလား"

"ဒီတစ်ခါတော့ ပြတ်ပါပြီ လဲ့ရယ်၊ ဆုလေ . . . မီးမီးကို သနားတယ်၊ မီးမီးနဲ့မိုးမာန်နဲ့ကို အဆင်ပြေပြီး လက်တွဲစေချင်တယ်"

လဲ့လဲ့က ဆုကို တစ်ချက်ကြည့်၍ . . .

"ဒါနဲ့ ဆုကို ပြောရဦးမယ်၊ ဟိုတုန်းက ဆုနဲ့မိုးမာန်နဲ့





လဲ့လဲ့က သဘောမတူတာတို့ နှစ်ယောက်ကြားထဲ ဝင်မိတာတို့လုပ်မိတယ်၊ လဲ့ကို စိတ်မဆိုးပါနဲ့နော်၊ ဆု စိတ်ဆင်းရဲမှာစိုးပြီး ဒီကောင်လေးနဲ့ မဖြစ်စေချင်လို့ပါ"

"ဆု နားလည်ပါတယ် . . . ဆုတို့က အခင်ဆုံး၊ တစ်ယောက်နဲ့တစ်ယောက် နားအလည်နိုင်ဆုံးသူတွေပဲလေ၊ အဲဒီတုန်းက စိတ်ဆိုးမိပေမယ့် အခုတော့ လဲ့လဲ့စေတနာကို နားလည်ပါပြီ၊ ခံစားပြီးမှလေ . . . ဟဲဟဲ"

ဆုရဲ့စကားကြောင့် နှစ်ယောက်သား ရယ်မောမိသည်။

"ဒါနဲ့ လဲ့လဲ့နဲ့ကိုရဲကျော် အခြေအနေကရော ဘယ်လိုလဲ၊ မနေ့က ဆုဆီကို ကိုရဲကျော်ကြီးက အပူကပ်တယ်၊ လဲ့လဲ့ သူ့ကို မြန်မြန်အဖြေပေးအောင် ကူညီပေးပါတဲ့လေ"

"ဟင် . . . သူက ဆုကို လျှောက်ပြောတယ်"

"ဒါပေါ့ . . . လဲ့လဲ့ လျှို့ထားတာတွေ ပေါ်ပြီပေါ့၊ သူက လဲ့လဲ့ကို ကြိုက်ရှာသားပဲ၊ လဲ့လဲ့ပြောသမျှ လုပ်ပေးတယ်နော်"

လဲ့လဲ့ကို ဆုက တွန်းပို့ကာ လုပ်ပေးမိသည်။ ချစ်သူတိုင်း ဆုံစည်းစေချင်မိတာ ဆုရဲ့စေတနာပါ။

"ဒါပေမယ့် လဲ့မှ သူ့ကို မချစ်သေးတာ"

"ချစ်ကြည့်ပါ လဲ့ရယ်၊ သူ့အလုပ်အကိုင်ကလည်း မဆိုးဘူး၊ ပြီးတော့ လဲ့လဲ့အပေါ် လည်း ကောင်းမယ့်ပုံပါပဲ"

"အမလေး . . . သူအသည်းကွဲတိုင်း သူများကို လိုက်



www.burmeseclassic.com

www.burmeseclassic.com



အောင်သွယ်ပေးနေရလား ဆုရဲ့၊ ဒါနဲ့ ဆုရော မိုးမာန်ကို မေ့နိုင်ပြီလား"

"မေ့နိုင်အောင် ကြိုးစားရတာပေါ့ လဲ့ရယ်၊ လဲ့စကားနားမထောင်မိလို့ ဆု ဒီလိုခံစားရတာ ဒါကြောင့် လဲ့လည်း အခုဆုစကားကို နားထောင်တော့"

"အမလေး . ကိုရဲကျော်ဆီက ရှေ့နေခ ဘယ်လောက်ရထားလဲ မသိပါဘူးတော်"

လဲ့လဲ့စကားကြောင့် ဆုတို့သူငယ်ချင်းနှစ်ယောက်ထပ်မံရယ်မောမိပြန်သည်။

ဿ ဿ ဿ ဿ





နောက်ဆုံးအကြိမ် တွေ့ဆုံခြင်းဟု စဉ်းစား၍ စိမ်းလန်းပြေထဲသို့ ဆုရောက်လာခဲ့သည်။ လှပသောပန်းဥယျာဉ်လေးထဲတွင် အတွဲတွေကိုယ်စီ ပျော်ရွှင်နေသလောက် ဆုကတော့နောက်ဆုံးအကြိမ် တွေ့ဆုံရန် လာခဲ့ခြင်းဖြစ်သည်။

ဆုသည် ဖြစ်စဉ်တစ်ခုလုံးကို အကြိမ်ကြိမ်အခါခါ စဉ်းစားမိသည်။

မိုးမာန်နှင့်ဆု . . .

မိုးမာန်နှင့်မီးမီး . . .

မီးမီးနှင့်ဆု . . .

မီးမီးနှင့်ဆုဟာ ညီအစ်မဝမ်းကွဲတွေဆိုတော့ နောက်ဆုတ်လိုက်ခြင်းဟာ ဆုအတွက် အကောင်းဆုံးပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



ဆု စိတ်ကို ခိုင်ခိုင်မာမာ ဆုံးဖြတ်၍ မိုးမာန် ထိုင်နေ စားပွဲခုံရှေ့တွင် ဝင်ထိုင်လိုက်မိသည်။

"ဆုကို ကျွန်တော်မေးစရာလည်း ရှိတယ်၊ တောင်း စရာလည်း ရှိတယ်"

ဆု ဘာမှမပြောဘဲ အရုပ်တစ်ရုပ်လို ထိုင်နေမိသည်။ ဆုကို မိုးမာန်က ငေးစိုက်ကြည့်နေမှန်း သိပါသည်။

ဆုသက်ပြင်းရှိုက်၍ မိုးမာန်နှင့် ရင်ဆိုင်ရန် ကြိုးစား လိုက်သည်။ ကောင်လေးက ဆုနှင့်သူ ချစ်သူတွေဘဝတုန်း ဆင်တူဝယ်ဝတ်ခဲ့သော စပို့ရှပ်ကလေးကို ဝတ်ထားသည်။

"မင်း မီးမီးကို မသနားဘူးလား"

"ကျွန်တော်နဲ့ ဘာဆိုင်လဲ၊ ကျွန်တော် သူ့ကို ဘာ နစ်နာအောင် မလုပ်ခဲ့ဘူး၊ သူလည်း ကျွန်တော့်အပြင် တွဲခဲ့တာ တွေ ရှိတာပဲ၊ ကျွန်တော်လည်း ဒီလိုပဲ၊ အဲဒီတွဲခဲ့တဲ့လူတွေထဲက ဆုကို ကျွန်တော် ချစ်သွားတယ်၊ လက်ထပ်ခွင့်တောင်းတယ် လေ. . . ရှင်းရှင်းလေးပဲ"

"အေး. . . မင်းဘက်က ရှင်းပေမယ့် တို့ဘက်က မရှင်း ဘူး၊ မီးမီးက မင်းကို တကယ်ချစ်သွားတယ်၊ ပြီးတော့ တို့နဲ့မီးမီး က ညီအစ်မဝမ်းကွဲတွေလေ၊ သူ့ရည်းစားကို တို့က ဖြတ်ယူ တယ်လို့ အဖြစ်မခံနိုင်ဘူး"

"ဟာ. . . အဲဒါ ဆု အယူအဆ လွဲတာပဲ၊ ဘာမှ ဖြတ်





ယူတာ မဟုတ်ဘူး၊ ဆုနဲ့ကျွန်တော်နဲ့က မီးမီးနဲ့ကျွန်တော် မတွဲ ခင်ကတည်းက အရင်တွေ့ခဲ့ကြ ချစ်ခဲ့ကြတာပဲလေ"

မိုးမာန်ကလည်း ဆုကို ဆင်ခြေဆင်လက် ပြန်ပေးနေ သည်။ ဆုက ခေါင်းခါ၍. . .

"မဖြစ်နိုင်တော့ဘူး မိုးမာန်၊ အားလုံးနှောင်းခဲ့ပြီ၊ ကိုယ့် ညီမဝမ်းကွဲလေး မျက်ရည်ကျမှ ရမယ့်ယောကျ်ားကို တို့ စိတ်မဝင် စားတော့ဘူး"

ဆုရဲ့စကားကြောင့် မိုးမာန်မှာ မျက်နှာပျက်သွားပြီး. .

"ဆု လျှောက်ပြီးအကြောင်းပြမနေနဲ့၊ အသစ်တွေ့ရင် တွေ့တယ်ပြောပါ၊ ကိုရဲကျော်ဆိုတဲ့ သင်္ဘောသားကြောင့် မဟုတ်လား၊ ဒီလူ သူများရည်းစားကို လုတာ"

"တော်စမ်း မိုးမာန်၊ စကားကို ယောကျ်ားပီပီသသပြော၊ မဟုတ်တာတွေ လျှောက်ရမ်းမနေနဲ့"

"ရမ်းမှာပဲ. . . ကျွန်တော် ဆုကို အဆုံးရှုံးမခံနိုင်ဘူး၊ ဆု သိရဲ့လား၊ အခု ဆုနဲ့ တွေ့ဖို့လာတာဟာ ဆုနဲ့ကျွန်တော်ရဲ့ ကိစ္စကို ပြန်စဉ်းစားဖို့ပါ၊ စဉ်းစားပါ ဆုရယ်၊ ကျွန်တော် ဆုကို မခွဲနိုင်ဘူး. . . လက်ထပ်မယ်"

ဆုသည် လှလှပပလေး ပြုံးလိုက်ပြီးနောက်. . .

"အဟား. . . ဟုတ်မှလည်း ပြောပါ မောင်မိုးမာန်ရယ်၊ တို့မေမေက နောက်အိမ်ထောင်နဲ့လေ၊ မင်းအမေက လက်ခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မဟုတ်ဘူး၊ တို့က မိဘတွေ သဘောမတူတဲ့ မင်္ဂလာပွဲကို မကျင်းပနိုင်ဘူး”

“ဆုရယ်. . . ကျွန်တော်ကြိုးစားမှာ”

ဆုက ကောင်လေးကို စကားဆုံးအောင် မပြောခိုင်း တော့ဘဲ လက်ကာပြလိုက်သည်။

“တို့ စကားမဆုံးသေးဘူး၊ ပြီးတော့ မင်းကို တို့ ရင်မခုန် တော့ဘူး၊ မင်းနဲ့ ပတ်သက်ပြီး တို့ရင်ထဲမှာ ဗလာပဲ၊ ဘာမှမရှိ တော့ဘူး”

ဆုသည် မုသားစကားတစ်ခွန်းကို မိုးမာန်ရဲ့မျက်နှာကို စိုက်ကြည့်ပြီး ပြောလိုက်မိတော့သည်။

“တကယ်လား. . . အဲဒါ တကယ်လား”

ကောင်လေးက ဆုကို မယုံနိုင်သေးလို့ မေးလိုက်သည်။

“တကယ်ပဲ မိုးမာန်. . . မင်း တို့ကို တကယ်ချစ်တယ် ဆိုရင် မင်းဘက်က လုပ်ပေးရမှာ တစ်ခုပဲ ရှိတယ်၊ အဲဒါက တို့ညီမဝမ်းကွဲလေး မီးမီးကို လက်ထပ်လိုက်ဖို့ပဲ”

“ဘာ. . . မဖြစ်နိုင်တာတွေ မပြောပါနဲ့ဗျာ၊ လက်ထပ် ခြင်းဆိုတာ ဆုကြိုက်သလို စီစဉ်လို့မရပါဘူး ဆုနားမှာ ကျွန် တော် နေခွင့်မရှိဘူးဆိုရင် မနေပါဘူး၊ ဒါပေမယ့် ကျွန်တော် မချစ်တဲ့သူကိုတော့ လုံးဝလက်မထပ်ပါရစေနဲ့”

“ဟာ. . . ဒါဆို အစကတည်းက ဘာလို့ တွဲခဲ့လဲ”





ဆု စိတ်တိုတိုနှင့် အော်လိုက်သည်။

“တွဲတော့ ဘာဖြစ်လဲ၊ သူ မကြိုက်တာကို အတင်းတွဲတာ လည်း မဟုတ်ဘူး၊ လက်ထပ်မယ်လို့ ကတိပေးပြီး တွဲတာလည်း မဟုတ်ဘူး၊ အပျော်တွဲတာ ဘာဖြစ်လဲ”

“အေး. . . အဲဒီစိတ်ဓါတ်တွေ အဲဒီစကားတွေကြောင့် ငါ မင်းကို စိတ်ကုန်တာ မိုးမာန်”

“စိတ်ကုန်မှာပေါ့. . . ဆုက စိတ်ပျော်စရာကြီး တွေ့ ထားတာကိုး”

မိုးမာန်ရဲ့အသံက မနာလိုဝန်တိုမှုတွေအပြည့်နှင့် ဖြစ် နေသည်။

“အပိုတွေ ပြောမနေနဲ့တော့ မိုးမာန်၊ မင်း မီးမီးကို လက်ထပ်မလား လက်မထပ်ဘူးလား၊ အေး. . မင်းလက်မထပ် ရင် ငါ ကိုရဲကျော်နဲ့ ချက်ချင်းလက်ထပ်မယ်”

ဆုသည် စိတ်လက်မာန်ပါနှင့် ပြောပြီးမှ ကိုယ်နှင့် ဘာမှ မဆိုင်သော ကိုရဲကျော်ကို စိတ်ထဲမှ အကြိမ်ကြိမ် တောင်းပန်မိ သည်။

“ဒါကတော့ ဆုသဘောပဲ၊ ကျွန်တော်ကတော့ ဆုက လွဲရင် ဘယ်မိန်းမမှ မယူနိုင်ဘူး. . . ရှင်းပြီလား”

ကောင်လေးက ဆုကို နီရဲပျက်ယွင်းနေသောမျက်နှာနှင့် ပြောပြီး စားပွဲပေါ် တင်ထားသော ဆုလက်ကို ဆုပ်ကိုင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

“ငါ့လက်ကို လွှတ်စမ်း”

“မလွှတ်နိုင်ဘူး. . . ဆုကို ကျွန်တော်ချစ်တယ်၊ အဆုံး ရှုံးမခံနိုင်ဘူးဆိုတာ ဆုကို ဟိုလူနဲ့ တွဲတွေ့မှ သိရတယ်”

“သေလိုက်. . . လဲသေလိုက်”

ဆုလက်ကို ဆုပ်ကိုင်ထားသော ကောင်လေးလက်ကို ဖယ်ထုတ်ရုန်းကန်ပေမယ့် မရချေ။ ထိုစဉ်မှာပင် ဆုတို့ မျှော်လင့်မထားသူတစ်ယောက်က ဆုတို့စားပွဲဝိုင်းနားသို့ ရောက်လာသည်။

“သြော်. . . ကွန်ပျူတာဖိုင်ထဲမှာတင် အချစ်ဇာတ်လမ်း ရိုက်တယ်လို့ထင်နေတာ၊ အခုတော့ အပြင်မှာလည်း အချစ်ကားလေး ရိုက်နေကြတာကိုး”

“ဟင်. . . မီးမီး”

မီးမီးရဲ့မျက်ဝန်းများက အရမ်းကြောက်စရာကောင်းနေသည်။ ဆုကို စူးစူးဝါးဝါး စိုက်ကြည့်နေသည်။

“မမဆု. . . မမဆုဟာ ဘီလူးခေါင်းဆောင်းထားတဲ့ မိန်းမပဲ၊ ဆုကို ပြောတော့ ကိုကိုနဲ့ ပြန်အဆင်ပြေအောင် လုပ်ပေးမယ် ပြောတယ်၊ ကိုရဲကျော်ဆိုတဲ့လူနဲ့ တွဲနေသလိုလိုနဲ့ အခု မီးမီးရဲ့ချစ်သူကို လုပြန်ပြီ၊ ညီမချစ်သူကို လုတာ ကောင်းသေးရဲ့လား၊ မမဆု အရှက်ကို မရှိဘူး”





“မဟုတ်ဘူး. . . မီးမီး အထင်လွဲနေပြီ၊ မမ ရှင်းပြပါ့မယ်”

“အို. . . ဘာမှရှင်းပြစရာမလိုဘူး၊ ကွန်ပျူတာဖိုင်ထဲမှာ အကုန်ဖတ်ပြီးပြီ၊ ရှင်တို့ ဆုံနေကျနေရာ ဒီနေရာဆိုတာ သိလို့ကို ဟုတ်မလားဆိုပြီး လာကြည့်တာ၊ မမဆု ရှင်ဟာ ကိုယ့်ညီမ အရင်းကိုတောင် အရှုံးလုပ်တယ်. . . ကောင်းသေးရဲ့လား”

“မီးမီး. . . မင်းမဟုတ်တာတွေ လျှောက်မပြောနဲ့၊ မင်းနဲ့ မတွေ့ခင်ကတည်းက ငါနဲ့ဆုနဲ့က အရင်တွေ့တာ”

မိုးမာန် ဝင်ပြောလိုက်တော့မှ အခြေအနေက ပိုဆိုးသွားသည်။

“သြော်. . . ရှင်ကပါ နာတယ်ပေါ့၊ မုန်းတယ်. . . ရှင်တို့ နှစ်ယောက်စလုံးကို မုန်းတယ်. . . သိလား၊ မမဆု ရှင့်အကြောင်းတွေကိုလည်း ကိုရဲကျော်ကို သွားပြောပြမယ်၊ ရှင့်လှေနံနှစ်ဘက် နင်းတဲ့အကြောင်းကိုပေါ့”

မီးမီးက ပြောပြီး လှည့်ထွက်သွားသည်။

“မီးမီး. . ”

ဆုက ခေါ်လိုက်ပေမယ့် မီးမီးက လှည့်ကို မကြည့်တော့ချေ။

“နေပါ ဆုရယ်. . . လိုက်မခေါ်ပါနဲ့၊ ဒီလို ရှင်းရှင်းသွားသွားတော့ အေးတာပေါ့၊ ဒါနဲ့ ကွန်ပျူတာဖိုင်ဆိုတာ ဘာလဲ”



www.burmeseclassic.com

www.burmeseclassic.com



မိုးမာန်စကားကြောင့် ဆုစဉ်းစားလိုက်မိသည်။ ဆု ကွန်ပျူတာသင်တန်းမှာ ဆရာမလာခင် ရိုက်မိသောစာများကို မီးမီး ဖတ်မိသွားတာဖြစ်မည်။ ထိုစာတွေကို မဖျက်ခဲ့မိတာ ဆု အမှားပါ။

ဆု စိတ်မောစွာ သက်ပြင်းရှိုက်မိသည်။ ဆု စေတနာနဲ့ မီးမီးအတွက် လုပ်ပေးတာတွေ ဝေဒနာ ဖြစ်ကုန်ပြီထင်ပါရဲ့၊ ဆု စိတ်ပျက်လက်ပျက်ဖြစ်သွားတာကို မိုးမာန်က ကြည့်ပြီး. . .

"စိတ်မညစ်ပါနဲ့ ဆုရယ်၊ ကျွန်တော်တို့ ကောင်းဖို့ အတွက် ဖြစ်ရတယ်လို့ပဲ သဘောထားပါ"

"ဘာကွ. . . တော်စမ်း၊ ငါ့မှာ ဘယ်သူသေသေ ငတေ မာရင်ပြီးရောဆိုတဲ့စိတ်ဓါတ် မရှိဘူး၊ အဲဒါတွေအကုန်လုံး မင်း ကြောင့်ပဲ မိုးမာန်၊ ဘယ်လိုဖြေရှင်းကြမလဲ"

"ဘယ်လိုမှ မဖြေရှင်းဘူး၊ ပိုတောင် ကောင်းသေးတယ်၊ ကျွန်တော့်ကို လက်ထပ်ခွင့်ပေးပါတော့ ဆုရယ်. . နော်"

ဆုသည် ကိုယ့်စိတ်ကိုယ် နိုင်အောင်ထိန်းလိုက်ပြီး. .

"မင်းဟာ အခွင့်အရေးသမားပဲ မိုးမာန်၊ တစ်ဖက်သား ဘယ်လိုခံစားနေရမယ်ဆိုတာကို မတွေးမိဘူးလားဟင်၊ ကိုယ် ချင်းမစာဘူးလား"

ဆုစကားကြောင့် မိုးမာန်မျက်နှာမဲ့သွားလေသည်။

"ဒါဖြင့် ကျွန်တော်ဘာလုပ်ပေးရမလဲ"





"အေး. . စဉ်းစားလိုက်ဦးမယ် ဘာလုပ်သင့်လဲဆိုတာ၊ အခုတော့ ပြန်ဦးမယ်"


ဆု ကားသော့ကို ကောက်ကိုင်ပြီး စိမ်းလန်းစိုပြေထဲမှ ထွက်ခဲ့သည်။ ကောင်းစေချင်၍ လုပ်ကာမှ အခြေအနေ ပိုပြီးဆိုး သွားခဲ့ပြီ။

တစ်ခါတစ်ခါ ဟောဒီလောကထဲမှ အငွေ့ပျံ၍ ပျောက် ကွယ်သွားချင်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၄)

ဆုသည် ထုံးစံအတိုင်း လဲ့လဲ့ကိုပဲ ရင်ဖွင့်မိသည်။ လဲ့လဲ့က နားထောင်ပြီး. . .

“ဟယ်. . . နင်တို့ဇာတ်လမ်းကြီးကလည်း ရှင်းမလိုလိုနဲ့ ရှုပ်နေတာပဲ၊ အခု ဘာဆက်လုပ်ကြမလဲ”

“အေး. . . မသိဘူးဟာ၊ အရမ်းဦးနှောက်စားနေပြီ၊ အခုတော့ ဘယ်သူနဲ့မှ မတွေ့တော့ဘူးလို့ ဆုံးဖြတ်ထားတယ်”

“အေးပါ. . . လူကသာ မတွေ့တာ၊ နှင်းဆီပန်းတွေက





နေ့တိုင်းရောက်နေတာပဲ”

လဲ့လဲ့က ဆိုင်သို့ ရောက်နေသော နှင်းဆီပန်းစည်းကြီးကို လှမ်းကြည့်၍ပြောသည်။

“ရှုပ်ပါတယ်ဟာ. . . နင် မိုးမာန်ကို ပြန်လက်ခံလိုက်ပေါ့”

“ဟင်း. . . လဲ့က ဆုကို ဘာလို့ အဲလို တိုက်တွန်းရတာလဲ”

ဆုက လဲ့လဲ့ကို အံ့ဩစွာ မေးလိုက်သည်။ အစက လဲ့လဲ့က ဆုနှင့်ကောင်လေးကိစ္စကို ဖျက်ခဲ့သည် မဟုတ်ပါလား။

“ဟုတ်တယ်လေ. . . ဟိုကလည်း အခုမှ သည်းသည်းလှုပ် ဖြစ်နေတာလေ၊ ရှင့်ကြည့်ရတာလည်း ချစ်နေသေးတဲ့ပုံပဲ ဆိုတော့ ပြန်လက်ခံလိုက်ပေါ့၊ ဒါပဲရှိတယ်လေ”

“မဟုတ်သေးပါဘူးဟယ်. . . တော်ကြာ မီးမီးက သူထင်တာတွေ ဟုတ်နေပါလားဆိုပြီး ပိုမုန်းနေပါဦးမယ်၊ ဘာပဲပြောပြော ဆုတို့ ညီအစ်မဝမ်းကွဲတွေလေ၊ အခုလောလောဆယ်တော့ ခေါင်းအေးအေး နေပါရစေဦး၊ စိတ်ရှုပ်လွန်းလို့ ဘာကိုမှ မတွေးချင်ဘူး”

ဆုက စိတ်ပျက်စွာ ပြောလိုက်သည်။ ထိုစဉ်မှာပင် ဆိုင်က ကောင်မလေးတစ်ယောက်က. . .

“မမဆုရေ. . . ဒီမှာ စာတစ်စောင် လူကြုံပေးလိုက်


www.burmeseclassic.com

www.burmeseclassic.com



တယ်"

"ဟင်. . . ဟုတ်လား၊ ဘယ်က ပေးလိုက်တာလဲ"

"အောက်ထပ်က မဆုသီရိစံကို ပေးပေးပါဆိုတော့"

ဆုကလည်း ဘာမှမပြောဘဲ စာအိတ်ကို ယူထားလိုက်သည်။ စားပွဲသို့ ရောက်တော့ စာကို လဲ့လဲ့ကို ထောင်ပြလိုက်သည်။

"ကြည့်ရတာ ရည်းစားစာပဲ ထင်ပါရဲ့"

လဲ့လဲ့ရဲ့မှတ်ချက်ချသံအဆုံးတွင် ဆုစာကို ဖောက်ဖတ်လိုက်သည်။

ကဗျာဆန်စွာ ပန်းရောင်ဖျော့ဖျော့နှင့် ရနံ့သင်းသင်း ပါသော စာရွက်လေးတစ်ရွက် ထွက်လာသည်။

"စာရွက်ကြည့်တာနဲ့ ရင်တောင် ခုန်ချင်လာပြီ"

လဲ့လဲ့က ရယ်မော၍ပြောလိုက်သည်။ ဆုက စာရွက်ဖွင့်ဖတ်လိုက်တော့ ဆုဘယ်တော့မှ မမေ့နိုင်သည့် လက်ရေးဝိုင်းတချို့ကို ဖတ်လိုက်ရသည်။

*ချစ်ရတဲ့ဆုရေ. . .*

*အတူနေချင်ပြီ*

*မောင့်ကို လက်ထပ်ခွင့်ပေးပါတော့. . .*

*ချစ်တဲ့. . မောင်*





စာရွက်ရနံ့သင်းသင်းနှင့်အတူ ဆုရဲ့ရင်ခုန်သံတွေ တဖန်ပြန်နိုးထလာသည်။ သြော်. . . သူ ငါ့ကို တကယ်ချစ်ရှာလို့ပဲဟုလည်း တွေးမိသည်။

လဲ့လဲ့က ဆုကို ပြုံးစိစိနှင့် ကြည့်ပြီး. . .

"မောင်တော်ပဲမှတ်လား"

"အင်း. . . စိတ်ရှုပ်နေရတဲ့ကြားထဲ၊ သူက ဒါမျိုးလုပ်ဖို့ အချိန်ရသေးတယ်၊ တော်တော်အားနေတယ်"

ဆုက စိတ်တိုသလို ပြောလိုက်ပေမယ့် စိတ်ထဲမှာတော့ ကျေနပ်ပီတိလှိုင်းတွေ ထသွားသည်။ ဆု ဘယ်သူ့ကိုမှ ဂရုမစိုက်ဘဲ ကိုယ့်နှလုံးသားကိုပဲ ဦးစားပေးချင်စိတ် ပေါက်လာခဲ့သည်။

ထိုစဉ်မှာပင် ဆု ဟန်းဖုန်းမြည်လာတာကြောင့် ဖုန်းဖွင့်လိုက်သည်။

"ဟယ်လို"

"ဆုသီရိစံလား"

"ရှင်. . ဟုတ်. . ဟုတ်ပါတယ်"

တစ်ဘက်မှ အမျိုးသမီးကြီးတစ်ယောက်အသံကြောင့် ဆု အံ့သြသွားသည်။

"တို့က မိုးမာန်ရဲ့အမေပါ၊ မှတ်မိမယ်ထင်တယ်၊ တို့ တစ်ခါဆုံဖူးကြတယ်လေ"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တို့ တွေ့ကြရအောင်၊ တို့အိမ်ကို လာခဲ့နိုင်မလား"

"ရှင်. . . အခုလား"

ဆု အံ့သြစွာ မေးလိုက်မိသည်။

"ဟုတ်တယ်. . . ပြောစရာလေးရှိလို့"

"ဟုတ်ကဲ့ပါ. . . ဆု လာခဲ့ပါ့မယ်"

ဆုသည် မမျှော်လင့်ဘဲ မိုးမာန်မိခင်က တွေ့ချင်သည်ဟု ဆိုသဖြင့် အံ့သြထိတ်လန့်သွားမိတော့သည်။ မိုးမာန် သူ့အမေကိုပါ လျှောက်ပြောလိုက်ပစ်ဖို့ မကောင်းပါ။

"ဘာဖြစ်လို့လဲ ဆု၊ ရှင့်မျက်နှာက အံ့သြနေတဲ့ပုံပဲ"

"အေး. . . အခု မိုးမာန်အမေနဲ့ သွားတွေ့ရတော့မယ် အရေးကြီးတယ်၊ ပြန်လာမှ ပြောပြမယ်၊ ဆိုင်စောင့်နေနော်"

ဆုသည် လဲ့လဲ့ကို ပြောပြီး ကားသော့ယူကာ ထွက်ခဲ့သည်။

ဆု စိတ်ထဲမှာကို တစ်စုံတစ်ရာကို စိုးထိတ်နေသလို ခံစားနေရသည်။ မိုးမာန်တို့အိမ်ကြီးကို အသုဘကိစ္စနဲ့တုန်းက တစ်ခေါက်ရောက်ဖူးပေမယ့် အခုလို သွားရမှာတော့ ဆု ရွံ့နေမိသည်။ နောက်ဆုံးမှာတော့ ငါ့မှာ ဘာအပြစ်မှ မရှိတာဟု တွေး၍ ကားကို မိုးမာန်တို့အိမ်ရှေ့ဆင်ဝင်မှာ ရပ်လိုက်သည်။

ဆု ကားရပ်ပြီးတာနှင့် အိမ်ဖော်ဖြစ်ဟန် တူသော ကောင်မလေးက အိမ်ထဲမှ ထွက်လာလေသည်။





"လာပါ မမ၊ အိမ်ထဲမှာ အမေကြီးစောင့်နေတယ်"

ဆု ခေါင်းဆတ်ပြပြီး အိမ်ထဲသို့ ဝင်ခဲ့သည်။ ဆုကို ဧည့်ခန်းမှာ ထိုင်ခိုင်းထားပြီး မိုးမာန်ရဲ့မိခင်ဖြစ်သူကို သွားခေါ်ဟန်တူသည်။ ခဏနေတော့ ဒေါ်ထားထားသည် ဘီးချဲလ်နှင့် ဧည့်ခန်းထဲသို့ ရောက်လာသည်။

ဆုက မတ်တတ်ထရပ်လိုက်သည်မို့. . .

"ထိုင်ပါ. . . တို့ တစ်ခါတော့ ဆုံပြီးပြီနော်"

"ဟုတ်ကဲ့"

အိမ်ဖော်မလေးတွေက ကော်ဖီနှင့်မုန့် လာချပေးသည်။

"သောက်လိုက်ပါဦး အရင်"

"ဟုတ်ကဲ့"

ဆုမှာ ဒေါ်ထားထားပြောသည့်အတိုင်း ကော်ဖီကို သောက်ချလိုက်သည်။ ကော်ဖီခါးခါးကြီးက ဆုလည်ချောင်းထဲသို့ စီးဝင်သွားသည်။

ဒေါ်ထားထား စကားစပြောသည်။

"မိုးမာန်က အခုရက်ပိုင်းမှာ မင်းကို လိုက်တောင်းခိုင်းနေတယ်၊ မင်းတို့က ချစ်သူတွေလား"

"ရှင်. . ."

"တို့က အဘွားကြီးဆိုပေမယ့် ခေတ်မီပါတယ်၊ ချစ်သူတွေနဲ့ အပျော်တွဲတာနဲ့ ကွာတယ်လေ၊ ဒါကြောင့် သိချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဆုသည် ပြန်ဖြေရခက်နေသည်။ ဒေါ်ထားထားက ဆု ကို အကဲခတ်သလို ကြည့်၍. . .

"ဘာလဲ. . . တို့ရဲ့မေးခွန်းက သိပ်ခက်နေလို့လား"

"မဟုတ်ပါဘူး"

"ရပါတယ်. . . မဖြေချင်လည်း မဖြေပါနဲ့၊ တို့ ဆုသီရိုး ကို တစ်ခါပြောဖူးပါတယ်၊ တို့သားရဲ့ချစ်သူဟာ အကျင့်စာရိတ္တ ကောင်း၊ မျိုးရိုးကောင်းမှ သဘောတူမယ်လို့လေ၊

မိုးမာန်က တစ်ဦးတည်းသောသားလေးဆိုတော့ မိန်းမ ကောင်းကောင်းနဲ့ ရစေချင်တယ်လေ"

ဆုအသံက လည်ချောင်းဝတွင် ဆို့နင့်သွားရာမှ. . .

"ဟုတ်ကဲ့"

"တို့က အိမ်ထဲမှာ နေပေမယ့် မျက်စေ့တွေ နားတွေ ရှိတယ်၊ ဆုသီရိစံအကြောင်း စုံစမ်းကြည့်မိတယ်"

"ရှင်. ."

ဆု အံ့သြသွားသည်။ ဒါဖြင့် ဆုမိခင်အကြောင်း သိသွား ခဲ့ပြီပေါ့။ ဆုသည် ကိုယ့်အပြစ်လည်း မဟုတ်ပါဘဲ အားငယ် ရှက်ရွံ့သလို ခံစားရလေသည်။

"ဆုသီရိစံ အခု နေနေတဲ့ ကြီးတော်နဲ့ အဖေနဲ့ကတော့ ပြဿနာ မရှိပါဘူး၊ ဆုသီရိစံကိုယ်တိုင်ကလည်း ပညာဉစ္စာ ရုပ်ရည် အသင့်အတင့် ရှိပါတယ်. . . ဒါပေမယ့်"





ဆုသည် ဒါပေမယ့်ရဲ့ နောက်ဆက်တွဲကို ရိပ်မိပြီး အသက်တောင် မရှူရဲပါ။

"ဒါပေမယ့် ပြဿနာက ဆုသီရိစံရဲ့အမေပဲ၊ ဆုသီရိစံရဲ့ အမေက နောက်အိမ်ထောင်နဲ့ဆို မင်္ဂလာပွဲကို ဘယ်လိုတက်ကြ မလဲ"

"ဟို. . ဟို. ."

"ဘာပြောဦးမလို့လဲ. . . ဆုသီရိစံရဲ့မိခင်အကြောင်း ကို တို့ အကုန်သိပြီးပါပြီ"

ဆုသည် ဘာမှ ဆက်မပြောရဲတော့သလို ခံစားရသည်။ အခုမှတော့ မထူးတော့တာမို့ ဆုအဖြစ်အပျက်ကို ရင်ဆိုင်ရန်ပဲ ကြိုးစားလိုက်သည်။

"အဲဒီတော့ အန်တီ ဘာကိုဆိုလိုချင်တာလဲ"

"ဘာကို ဆိုလိုချင်တာလဲဆိုတော့ ဆုသီရိစံ နောက် ဆုတ်လိုက်ပါတော့လို့၊ တို့သားနဲ့ မပတ်သက်ပါနဲ့တော့လို့. . . ရှေ့မဆက်ချင်ပါနဲ့တော့"

ဆုသည် အောက်နှုတ်ခမ်းကို တင်းတင်းကိုက်ထားလိုက် သည်။ နောက်ဆုံး ဆုရဲ့မာနက တင်းမခံနိုင်တော့။

"ဒီမှာ. . . အန်တီပြောချင်တာတွေ ပြောပြီးရင် ဆု ပြောပါရစေ၊ အရင်တုန်းက အန်တီ့သားနဲ့ဆုက ချစ်သူတွေ ဆိုတာ မှန်ပါတယ်၊ ဒါပေမယ့် အခု သူ့ကို ဆုဘဝထဲက ဆုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားတာ ကြာပါပြီ၊ ဆုကိုယ်တိုင်ပဲ အဆက်ဖြတ်ခဲ့တာပါ၊ သူ့ဖာသာသူ အသည်းအသန်ဖြစ်ပြီး ဆုကို လက်ထပ်ယူဖို့ ကြိုးစားတာပါ၊ ဆုလည်း သူ့ကို လက်မထပ်နိုင်ပါဘူး၊ အကောင်းဆုံးကတော့ အန်တီ့သားကို အန်တီ ထိန်းပါ”

ဆုသည် စိတ်တိုတိုနှင့် ပြောလိုက်ရာ ပါးစပ်မှ ဘာတွေ ပြောလို့ပြောမိမှန်းတောင် မသိပါ၊ ဒေါ်ထားထား ဘာမှမပြောနိုင်ခင်မှာပင် ဆု ထိုင်ရာမှ ထလိုက်သည်။

“ဆုကို ခွင့်ပြုပါဦး”

ဆု တချိုးတည်း ထိုအိမ်ထဲမှ ထွက်ကာ ကားကို ဘယ်လို မောင်းမိ၍ အိမ်ပြန်ရောက်ခဲ့မှန်းတောင် မသိပါ၊ အိမ်ရောက်တော့ အခန်းတံခါး ဂျက်ချ၍ အားရပါးရ ငိုချလိုက်မိပါတော့သည်။





## အခန်း(၁၅)

“ဒီနေ့လည်း ဆုဆီ ဘာပြဿနာ လာဦးမလဲ မသိဘူး၊ ဆုအစား ရင်လေးလိုက်တာ”

လဲ့လဲ့က စိတ်ပူသလို ပြောလိုက်တော့ ဆုက မဲ့ပြုံးတစ်ချက်သာ ပြုံးလိုက်မိတော့သည်။ ဆုတို့ တစ်နေကုန် ဆိုင်မှာပင် ရှိပြီး ညနေစောင်းတော့ ကိုရဲကျော် ပေါက်ချလာသည်။ မျက်နှာလည်း သိပ်မကောင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ကိုရဲကျော်ကြီး လာလေ"

ဆုက လွဲလွဲကို မေးထိုးပြရင်း လှမ်းခေါ်လိုက်သည်။ ကိုရဲကျော်က ဘာတွေဖြစ်လာလဲမသိ၊ မျက်နှာမကောင်းချေ။ ဆုနှင့်လွဲလွဲကို တစ်ချက်လှမ်းကြည့်၍. . .

"ဆုနဲ့လွဲလွဲ ဆိုင်သိမ်းခါနီးနေပြီ မဟုတ်လား၊ ဆိုင်သိမ်းပြီးရင် ကျွန်တော်နဲ့ အပြင်ခဏလိုက်ခဲ့နော်. . . ပြောစရာရှိလို့"

ဆုက လွဲကို စချင်စိတ်ဖြင့်. . .

"နှစ်ယောက်လုံးလား"

"ဟုတ်ကဲ့. . . အဓိက,ကတော့ ဆုပေါ့"

ကိုရဲကျော်ရဲ့စကားကြောင့် ဆု နားမလည်ဖြစ်သွားမိသည်။ လွဲလွဲကလည်း ဆုကို စူးစမ်းသလို ကြည့်သည်။ ကိုရဲကျော်ဆိုတာ လွဲလွဲနှင့် သက်ဆိုင်သူ မဟုတ်ပါလား၊ ဆု သက်ပြင်း ခပ်ဖွဖွ ခိုးရှိုက်မိသည်။ ဘာတွေဖြစ်ပြန်ပြီလဲ။

ဆိုင်ပိတ်ပြီးနောက် ဆုတို့ နီးနီးနားနားက ကော်ဖီဆိုင်မှာပင် ဝင်ထိုင်မိသည်။

"ဘာဖြစ်လာတာလဲ ကိုရဲကျော်"

ဆုက စ၍မေးခွန်းထုတ်မိသည်။ လွဲလွဲကလည်း စိတ်ဝင်စားဟန်ဖြင့် နားစွင့်နေသည်။

"ဆုညီမ မီးမီးဆိုတာလေ၊ ကျွန်တော်တို့နဲ့ တစ်ခါဆုံဖူးတယ်လေ"





"ဟုတ်တယ်. . . ညီမဝမ်းကွဲတော်ပါတယ် ကိုရဲကျော်၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ. . . ကျွန်တော့်ဖုန်းနံပါတ် ဘယ်ကရလာလဲ မသိဘူး၊ မနေ့က ကျွန်တော်မရှိတုန်း ကျွန်တော့်အိမ်ကို ဖုန်းဆက်ပြီး မွှေသွားတယ်"

"ဘာ. . ."

ကိုရဲကျော်စကားကြောင့် ဆု နားတွေတောင် အူသွားသလို ခံစားလိုက်သည်။

"ဘာ. . ဘာတွေ မွှေသွားတာလဲ၊ ဆုတော့ ဖုန်းနံပါတ်မပေးမိပါဘူး၊ ပြီးတော့ ကိုရဲကျော်ဖုန်းနံပါတ်ကိုလည်း ဆု မသိပါဘူး. . . တကယ်ပါ"

ဆုသည် ကိုယ့်ကြောင့် လူတစ်ဘက်သား စိတ်အနှောင့်အယှက်ဖြစ်သွားသည်မို့ အားနာသွားမိလေတော့သည်။ မီးမီး ဘာတွေ လျှောက်လုပ်နေလဲ မသိပါ။

"နေပါဦး. . . ကိုရဲကျော်အိမ်ကို ဖုန်းဆက်ပြီး ဘာတွေပြောသွားတာလဲ"

လွဲလွဲက ဝင်ပြီးမေးခွန်းထုတ်လိုက်သည်။ ကိုရဲကျော်က ဆုကို အားနာသလို ကြည့်ပြီး. . .

"အဓိက,ကတော့ ဆုအကြောင်းပေါ့၊ မီးမီးက ဘာတွေ အထင်လွဲနေလဲ မသိပါဘူး၊ ဆုနဲ့ကျွန်တော်က ကြိုက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အကြောင်း၊ ဆုက ရည်းစားများတဲ့အကြောင်း၊ ဆုအမေတ လည်း နောက်အိမ်ထောင်နဲ့မို့ အမေတူသမီးဆိုတာတွေရော ဆုကို ကျွန်တော်ယူရင် ဒုက္ခရောက်မယ်ဆိုတဲ့အကြောင်းတွေ ရောပေါ့"

"ဟယ်. . . ဒုက္ခပဲ၊ ဆုနဲ့ကိုရဲကျော်နဲ့ ဘာမှလည်း မဆိုင် ဘဲနဲ့ ကိုရဲကျော်ကို လျှောက်ပြောရလား. . . အားနာလိုက်တာ"

ဆု အားနာမျက်နှာပူစွာ ပြောလိုက်မိသည်။ ကိုရဲကျော် က လက်ကာပြ၍. . .

"ကျွန်တော့်ကို ပြောတာဆို ပြဿနာမရှိဘူး၊ အခုဟာ က ဖုန်းကို ကျွန်တော့်အမေက ကိုင်မိတော့ ပြဿနာဖြစ်တော့ တာ။ ဆုနဲ့ကျွန်တော် တကယ်ကြိုက်နေတယ် ထင်ပြီး မေမေ က ကျွန်တော့်ကို ခေါ်ပြီး ပြဿနာရှာပါလေရော၊ အခုက ကျွန် တော့်ကို မိန်းမ ပေးစားမယ်ဘာမယ် ဖြစ်နေပြီ၊ ဘယ်လိုလုပ်ရ မလဲ လဲ့ရယ်"

ကိုရဲကျော်က လဲ့လဲ့ကို ကြိုက်နေသူမို့ လဲ့လဲ့ကို လှမ်း မေးလိုက်တော့သည်။

ဆုကတော့ ကိုယ့်ကြောင့် ပြဿနာတွေ ရှုပ်ထွေးကုန် တာကြောင့် ကိုရဲကျော်ကိုလည်း အားနာ၊ ဆုကိုယ်တိုင်လည်း ဘာလုပ်ရမှန်းမသိဖြစ်ကုန်သည်။

"ဆု ဘာလုပ်ရမှန်းတောင် မသိပါဘူး ကိုရဲကျော်ရယ်၊





ကိုရဲကျော်နဲ့လဲ့လဲ့ကို အားနာလိုက်တာ၊ ဆုကြောင့် အခြေအနေ တွေ ရှုပ်ကုန်ပြီ"

ဆု မျက်ရည်ဝဲပြီး ပြောတော့ လဲ့လဲ့က ဆုလက်ကို ဆုပ်ကိုင်ပြီး အားပေးသည်။

"ကျွန်တော် လက်မထပ်ချင်ဘူး လဲ့ရယ်၊ ကျွန်တော် လဲ့ကိုပဲ ချစ်တာ၊ လဲ့ကိုပဲ လက်ထပ်ချင်တာ"

"ရှင်ကလည်း. . . အရေးထဲ"

"ဟုတ်ပါတယ် လဲ့ရယ်၊ တကယ့်ကို အရေးထဲ ဖြစ်နေပါ ပြီ"

ဆုမှာ စိတ်ရှုပ်သည့်ကြားမှ ရယ်လည်းရယ်ချင်၊ ကိုယ့် ကြောင့် ကိုရဲကျော်ကြီး အခုလို ဖြစ်နေတာကိုလည်း အားနာမိ သည်။

"ဟုတ်ပါတယ် လဲ့၊ လဲ့သာ အခုနေ အဖြေပြန်ပေးလိုက် ရင် ကိုရဲကျော်ရဲ့ချစ်သူဟာ ဆုသီရိစံ မဟုတ်ဘဲ လဲ့လဲ့ဆိုတာ ကိုရဲကျော်အိမ်က သိသွားရင် အခြေအနေ တစ်မျိုးပြောင်းချင် ပြောင်းသွားမှာပေါ့"

ဆုကလည်း တတ်သလောက် ဝင်အကြံပေးတော့ လဲ့လဲ့ က မျက်စောင်းထိုးရင်း. . .

"ဆုကလည်း. . . အရေးထဲမှာ ကိုယ့်သူငယ်ချင်းသက် မပါဘဲ သူများဘက်က ပါနေသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သူများလား လဲ့ရယ်၊ ဒါပဲနော် လဲ့ ကျွန်တော့်ကို အဖြေပေးရင်ပေး၊ မပေးလို့ကတော့ ဒီနေ့ ခိုးပြေး တော့မှာ"

"ဖွတ်ပဲ"

"ဟုတ်ပါတယ် လဲ့ရယ်၊ ကိုရဲကျော်ကြီးက လဲ့ကို ချစ်တာ ပါ"

ဆုကလည်း ကိုယ့်ကြောင့် သူတို့နှစ်ယောက် လွဲသွားမှာ စိုးရိမ်ပြီး တိုက်တွန်းပေးလိုက်မိသည်။

"အမလေး . . . ရှေ့နေခ ဘယ်လောက်ရလဲ မသိဘူး"

"ရှေ့နေခက ထား . . . လဲ့လဲ့ကရော သူ မိန်းမယူသွား မှာ [illegible]နေနိုင်လို့လား"

ဆုစကားကြောင့် လဲ့လဲ့ ငိုင်သွားလေသည်။ ကိုရဲကျော် ကလည်း လဲ့လဲ့ထံမှ အဖြေမရမက လိုက်တောင်းနေတော့သည်။ နောက်ဆုံးမှာတော့ လဲ့လဲ့က အဖြေပေးလိုက်ရတော့သည်။

"ကိုရဲကျော်ရဲ့ချစ်သူအဖြစ် လက်ခံပါတယ်"

"ဟာ . . . ကျွန်တော်ပျော်သွားပြီဗျာ"

ဆုသည် လဲ့လဲ့တို့ ချစ်သူစုံတွဲလေးကို ကြည့်ပြီး မုဒိတာ ပွားမိသည်။

"ကွန်ဂရက်ကျူလေးရှင်းပါ ကိုရဲကျော်ရယ်၊ ဆုကြောင့် ကိုရဲကျော်တို့နှစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်သွားရင်





ခွင့်လွှတ်ကြပါနော်"

"တို့တွေက သူငယ်ချင်းတွေပဲ ဆုရယ်၊ ကဲ . . . ဆု စိတ်ကြိုက်သာ စား၊ ဒီနေ့ လဲ့တို့ချစ်သူအသစ်စက်စက်လေးက ကုန်သမျှ ရှင်းလိမ့်မယ်"

"အင်းပါ လဲ့ရယ်၊ ဒါနဲ့ ဆုရဲ့ကိစ္စတွေ သတင်းကြားထား တဲ့ ကိုရဲကျော်အိမ်ကို ဘယ်လိုလုပ်မှာလဲ"

ဆု ထောက်ပြသောအချက်ကြောင့်မို့ ကိုရဲကျော် ငြိမ် သက်သွားပြီး . . .

"အင်း . . . ဆုနဲ့ ပြတ်သွားပြီ၊ ဒါ အခု ရည်းစားအသစ် လေးဆိုပြီး မိတ်ဆက်ပေးလိုက်မှာပေါ့"

"ဒါမျိုးကျတော့ တော်တော်တတ်တယ်"

ဆုသည် လဲ့နှင့်ကိုရဲကျော်တို့အတွဲလေးကို ကြည့်ပြီး စိတ်အတော်ချမ်းသာနေမိသည်။

ဿ ၆၈ ၆၉ ၆၈



www.burmeseclassic.com

www.burmeseclassic.com



ဆုသည် အခက်အခဲ များသောကာလကို ဖြတ်ကျော်ပြီး နော[illegible]တည်ငြိမ်စပြုလာသည်။

"ဟဲ့. . . နှင်းဆီပန်းကြီးက ရောက်လာပြန်ပြီ"

အခုတလော မိုးမာန်ကို လုံးဝမတွေ့ရတော့ပေမယ့် နှင်းဆီပန်းအဖြူကြီးကတော့ တစ်ရက်မပြတ် ရောက်လာသည်။

"အရူး. . . အလကား အရူးထနေတာ"

ဆုသည် အဖြူရောင်ပန်းစည်းကြီးနှင့်အတူ မိုးမာန် ဆိုသောကောင်လေးရဲ့ဂျစ်ကန်ကန်မျက်နှာကို မြင်ယောင်မိသည်။

ဆုသည် ပန်းစည်းကြီးကို ခပ်ဖွဖွ နမ်းရှိုက်ချင်ပေမယ့် လူတွေရှေ့မှာမို့ ထိန်းချုပ်ထားမိသည်။ လဲ့ကတော့. . .





"ဒီလောက် နှင်းဆီပန်းတွေ ပို့နေရင်လည်း လူကိုယ်တိုင် လာတာ မဟုတ်ဘူး"

ဟု ပြောသေးသည်။ နောက်မှ. . .

"အေးလေ. . . မလာရဲလို့ ဖြစ်မှာပေါ့"

ဆုက ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။

"သူလုပ်ကာမှပဲ ရှော့ပင်းစင်တာက လူတွေအားလုံးလည်း စိတ်ဝင်စားကုန်ပြီ၊ သနားပါတယ် ဆုရယ်"

"အင်း. . . ဆုတော့ သူ့ကိုထက် မီးမီးကို သနားတယ်၊ မီးမီးကို ဆု ဘယ်လိုမျက်နှာပြရမှာလဲ"

"ဟာ. . . ဒါတော့ ဆုကြောင်တာပဲ၊ မိုးမာန်နဲ့မီးမီးရဲ့ ဇာတ်လမ်းက ပြီးဆုံးသွားပြီလေ"

လဲ့လဲ့ကလည်း ဆုကို မိုးမာန်နှင့် ပြန်အဆင်ပြေစေချင်ပုံဖြင့် ပြောသည်။

"ဒါပေမယ့် မိုးမာန်ရဲ့အမေကလည်း သဘောမတူဘူးလို့ ခေါ်ပြောထားတယ်လေ"

"ဟမ်. . . ဒါဆိုလည်း လွယ်လွယ်လေးပဲ၊ သမီးမှာ ကိုယ်ဝန်ရှိနေပါပြီလို့ ကိုရီးယားကားထဲကလို ပြောလိုက်ပေါ့"

"တော်ပါတော့ လဲ့ရယ်၊ မဖြစ်နိုင်တာတွေကို ပြောမနေနဲ့၊ ဆုရင်ထဲမှာပဲ ထားလိုက်တော့မယ်"

"လုပ်မနေနဲ့ ဆု၊ အချစ်နဲ့စစ်မှာ တရား[illegible]ာတွေ



www.burmeseclassic.com

www.burmeseclassic.com



မတရားတာတွေ မရှိဘူး၊ မီးမီးကိုလည်း ဂရုမစိုက်နဲ့၊ မိုးမာန်ရဲ့ အမေကြီးကိုလည်း ခေါက်ထားလိုက်စမ်းပါ"

လဲ့လဲ့စကားကြောင့် ဆု ခေါင်းကို ခပ်ဖွဖွ ခါယမ်းလိုက်သည်။

"မီးမီး နောက်ဆုတ်သွားတယ်ဆိုရင်လည်း ကျေကျေနပ်နပ် နောက်ဆုတ်သွားတာမျိုးပဲ လိုချင်တယ်၊ ပြီးတော့ သူ့အမေကလည်း ကျေကျေနပ်နပ် လက်ခံတာမျိုးပဲ လိုချင်တယ်၊ ကဲ. . ကဲ. . ဗိုလ်ချုပ်ဈေးထဲ သွားမယ်ဆို၊ လာ. . . သွားရအောင်"

ဆုတို့နှစ်ယောက် ကားရပ်၍ ဗိုလ်ချုပ်ဈေးထဲ လမ်းလျှောက်သွားတော့ နောက်မှ တစ်စုံတစ်ယောက် လိုက်လာသလို ခံစားရတာမို့ ဆုတို့ လှည့်ကြည့်တော့ မိုးမာန်ကို တွေ့လိုက်ရသည်။

မတွေ့တာ သုံးလေးပတ် ရှိပြီမို့ ကောင်လေးသည် ပိန်သွားသယောင်ပါ။ လဲ့က ဆုကို တံတောင်ဖြင့် တွတ်၍. . .

"ဟဲ့. . . ဟိုမှာ နင့်ရဲ့မိုးမာန် ပါလာတယ်"

"ဘာလဲ. . . ငါ့မိုးမာန် မဟုတ်ပါဘူး၊ လာ. . လာ. . ကိုယ့်လမ်း ကိုယ်သွားမယ်"

ဆုတို့ ခပ်သုတ်သုတ် လျှောက်လာတော့ နောက်မှ မိုးမာန်ကပါ သွက်သွက်လိုက်လာပြီး. . .





"ဟူး. . . မောလိုက်တာ၊ ကိုယ့်ရည်းစား ကိုယ်ပြန်လိုက်ရတာ ဒီလောက်ခက်မယ်မှန်း သိရင် အစကတည်းက ပြဿနာမရှာပါဘူးဗျာ"

ဆုနားမှာ မကြားတကြား ပြောသွားသော ကောင်လေးကို မျက်စောင်းထိုးလိုက်မိသည်။ ဗိုလ်ချုပ်ဈေးထဲမှာ ဆိုင်တွေ တစ်ဆိုင်ပြီးတစ်ဆိုင် ဝင်နေတာကို မိုးမာန်ကပါ လိုက်ဝင်တော့ ဆု စိတ်မရှည်တော့ချေ။

"ဒီမှာ. . ."

"ဗျာ. . . ကျွန်တော့်ကို ခေါ်တာလား"

"အေး. . . လာပြီးအရှုပ်ထမနေနဲ့၊ ဘာကိစ္စနဲ့ တို့နောက်ကို တကောက်ကောက် လိုက်နေရတာလဲ"

မိုးမာန်က ခေါင်းတစ်ချက် ကုတ်ပြီး ရယ်ကျဲကျဲနှင့်. . .

"ဟဲ. . ဟဲ. . ကိုယ့်ခြေထောက်နဲ့ ကိုယ်သွားတာပဲ၊ ပြီးတော့ ဒါက အများပိုင်လေ"

"တို့ ရှင်းရှင်းပဲ ပြောမယ်၊ အများပိုင်ဆိုပေမယ့် တို့နောက် လိုက်တာ သိက္ခာကျတယ်၊ သူများတွေ ကြည့်ကုန်ပြီ"

"ဟုတ်တယ်ဗျာ. . . ကြည့်ပါစေ၊ ကိုယ်ကြိုက်တဲ့သူနောက် ကိုယ်လိုက်တာပဲ၊ အဲဒါ ဘာဖြစ်လဲ"

"အေး. . . ဘာဖြစ်လဲဆိုတော့ ကိုယ့်အမေကို ကိုယ်ပိုင်အောင် အရင်ပြောလိုက်ဦး၊ မပိုင်ဘဲနဲ့ တို့ရှေ့မှာ လာမရှုပ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ. . . မယ်တော်ကို စည်းရုံးလိုက်ပါ့မယ်"

မိုးမာန်က ပြောပြီး လှည့်ထွက်သွားလေတော့သည်။ လဲ့လဲ့က ဘာမှဝင်မပြောပေမယ့် ပြုံးနေလေသည်။

"သူ့အမေကို စည်းရုံးလို့ရတယ်ဆိုရင် ဆုက မီးစိမ်းပြလိုက်ပေါ့"

"ဆု မစဉ်းစားရသေးဘူး လဲ့ရယ်"

ဆု လေးလေးပင်ပင် ပြောလိုက်သည်။ ဆုနှလုံးသားက မိုးမာန်ကို ချစ်နေသေးတာ သေချာပါသည်။ သို့သော် မီးမီးကို မေ့ထား၍မရပါ။

ကွန်ပျူတာသင်တန်း သွားတက်ရင်း မီးမီးကို ရှာမိသည်။ သို့သော် တစ်ရက်လည်း မလာ၊ နှစ်ရက်လည်း မလာတာကြောင့် လဲ့ သင်တန်းဆရာကို သွားမေးလိုက်သည်။

"ဆရာ. . . မီးမီးလာတာ မတွေ့ပါလား၊ ဆုနဲ့အတူလာနေကျ ဆုညီမဝမ်းကွဲလေ"

"ဟုတ်တယ်. . . သူ မတက်တော့ဘူးလို့ ပြောသွားတယ်"

"သြော်. . . သင်တန်းကြေးတွေ အများကြီး သွင်းထားပြီးမှ"

ဆိုသည် နှမြောစွာ ပြောမိသည်။





မမဆုကို မတွေ့ချင်လို့ သင်တန်းကြေးတွေ အဆုံးခံသွားတာလား မီးမီးရယ်ဟု စိတ်ထဲမှ ပြောမိတော့သည်။ ဆုကိုယ်တိုင်လည်း လိပ်ပြာမလုံချေ။

"အင်း. . . ဆုကြောင့် ထွက်သွားတာ ထင်တယ်"

"မဟုတ်ဘူး ထင်တယ်လေ. . . နိုင်ငံခြား သွားမယ်လို့ ပြောတာပဲ"

"သြော်"

ဆုသည် ရှေ့ခုံတန်းတွင် လစ်ဟာနေသောနေရာလေးကို ကြည့်ပြီး စိတ်မကောင်းဖြစ်မိတော့သည်။

မီးမီးရယ် မင်း ယောကျ်ားတစ်ယောက်အတွက်နဲ့ မမဆုကို စိတ်ဆိုးသွားခဲ့ပြီလား။

မီးမီးစိတ်ချမ်းသာအောင် မမဆု စီစဉ်ပေးမှာပါ။ မမကြောင့်တော့ စိတ်မဆင်းရဲစေရပါဘူး။

ဆု ဆုံးဖြတ်လိုက်မိတော့သည်။

ဆု သင်တန်းမှ ဆင်းတော့ မီးမီးအိမ် သွားပြီးရှင်းပြမည်ဟု စဉ်းစားပြီး ကားပေါ် တက်လိုက်စဉ်မှာပင်. .

"ဆု. . ဆု. ."

"ဟင်. ."

မိုးမာန်ကို တွေ့ရ၍ ဆုသည် ကားစက်နှိုးလိုက်စဉ်မှာပင် ဆုကားတံခါးကို သူက ဆွဲဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိုးမာန်. . . ဒါ ဘာလုပ်တာလဲ"

"ကျွန်တော့်မေမေ ခေါ်လို့ လိုက်ခဲ့ပါဗျာ"

"မလိုက်ဘူး. . . မယုံဘူး၊ မင်း ဆီကိုကို မနှောင့်ယှက်ပါနဲ့ ကိုယ့်လမ်းကိုယ် သွားပါကွာ"

ဆုက ခပ်အေးအေးပင် ပြောလိုက်သည်။

"မနှောင့်ယှက်ပါဘူး ဆုရယ်၊ မေမေက တွေ့ချင်တယ် လာခဲ့ပါလို့ဆိုလို့ ခေါ်တာပါ။ မေမေ နေသိပ်မကောင်းဘူး၊ ဆုကို လည်း အရေးတကြီး တွေ့ချင်လို့တဲ့၊ မယုံရင် ဖုန်းဆက်ကြည့် ဒီမှာ ဖုန်း"

မိုးမာန်က သူ့ဖုန်းကို ဆုလက်ထဲ လှမ်းထည့်သည်။

"အဲဒါ တို့က ဘာလုပ်ရမှာလဲ၊ ဘာလဲ. . တို့ကို ခေါ်ပြီး မင်းနဲ့ သဘောမတူကြောင်း ထပ်ပြောမလို့လား"

"မဟုတ်ပါဘူး ဆုရယ်၊ မေမေ့ကို ခဏလောက်ဖြစ်ဖြစ် မျက်နှာပြပေးရုံပါပဲ"

"ကောင်းပြီလေ. . . ခဏလောက်တော့ လိုက်တွေ့ပေးမယ်၊ ကိုယ့်ကားနဲ့ကိုယ် သွားမယ်၊ မင်းကား ရှေ့ကမောင်း"

"ခဏလေး. . . ဆု"

ကောင်လေးက သူ့ကားတံခါးကို ဆွဲဖွင့်၍ ကားနောက် ခန်းထဲမှ နှင်းဆီဖြူကြီးတစ်စီးကို ပေးလိုက်သည်။

"အရှုး. ."





ဆုက ခပ်တိုးတိုး ရေရွတ်လိုက်တော့ ကောင်လေးက ကြားဖြစ်အောင် ကြားသွားပြီး ရယ်မောလိုက်သည်။ မိုးမာန်တို့ခြံ ထဲ ရောက်တော့ ဒေါ်ထားထားက ခြံထဲတွင် နေပူစာလှုံနေ သည်။

မိုးမာန်က သူ့မိခင်ရှေ့သို့ ရှေ့မှ လျှောက်သွားသည်။ ဆုကတော့ တစ်ခါအပြောခံထားရသည်မို့ မဝံ့မရဲ လိုက်လာ သည်။

"မေမေ တွေ့ချင်တယ်ဆိုလို့ ကျွန်တော် ဆုကို ခေါ်လာ ပြီ"

"အန်တီ နေကောင်းပါရဲ့လား"

ဟု မဝံ့မရဲဖြင့် နှုတ်ဆက်လိုက်သည်။ ဒေါ်ထားထားက ခန့်မှန်းရခက်သောအပြုံးနှင့် ကြည့်ပြီး. . .

"အင်း. . . ဒီလိုပါပဲ၊ ဆုသီရိစံကို ခေါ်တာ ကိစ္စလေး ရှိလို့ကွယ့်. . . ထိုင်ပါဦး"

ဒေါ်ထားထားက သူ့ရှေ့ရှိ ကြိမ်ခုံလေးကို ညွှန်ပြတာ ကြောင့် ဆု ဝင်ထိုင်လိုက်သည်။ မိုးမာန်ကတော့ အိမ်ထဲ ဝင်ပြီး စားစရာ သောက်စရာ သွားယူနေဟန်တူသည်။

"ဆုသီရိစံ သိပြီးပြီလား၊ ဟိုတစ်နေ့က ဆုသီရိစံရဲ့အမေ တို့ကို လာတွေ့သွားတယ်"

"ရှင်. ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ထားထားစကားကြောင့် ဆုမှာ ရင်ထိတ်သွားသည်။ မေမေ ဒီကိုလာလိမ့်မည်ဟု ဆု မထင်ထားပါ၊ ဘာတွေများ မျက်နှာပျက်စရာ လုပ်သွားပြန်ပြီလဲ မသိပါ။

"သိပ်လည်း မစိုးရိမ်ပါနဲ့၊ မင်းအမေက အကျိုးအကြောင်း လာရှင်းပြသွားပြီး မင်းနဲ့မိုးမာန်နဲ့ကို သဘောတူပေးဖို့ လာပြောသွားတာပါ"

"ရှင်. ."

ဆုသည် မေမေ့ရဲ့လုပ်ရပ်ကို အကြီးအကျယ် ရှက်ရွံ့သွားမိသည်။ သမီးရှင်တစ်ယောက်က ဒါမျိုးလုပ်သင့်သလား။

"သူ မကောင်းတာဟာ ဆုသိရိစံနဲ့ မဆိုင်ကြောင်းနဲ့ ဆုသိရိစံဟာ ကြီးတော်လက်ထဲမှာ စည်းကမ်းတကျနဲ့ ကြီးပြင်းလာကြောင်းလည်း ပြောတယ်၊ အကယ်၍ မိုးမာန်နဲ့ လက်ထပ်ဖြစ်လို့ သူ့ကို မလာစေချင်ရင်လည်း မလာပါဘူးတဲ့"

"ရှင်. . . မေမေက ဒီလိုပဲ ပြောလား"

ဆု ဒီတစ်ခါတော့ မေမေ့ကိုယ်စား ကြေကွဲသွားမိသည်။ မေမေသည် သူ့ချို့ယွင်းချက် သူသိ၍ သမီးဖြစ်သူ၏ မင်္ဂလာပွဲကို မလာဘူးဆိုသည့် ဆုံးဖြတ်ချက်ကို ချရဲသည်။

"အန်တီ အထင်မှားနေပါပြီ"

ဆုသည် ဒေါ်ထားထား ဆက်မပြောနိုင်ခင်မှာပင် စကားဖြတ်ပြောလိုက်သည်။





"ဆုနဲ့မိုးမာန်က ပြတ်သွားတာကြာပါပြီ၊ အခု မိတ်ဆွေတွေလိုပါပဲ၊ အဲဒါကို ဆုမေမေ အထင်မှားပြီး လာပြောတာဖြစ်မှာ၊ အဲဒီအတွက် အန်တီ့ကို အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါ"

"မင်းတို့ဟာတွေကလည်း အမျိုးမျိုးပဲ၊ အေးလေ. . . ဘာပဲဖြစ်ဖြစ် အခု အန်တီ့သဘောကို ပြောပြတာပါ။ အန်တီ စိတ်လျှော့လိုက်ပါပြီ၊ သားယူမယ့် မိန်းကလေးကို သားသဘောကျရင် တော်ပါပြီ၊ သားစိတ်ဆင်းရဲတာကို မမြင်ချင်ဘူးလေ"

"ဟင်း. ."

ဆုမှာ ဘာမှမပြောတော့ဘဲ သက်ပြင်းခိုးရှိုက်လိုက်သည်။

"ဘာပဲဖြစ်ဖြစ် မင်းနဲ့ဆို အန်တီ စိတ်အေးပါတယ်၊ မင်းနဲ့ကျမှ ခြေတော်တော်ငြိမ်သွားတာ၊ မင်း အထိန်းအသိမ်းကောင်းလို့ပေါ့၊ ဘာပဲဖြစ်ဖြစ်လေ. . . မင်းတို့ ယူကြမယ်ဆိုရင် အန်တီ သဘောတူပါတယ်"

ဆုမှာ ဒေါ်ထားထားကို အားနာ၍ မငြင်းဆန်ဘဲ နေလိုက်သည်။ ငြင်းလေရှုပ်လေ ဖြစ်ဦးမည်လေ။ ဒေါ်ထားထားက အိမ်ပေါ် တက်သွားပြီမို့ ဆုနှင့်မိုးမာန်သာ ကျန်ခဲ့သည်။ ထိုအခါ ဆုပြောချင်တာတွေကို ဖိပြောလိုက်သည်။

"မင်းနဲ့တို့ ပြတ်ပြီးသားလေ၊ မင်း အန်တီ့ကို ဘာတွေ



www.burmeseclassic.com

www.burmeseclassic.com



ပြောထားလဲ"

"ဘာမှမပြောထားဘူး. . . ဒါကြောင့် မေမေက ကျွန်တော်တို့ကို အရင်ကလိုပဲ ထင်ပြီးပြောတာပါ"

"မင်းနဲ့တို့နဲ့ ဘာမှမပတ်သက်ဘူးဆိုတာ မင်းအန်တီကို ကြိုပြောထားသင့်တယ်"

"မပြောပါဘူး. . . ကျွန်တော့်ဘက်ကတော့ ကျွန်တော့်ချစ်သူဟာ ဆုလို့ပဲ ပြောထားတယ်၊ စိတ်ထဲကလည်း လက်ထပ်မယ့်သူဟာ ဆုပဲ၊ ဆုလက်ခံလာတဲ့တစ်နေ့ကျရင် လက်ထပ်မယ်"

"သေလိုက်. . . လဲသေလိုက်၊ မင်းကို တို့ယူမယ်လို့ တစ်ခါမှ မပြောဖူးဘူး"

ဆုက စိတ်တိုတိုနှင့် ပြောလိုက်သည်။

"အခုမပြောလည်း နောက်တော့ ပြောမှာပေါ့. . . ဟဲ. . ဟဲ"

ဆု စကားနိုင်မလုတော့ဘဲ ကားပေါ် တက်လိုက်သည်။

"ဒီမှာ. . . ဒီမှာ"

"အစ်မ ပစ္စည်းကျန်ခဲ့တယ်"

"ဟင်. . . ဘာလဲ"

ကောင်လေးက ပြုံးစိစိနှင့် ပန်းစည်းထောင်ပြသည်။

"မယူဘူး"





"မယူရင် လွှင့်ပစ်လိုက်မှာ"

"ကဲ. . . ပေးပေး"

ကောင်လေးက ဆုကားနားသို့ လာပေးသည်။ ဆုက ပန်းစည်းကို အတင်းဆွဲယူလိုက်သည်။

"ဖြည်းဖြည်းလုပ်ပါ. . . ပန်းလေးတွေ သနားပါတယ်"

ဆု မျက်စောင်းထိုး၍ ကားကို မောင်းထွက်ခဲ့သည်။


ခက်တော့ ခက်နေပါပြီ ကောင်လေးရယ်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၆)

ဆုသည် ဖုန်းနံပါတ်များကို မဝံ့မရဲ နှိပ်လိုက်သည်။

"မီးမီးနဲ့ ပြောချင်လို့ပါ"

"မီးမီးပဲ ပြောပါ"

"မီးမီး. . . မမဆုပါ၊ ဖုန်းမချလိုက်နဲ့နော်"

"ဩော်. . . ဘာကိစ္စရှိလို့လဲ"

"မီးမီးနဲ့မမဆု တစ်ရက်ဆုံပြီး စကားပြောချင်တယ်"





ဆုက တောင်းပန်သလို ပြောလိုက်သည်။

"ဘာမှပြောစရာ မရှိဘူး"

"ခဏလေးပါပဲ"

"ကောင်းပြီလေ. . . အခုပဲ လာခဲ့မယ်၊ ဘယ်လိုလာရမလဲ"

ဆုက ကော်ဖီဆိုင် ချိန်းလျှင် ကောင်းမလား စဉ်းစားပြီးမှ မီးမီးပေါက်ကွဲချင်ရင် ပေါက်ကွဲလို့ရအောင် ခြံထဲသို့ပင် ချိန်းလိုက်သည်။

"မီးမီး. ."

မီးမီး ကားပေါ်မှ ဆင်းလာတာနှင့် ဆု ဝမ်းသာအားရ ထရပ်လိုက်သည်။

မီးမီးရဲ့မျက်နှာက အံ့သြစရာကောင်းလောက်အောင် တည်ငြိမ်နေသည်။

"ဒီတစ်ခါ နောက်ဆုံးအကြိမ် လာတွေ့တာပဲ၊ မီးမီး နိုင်ငံခြားမှာ ကျောင်းသွားတက်ဖို့ အားလုံးစီစဉ်ပြီးနေပြီ"

"တို့ကြောင့်လား မီးမီးရယ်"

မီးက ခေါင်းကို ခပ်ဖွဖွ ခါယမ်းလိုက်ပြီး. . .

"မဆိုင်ပါဘူး. . ကိုယ့်ဆုံးဖြတ်ချက်နဲ့ကိုယ်ပါ၊ မေးစရာရှိလို့ အခုလာခဲ့တာ"

"မေးပါ မီးမီး"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်နဲ့ကိုမိုးမာန်က မီးမီးထက်အရင် ချစ်သူတွေ ဖြစ်ခဲ့တယ်ဆိုတာ အမှန်ပဲလား၊ ဒါမှမဟုတ် မီးမီးရဲ့ချစ်သူကို တမင်လိုက်လုခဲ့တာလား၊ လိုက်လုတယ်ဆိုရင် ဘာအကြောင်းရှိလို့လဲ"

ဆုသည် ခေါင်းခပ်ဖွဖွ ခါယမ်း၍. . .

"အခုအချိန်မှာတော့ မမဆု ဘာမှမပြောချင်တော့ဘူး မီးမီး၊ နောက်ကြောင်းကို ပြန်မလှန်ချင်တော့ဘူး၊ ဒါပေမယ့် တစ်ခုပဲ ပြောချင်တယ်၊ မမဆုနဲ့မိုးမာန်တို့ တကယ်ပြတ်သွားတာ ကြာပါပြီ"

"အဟွန်း. . . ဟုတ်ပါပြီ၊ ရှင့်ဘက်က ပြတ်နိုင်ပေမယ့် ကိုမိုးမာန်ဘက်ကမှ မပြတ်နိုင်တာ၊ ပြီးတော့ မီးမီးဆီလည်း ပြန်လာမှ မဟုတ်တော့တာ"

"စိတ်ချပါ မီးမီးရယ်၊ မီးမီးပြန်လာစေချင်တယ်ဆို ပြန်လာအောင် တို့ လုပ်ပေးနိုင်ပါတယ်"

"ဟင်း. . ဟင်း. . အချစ်ဆိုတာ ရှင်စီစဉ်ချင်သလို စီစဉ်လို့မှ မရတာ၊ နှလုံးသားရဲ့အလိုဆန္ဒပဲလေ"

မီးမီးရဲ့စကားကို ဆုဘာပြန်ပြောရမှန်းမသိ၊ အသက်ပဲ ခပ်ပြင်းပြင်း ရှူမိသည်။ မီးမီးလက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ရင်း. . .

"မီးမီး မမဆုကို အရမ်းစိတ်ဆိုးနေလားဟင်"

မီးမီးက ဆုကို စိုက်ကြည့်၍. .

"အရင်တုန်းကတော့ ရှင့်ကို ကျွန်မစိတ်ဆိုးမိတယ်၊ အခု





တော့ ကိုယ့်ကိုယ်ကိုပဲ စိတ်ဆိုးမိတယ်၊ ယောကျ်ားတစ်ယောက်ကို ဒီလောက်တောင် အရူးအမူးဖြစ်မိလို့လေ၊ မီးမီးလောက် မိုက်တာ မီးမီးပဲ ရှိတယ်"

"မီးမီးရယ်"

ဆုသည် မီးမီးစကားကြောင့် ရင်မှာ နာကျင်စွာ ခံစားလိုက်ရသည်။

"ကဲ. . . မီးမီးသွားမယ်၊ မီးမီးပြောချင်တာက ကိုမိုးမာန်နဲ့ ပတ်သက်ပြီး ပြိုင်ပွဲတစ်ခုဖြစ်ခဲ့ရင် အဲဒီပြိုင်ပွဲမှာ မမဆု နိုင်ပါတယ်"

"မဟုတ်သေးဘူး မီးမီး"

"မီးမီးကို သွားခွင့်ပြုပါဦး၊ မီးမီးဟာ ယောကျ်ားတစ်ယောက်အတွက် ခဏရူးမိုက်ခဲ့ပေမယ့် အမြဲရူးမိုက်မယ့်လူစားမျိုး မဟုတ်ပါဘူး၊ ရှင် ကိုမိုးမာန်ကို လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ သူ့ကို မလိုချင်တော့ပါဘူး၊ သူများမလိုချင်တဲ့ ပစ္စည်းတစ်ခုကို မီးမီးမလိုချင်ဘူး၊ ဘာပဲပြောပြော ကိုမိုးမာန်ဟာ ရှင့်ရဲ့စွန့်ပစ်ပစ္စည်းတစ်ခုပဲလေ"

"အို. ."

တကယ်တော့ မီးမီးရယ်. . . မောင်ဟာ စွန့်ပစ်ပစ္စည်း မဟုတ်ခဲ့ဘူး၊ မမအမြတ်နိုးဆုံး မမတန်ဖိုးအထားဆုံး လူတစ်ယောက်ပါ၊ မီးမီးကို ပေးတယ်ဆိုတာ မီးမီးကို ချစ်လွန်းလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မီးမီးကတော့ ဆုကို ကျောခိုင်းထွက်ခွာသွားခဲ့ပြီဖြစ်သည်။ ဆုမှာ စားပွဲလေးမှာ ခပ်ငိုင်ငိုင် ထိုင်ပြီး ကျန်ရစ်ခဲ့တော့သည်။

တကယ်တော့ အရာအားလုံးကို ဆုစိတ်ကြိုက် လိုက်စီစဉ်လို့မှ မရတော့တာပဲလေ။

ဆု သက်ပြင်းတစ်ချက်ရှိုက်လိုက်မိတော့သည်။





ဒီနေ့နံနက်အစောကြီး ဖုန်းမြည်လာသဖြင့် ဆု ကိုင်လိုက်တော့ လဲ့လဲ့ဖြစ်သည်။

"မနိုးသေးဘူးလား ဆုရဲ့. . . ထတော့လေ၊ ပြီးရင် လဲ့တို့ ထိုင်နေကျ ကော်ဖီဆိုင်ကို လာခဲ့"

"ဘာကိစ္စလဲ"

"ရောက်တော့ သိမှာပေါ့"

လဲ့လဲ့ ပဟေဠိ ဖွက်ပြီး ဖုန်းချသွားလေတော့သည်။ ဆု ခေါင်းငြိုးစီစီကြီး ဖြစ်နေ၍ ရေချိုးပြီး ထွက်ခဲ့သည်။

ကော်ဖီဆိုင်ထဲ ရောက်တော့ လဲ့လဲ့နှင့် ကိုရဲကျော်တို့အတွဲကို တွေ့လိုက်ရသည်။

"လာ. . . ဆု"

"ရှင်တို့အတွဲ ကြားမှာဟယ်၊ ငါက သာသနာဖျက်သူတို့ ဖြစ်နေမှာပေါ့၊ နင်တို့ဘာသာ စားကြတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဆုက ဝင်ထိုင်ရင်း ပြောလိုက်တော့ လဲ့လဲ့က ခေါင်းခါပြ ရင်း . . .

"မဖြစ်ပါဘူးဟယ်"

"အေးလေ . . . ဆုကတော့ လုပ်ပြီ၊ တကယ်တော့ ဆု က ကျွန်တော်တို့ရဲ့ကျေးဇူးရှင်ပါ၊ ဆုကြောင့် ကျွန်တော် လဲ့ဆီ က အဖြေမြန်မြန်ရတာလေ"

"ကိုရဲကျော်ကတော့ လုပ်ပြီ"

"ကဲ . . ဆုကြိုက်တာမှာစား"

ကိုရဲကျော်က ထုံးစံအတိုင်း သူ ဒကာခံမည့်ပုံနှင့် ပြော တာကြောင့် ဆု မှာစားလိုက်သည်။ စားသောက်ပြီးစီးတော့ လဲ့လဲ့ ကမ်းစကားစသည်။

"ဆုရေ . . . နင်တော့ ရှေ့လထဲမှာ ပိုက်ဆံကုန်ဦးမယ်"

"ဟဲ့ . . . ဘာဖြစ်လို့လဲ"

လဲ့လဲ့နှင့် ကိုရဲကျော်က တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်ပြီးပြုံးနေကြသည်။

"ပြောလေဟယ် . . . ဘာဖြစ်လို့လဲ"

"ကိုရဲ ပြောလိုက်လေ"

"ဒီမှာ ဖိတ်စာ"

"ဟယ်"

လဲ့လဲ့က သူ့အိတ်ထဲမှ ကြွေရောင်တောက်နေသော





ဖိတ်စာလေးကို ဆုကို လှမ်းပေးလိုက်သည်။ ဆုမှာ ဖိတ်စာလေး ကို ကိုင်၍ အံ့ဩသွားလေတော့သည်။

"နင်တို့ဟယ် . . . ဆိုင်းမဆင့်ဗုံမဆင့်ဘဲနဲ့ ဘယ်လိုဖြစ် ကြတာလဲ"

"ဟုတ်တယ် . . . ကိုရဲကလည်း သင်္ဘောမထွက်ခင် လက်ထပ်သွားချင်တယ်ဆိုတာကြောင့် ဝါမဝင်ခင်လေးမှာ အမြန်စီစဉ်လိုက်တာလေ"

"ဪ . . . ဒီလိုလား၊ ဝမ်းသာပါတယ် . . . ဝမ်းသာပါ တယ်၊ ငါ့သူငယ်ချင်းကို ရှယ်လက်ဖွဲ့ရမှာပေါ့လေ"

ဆုက ရယ်မောပြီး ပြောလိုက်မိတော့သည်။

"အခုတလော ငါအလုပ်များမှာမို့ ဆိုင်ကို နင့်လက်ထဲ ထည့်ထားမယ်နော်"

"ရပါတယ်ဟယ် . . . ပြောစရာ မလိုပါဘူး၊ ငါနားလည် ပါတယ်၊ ဒါပဲမှတ်လား . . . သွားကြမယ်လေ၊ ဆိုင်ဖွင့်ဖို့ နီးနေပြီ"

ဆုက ပြောပြီး ထရပ်တော့ လဲ့လဲ့ လှမ်းတားသည်။

"နေဦး"

"ဟာ . . . ဘာလဲ . . . ဆိုင်မလိုက်နိုင်လို့လား"

"မဟုတ်ပါဘူးဟယ်"

ကိုရဲကျော်နှင့်လဲ့လဲ့က တစ်ယောက်မျက်နှာ တစ် ယောက်ကြည့်လိုက်သည်။ သူတို့တွေ ဘာအကြံတွေ ထုတ်နေကြ



www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်။

"ဒီလိုဟာ. . . ငါက စွံသွားပြီး နင့်တစ်ယောက်တည်း ကျန်နေတော့ အားနာတယ်၊ ဒါကြောင့် နင့်ကိုပါ အစွံထုတ်ဖို့ ငါတို့ စီစဉ်ထားတယ်၊ ဟဲ. . ဟဲ. . ကိုရဲက နင့်ကို လူတစ်ယောက်နဲ့ မိတ်ဆက်ပေးမလို့တဲ့လေ"

"ဟင်း. . . နင်တို့ကတော့ လုပ်ပြီ"

ဆုက အံ့သြသလို ပြောလိုက်သည်။

"ဘာပဲဖြစ်ဖြစ် ခဏလေး တွေ့သွားလိုက်ပါဟယ်"

ဆုသည် စိတ်ထဲမှ လဲ့လဲ့ကို ပြေးထုချင်ပေမယ့် ကိုရဲကျော်ကိုတော့ အားနာတာကြောင့်. . .

"ကောင်းပြီလေ. . . ဒီတစ်ခါတော့ တွေ့လိုက်မယ်၊ နောက်တစ်ခါဆိုရင်တော့ မရဘူးနော်"

"ဒီတစ်ခါထဲပဲ. . . ဟဲ. . . ဟဲ"

ကိုရဲကျော်က စပ်ဖြီးဖြီးနှင့် တစ်နေရာကို ဖုန်းဆက်ခေါ်နေသည်။

"ကဲ. . . ပြောပါဦး၊ ငါ့ကို ဘယ်သူနဲ့ မိတ်ဆက်ပေးမှာလဲ"

"နောက်တော့ သိမှာပေါ့ဟယ်"

လဲ့လဲ့က မပြောပုံ ရတာကြောင့် ထပ်မမေးဘဲ ငြိမ်နေလိုက်သည်။ ခဏကြာတော့ ဆိုင်ထဲသို့ တစ်စုံတစ်ယောက် ဝင်





လာသည်။ ဆု မော့မကြည့်မိဘဲ ငြိမ်နေပြီး ကော်ဖီခွက်ကိုပဲ ငေးကြည့်နေမိသည်။

"ဟယ်လို. . . နေကောင်းတယ်နော်"

"ဟင်. . . မိုးမာန်"

ဆုသည် ဆုရှေ့သို့ စပ်ဖြီးဖြီးနှင့် လာရပ်နေသော မိုးမာန်ကို ကြည့်၍ အံ့သြသွားသည်။ လဲ့လဲ့ကို လှမ်းကြည့်တော့

"ငါတို့ မိတ်ဆက်ပေးမယ် ပြောတဲ့လူလေ"

"လဲ့လဲ့. . . နင်မကောင်းဘူးဟာ"

ဆုသည် ပြန်ရန် ထိုင်ရာမှ ထလိုက်တော့ မိုးမာန်က ဆုလက်ကို လှမ်းဆွဲ၍. . .

"ထိုင်ပါဦး ဆုရယ်"

"ငါ မင်းနဲ့ မတွေ့ချင်ဘူး၊ မင်းကြောင့် ငါတို့ညီအစ်မ သွေးကွဲတာ၊ ငါ့ကို မီးမီးမုန်းသွားပြီ"

မိုးမာန်က ဘာမှပြန်မပြော။ ကိုရဲကျော်က ဝင်ပြီး. . .

"ဆုရယ်. . . သူ့ကို ဆုမသိဖူးတဲ့ လူသစ်တစ်ယောက် အနေနဲ့ တွေ့ကြည့်ပါလား၊ သူက စိတ်သစ်လူသစ်နဲ့ အားလုံးကို ပြောင်းလဲနေပါပြီ"

"ဟုတ်ပါတယ် ဆုရယ်"

အားလုံးက ဝိုင်းပြောနေတာကြောင့် ဆု ပါးစပ်ပိတ်ပြီး ငြိမ်ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ဆုရယ်. . . ကိုရဲကျော် ရှင်းပြလို့လည်း ဆုနဲ့ကိုရဲကျော် ဘာမှ မပတ်သက်ဘူး၊ သက်ဆိုင်သူက မလွဲလွဲဆိုတာ သိလိုက်ပါပြီ၊ ကျွန်တော်အထင်လွဲခဲ့တဲ့အတွက် ကိုရဲကျော်ကိုလည်း တောင်းပန်ပြီးပါပြီ"

"ဟုတ်ပါတယ် ဆုရယ်. . . လက်ခံလိုက်ပါ၊ မိုးမာန်က နင့်ကို တကယ်ချစ်တာပါ"

လွဲလွဲကပါ ဝင်ပြောသည်။ နောက်တော့ ကိုရဲကျော်နှင့် လွဲလွဲက ဆုတို့ကို နှုတ်ဆက်သည်။

"ဆုတို့ ဒီမှာ ဆက်ထိုင်ချင်ထိုင်နေကြဦး၊ တို့နှစ်ယောက် သွားစရာရှိလို့"

"ဟုတ်တယ်. . . သွားပြီ ဆု၊ သွားပြီနော် ညီလေး"

ကိုရဲကျော်က မိုးမာန်ကိုပါ နှုတ်ဆက်လိုက်တော့ မိုးမာန်က. . .

"ကျေးဇူးပါပဲ အစ်ကိုရာ၊ ကျွန်တော့်ကို နားလည် ခွင့်လွှတ်ပြီး ကူညီပေးလို့ပါ"

"ကိုယ် နားလည်ပါတယ် သွားပြီ"

လွဲလွဲတို့အတွဲ ထွက်သွားတော့ မိုးမာန်က ဆုနံဘေးသို့ ပြောင်းထိုင်ရင်း. . .

"ဆု. . ဆု. ."

"ဘာလို့ ခေါ်နေတာလဲ. . . နားငြီးတယ်၊ သွားတော့





ယ်. . . ဆိုင်က ဖွင့်ရဦးမှာ"

"ဆုကလည်းဗျာ. . . ကျွန်တော့်ကို အခုထိ ခွင့်မလွှတ်သေးဘူးလား"

ဆု ဘာမှပြန်မပြောမိ။ စိတ်ကတော့ ယိုင်နဲ့နေပါပြီ။

"ဆုနော်. . . ကျွန်တော့်ကို ပြန်ချစ်ပါ"

"မင်းကို မယုံသေးဘူး၊ မင်း ဘယ်ကောင်မလေးတွေနဲ့ ထပ်ရှုပ်ဦးမလဲ မသိဘူးလေ"

"ဟာဗျာ. . . မယုံရင်တော့ အခု တရားရုံးမှာ သွားလက်ထပ်မယ်"

"တော်စမ်းပါ"

မိုးမာန်မှာ ဆုကို စိုက်ကြည့်၍. . .


"ယုံပါလို့လည်း မပြောချင်ဘူး ဆုရယ်၊ ကျွန်တော့်ရဲ့ အပြုအမူတွေကိုပဲ စောင့်ကြည့်ဆုံးဖြတ်ပါ"

"ကောင်းပြီလေ. . . တို့ စဉ်းစားမယ်"

ဆုသည် ပြော၍ ပိုက်ဆံအိတ်ကို ကောက်ယူကာ အနိုင်နှင့်ပိုင်း ထွက်ခဲ့သည်။ ဆုကို စိတ်ဆင်းရဲအောင် လုပ်ခဲ့တဲ့ ကောင်လေးကို ဒီလောက်တော့ ပညာပေးထားဦးမှပါ။


www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၇)

နောက်ထပ်တစ်လခွဲခန့်အကြာ ကိုရဲကျော်နှင့်လွဲလွဲရဲ့ မင်္ဂလာပွဲကို ယုဇနဂါးဒင်းဟိုတယ်တွင် ကျင်းပသည်။ ထိုပွဲမှာ လွဲလွဲက ဆုကို အတင်း သတို့သမီးအရန် လုပ်ခိုင်းလုပ်ရသည်။

ဆုသည် သတို့သမီးအရန် အဝတ်အစားများနှင့် စိတ်ကျဉ်းကြပ်စွာ ထိုင်နေစဉ်မှာပင်. . .

"ကဲ. . ကဲ. . ပွဲထွက်တော့မယ်၊ လာ. . တန်းစီကြ"





ခေါ်သံကြောင့် ထွက်ခဲ့ရပေမယ့် သတို့သားအရန်က ဘယ်သူမှန်း မသိသေး၊ ဆု သတို့သမီးနောက်မှ ဝင်လိုက်သည်။ ထိုစဉ်မှာပင် ဆုအမြဲရနေကျ ရေမွှေးနံ့ကို ရလိုက်၍ ဆုဘေးတွင် လာရပ်သော သတို့သားအရန်ကို မော့ကြည့်လိုက်သည်။

"ဟင်. ."

မိုးမာန်ပါ။

ဆုကို စပ်ဖြီးဖြီးမျက်နှာဖြင့် ကြည့်နေလေသည်။ ဒါလည်း လွဲလွဲတို့အကြံပဲ နေမှာ၊ အကြံကြီးပါ၊ သူကလည်း တိုက်ပုံနှင့် ပိုးပုဆိုးနှင့် ဖြစ်နေသည်။

"သတို့သမီးအရန်လေးက ပြုံးမှပေါ့၊ မျက်နှာကြီး ပုပ်ထားတော့ ဘယ်လှမလဲ"

"တော်စမ်း"

ဆု အော်လိုက်ပြီးမှ သူများတွေ မင်္ဂလာ ယူနေတဲ့ အချိန်မို့ ပါးစပ်ပိတ်ထားလိုက်သည်။

လွဲလွဲနှင့် ကိုရဲကျော်ကတော့ ပြုံးစိစိ မျက်နှာတွေနှင့် ဆုတို့ကို လှမ်းကြည့်သည်။

ဆုသည် စိတ်ထဲမှ လွဲလွဲမိန်းမ. . ကိုရဲကျော်နဲ့ ပေါင်းပြီး တော်တော်အကြံကြီးနေတယ်။ မင်္ဂလာပွဲပြီးမှ တွေ့မယ်ဟု စိတ်ထဲတွင် ကြိမ်းလိုက်သည်။

"ဒီဝတ်စုံလေးနဲ့ လိုက်တယ်၊ တစ်ခါတည်း ခိုးပြေးချင်


www.burmeseclassic.com

www.burmeseclassic.com

တယ်"

ဆုသည် အသံမထွက်ဘဲ အံကြိတ်ပြီ မဲ့ပြုံးနှင့် တစ်ယောက်ထဲ ရှုပ်နေသည်။

"ဆုရယ်. . . အဖြေပေးပါတော့ဗျာ"

"သူများမင်္ဂလာဆောင်မှာ ဘယ်လိုဖြစ်နေတာလဲ"

"ချစ်လို့လေ"

"တော်စမ်း. . . ရုပ်ကိုက အပိုးမကျိုးဘူး. . . ဟွန်း"

ဆုသည် မိုးမာန်နှင့် ခပ်ကြိတ်ကြိတ် ရန်ပွဲဆင်နွှဲနေရသည်။

မင်္ဂလာဆောင်ပြီးတာနှင့် ဆုသည် ပြန်ရန် အကွက်ချောင်းနေမိသည်။ ဒီနေ့ ဒီဝတ်စုံတွေနှင့်ဆိုတော့ ဆု ကားမယူလာ၊ လဲ့လဲ့တို့အိမ်က တစ်ယောက်ယောက်ကို ပို့ခိုင်းမည်ဟု တွေးလာခဲ့သည်။ ယခုတော့ လဲ့လဲ့တို့ ဧည့်သည်တွေကို နှုတ်ဆက်ပြီးသည်အထိ မစောင့်နိုင်တော့။ ဆုပြန်ချင်နေပြီဖြစ်သည်။

ထိုစဉ်မှာပင် လဲ့လဲ့ညီမတစ်ယောက် ရောက်လာ၍. . .

"မမဆု ပြန်တော့မလို့လား"

"အေး. . . ခေါင်းနည်းနည်းနောက်လာလို့"

"ဟိုမှာ ကားစီစဉ်ပေးထားတယ်၊ အဲဒီကားနဲ့ ပြန်လိုက်နော်"

ဆုကို ပရာဒိုတစ်စီးကို လှမ်းပြတာကြောင့် ဆုလည်း





အဲဒီကားနှင့်ပင် ပြန်ရန် ဆုံးဖြတ်၍ ထိုကားဆီသို့ လျှောက်လာသည်။

ကားနောက်ခန်းတံခါးကို ဖွင့်ကြည့်တော့ ဖွင့်မရချေ၊ ရှေ့ခန်းတံခါး ပွင့်လာတာကြောင့် ရှေ့ခန်းမှာပင် ဝင်ထိုင်မိသည်။ ကားစမောင်းထွက်လာလာချင်းပင်. . .

"အဟဲ. . . ဆုက ကျွန်တော်ခေါ်တာ လိုက်လာသားပဲ"

"ဟင်. . မင်း. ."

ဦးထုပ်ကြီးကို ခပ်ငိုက်ငိုက် ဆောင်းထားသော မိုးမာန်ကို တွေ့လိုက်ရသည်။

"မင်း အမျိုးမျိုးပဲ. . . တတ်လည်း တတ်နိုင်တယ်"

"တတ်နိုင်ရတာပေါ့ ဆုရယ်၊ ဆုဆီက အချစ်ဆုကို ပြန်ရဖို့ ကြိုးစားနေရတာလေ၊ ကဲ. . . ပြော၊ ကျွန်တော့်ကို ချစ်လား မချစ်ဘူးလား၊ ချစ်တယ်ဆိုရင် နောက်တစ်လအတွင်း လက်ထပ်မယ်၊ မချစ်ဘူးဆိုရင် ချက်ချင်းခိုးပြေးမယ်"

မိုးမာန် လူလည်ကျစွာ ပြောလိုက်တော့ ဆု မျက်စောင်းထိုးမိတော့ ဆုမျက်စောင်းထဲမှာ ဒေါသတွေ မာနတွေ မပါကြောင်း ဆုဘာသာ သိနေပါသည်။

"ပြောလေ ဆု"

"မပြောခင် ဆုကို ကတိတစ်ခုတော့ ပေးရမယ် အဲဒါက

www.burmeseclassic.com

www.burmeseclassic.com



နောက် ဘယ်တော့မှ မရှုပ်မပွေတော့ပါဘူးဆိုတာလေ”

“ပေးပါတယ်ဗျာ. . . ထာဝရအတွက်ကို ပေးပါတယ်”

ဆုက ခေါင်းဆတ်၍. . .

“ဒါဆိုရင်တော့ နောက်တစ်လအတွင်း စီစဉ်ပေတော့”

“ဟေး. ယ. ပျော်လိုက်တာ၊ ချစ်သူပေးတဲ့ဆုထဲမှာ ဒီဆုက အကောင်းဆုံးပါပဲလား၊ ကျေးဇူးတင်ပါတယ် ဆုရယ်”

မိုးမာန်က ကားမောင်းရင်း ဆုရဲ့လက်တစ်ဘက်ကို ဆုပ်ကိုင်လိုက်သည်။ ဆုလည်း ချစ်သူအလိုချင်ဆုံးဆုတစ်ခုကို ပေးလိုက်ရ၍ ဘယ်တော့မှ နောင်တရတော့မည် မဟုတ်တာတော့ သေချာပါသည်။

# ပါးလ်ခင်ခင်



BURMESE CLASSIC .com
www.burmeseclassic.com